အခန်း(၃၃၁) - မဟူရာ နတ်ဆိုးသခင်

လူငယ် သိုင်းပညာ ညီလာခံ ပြိုင်ပွဲ ထိပ်တန်း အယောက် တစ်သောင်းထဲ ဝင်ရောက်ရန် ချင်ယန်တို့အတွက် လွယ်ကူခဲ့သည်။

နေဝင်ခါနီး အချိန်တွင် ချင်ယန်နှင့် အခြားလူများက စင်ပေါ်မှ ပြန်ဆင်း လာခဲ့ကြသည်။

နေရာခွဲတမ်းကို အတည်ပြုပြီးပြီ.....

မနက်ဖြန် စတင်မည့် ပြိုင်ပွဲအတွက် ကျွန်းထဲ ဝင်ရောက်ရမည်။

“ချင်ယန်.... ပြေးဖို့ မစဉ်းစားနဲ့ မင်း မလွတ်ဘူး....”

ကျင်ဟောင်ရှု၏ အေးစက်နေသော အသံက ချင်ယန် စိတ်ထဲတွင် ပေါ်လာပြီး.....

“တကယ်လို့ မင်းသာ သိတတ်နားလည် မယ်ဆိုရင် ဒူးထောက် တောင်းပန်လိုက်..... သူတို့ကို သနားညာတာပေးဖို့ ဒီ ဂိုဏ်းသခင်လေး ပြောလိုက်မယ်။ မင်း ခန္ဓာကိုယ် တစ်ခုလုံးကို

အပြည့်အစုံ ချန်ထားပေးမယ်။ မင်း မျိုးနွယ် တစ်ခုလုံးကိုလည်း အပြစ် မပေးတော့ဘူး။ ဒီလိုမှ မဟုတ်ရင် ဖြစ်လာမယ့် အကျိုးဆက်ကြောင့် တမလွန် ဘဝမှာ ရင်ကွဲ ပက်လက် ဖြစ်ရလိမ့်မယ်....”

ချင်ယန်က ကျင်ဟောင်ရှုကို အေးစက်သော အကြည့်နှင့် တစ်ချက် ကြည့်လိုက်သည်။ ထို့နောက် လောင်လန်နာတို့နှင့် အတူ အမြန် ထွက်ခွာသွားသည်။

“ပစ်မှတ်က စုစုပေါင်း (၅၆၃) ယောက်... အရေးကြီးတဲ့ ပစ်မှတ်က (၉၄) ယောက်၊ အထူးပစ်မှတ်က (၁၇) ယောက်....”

အိမ်ပြန်ရောက်သည်နှင့် ချင်ယန်က စိတ်လှုပ်ရှာစွာ တွက်ချက် ကြည့်လိုက်သည်။ ဒီနေရာကို တန်ခိုးရှင် တော်တော်များများ ရောက်လာကြပြီး သွေးအပြစ် သင့်နေသည့် လူများက ချင်ယန် ခန့်မှန်းထားသည်ထက် အများကြီး ပိုများနေသည်။

အထူးသဖြင့် အထူးအဆင့် သွေးအပြစ်သင့်နေသည့် တန်ခိုးရှင် အရေအတွက် ချင်ယန်ခန့်မှန်းထားသည်ထက် အများကြီး ကျော်လွန်နေသည်။ သူတို့ထဲမှ တစ်ယောက်ကို သတ်လိုက်ပါက ကုသိုလ်စွမ်းအား အများကြီး ရနိုင်သည်။

"လူအိုကြီးရှန်း..... မင်းကို တာဝန်တစ်ခုပေးမယ်...."

ချင်ယန်က ကျန်းစွန်းရှုန်နှင့် ဒေါင်ဖန်ဟွမ်တို့ကို လျှို့ဝှက်အခန်းထဲ ခေါ်သွားပြီး သူ့လက်ထဲတွင် စာရင်းတစ်ခု ပေါ်လာသည်။

စာရင်းထဲတွင် လူအများကြီး မရှိဘဲ (၁၃) ယောက်သာ ရှိသည်။ သူတို့အားလုံးက ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များသာ ဖြစ်သော်လည်း အားလုံးက အထူး ပစ်မှတ်များ ဖြစ်နေကြသည်။ သူတို့ (၁၃) ယောက်လုံးကို သတ်လိုက်ပါက ကုသိုလ်စွမ်းအား အများကြီး ရနိုင်သည်။ ထိုအရာကို

အသုံးပြုလိုက်ပါက ချင်ယန်အတွက် ကျင့်ကြံခြင်း အခြေခံကို စုစည်း နိုင်လိမ့်မည်။

ဒီညမှာပင် ယွမ်ဟိုင်နယ်ပယ် အဆင့် (၆) သို့ ရောက်ရှိနိုင်သည်။

မနက်ဖြန်တွင် ယွမ်ဟိုင်နယ်ပယ် အဆင့် (၇) ရောက်ရန် ပြဿနာ မရှိပေ။

ချင်ယန်က ကုသိုလ် စွမ်းအား အများစုကို သူ့အတွက် အသုံးပြုရန် မရည်ရွယ်ထားဘဲ လျူဝမ် (မိုးမခပင်) အတွက် ရည်ရွယ် ထားသောကြောင့် လျူဝမ်က ပိုမို အားကောင်း လာလိမ့်မည်။

“ရှောင်ချင်... ဒါက.....”

ဒေါင်ဖန်ဟွမ်က စာရင်းကို ကြည့်လိုက်သည်။ စာရင်းထဲမှ အချို့ကို သူသိပြီး အချို့ကို သူမသိပေ။ ချင်ယန်ကလည်း သူတို့နှင့် ဆက်နွယ်နေသော အထောက်အထားများကို ဖော်ပြထားသဖြင့် သူတို့နှင့် ပက်သက်နေသည့် အင်အားစုများနှင့် တိုင်းပြည်များကို ရှာဖွေရန် မခက်ပေ။

ဒီလူထဲမှ အချို့က သြဇာကြီးမားသော အင်အားစုမှ ဆင်းသက် လာကြသည်။

“လူအိုကြီး ရှန်း ..... ဒေါင်ဖန်ဟွမ်... ဒီလူတွေ အားလုံးကို အသက်ရှင်ရက် ဖမ်းလာခဲ့... လူတွေ မသိစေနဲ့... ဒီလို လုပ်ဖို့ ပြဿနာ ရှိမလား....”

ချင်ယန်က ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့ကို ကြည့်လိုက်သည်။

ဒေါင်ဖန်ဟွမ်က တွေဝေခြင်း လုံးဝ မရှိဘဲ

“ရှောင်ချင်.... လုံးဝ ပြဿနာ မရှိဘူး....”

ကျန်းစွန်းရှန်းကမူ အနည်းငယ် စဉ်းစားလိုက်ပြီး.....

“ရှောင်ချင်... သူတို့ကို အသက်ရှင်ရက် ဖမ်းဖို့က ပြဿနာ မရှိပါဘူး။ သူတို့ထဲမှာ ဘယ်သူကမှ ယွမ်ဒန် နယ်ပယ်တောင် မရောက်သေးဘူး။ ဒါပေမဲ့ ငါကြောက်တာက အချိန်တန်လို့ သတင်း ပေါက်ကြားသွားရင် ရှောင်ချင် ပြဿနာ ဖြစ်လာမှာပဲ ကြောက်မိတယ်။ မင်းအတွက် တော်တော်လေး ဒုက္ခ ရောက်လိမ့်မယ်။ သူတို့ရဲ့ ခွန်အားက သာမန်ပဲဆိုပေမဲ့ သူတို့ထဲက တချို့ရဲ့ နောက်ခံ အသိုင်းအဝိုင်းက အားမနည်းဘူး.....”

“အမိန့်အတိုင်းပဲ လုပ်ပါ.....”

“တစ်နာရီအတွင်း ဒီအမိန့်ကို ပြီးအောင် လုပ်ရမယ်။ ရေဗူးပေါက်တာ မလိုချင်ဘူး.. ရေပါတာပဲ လိုချင်တယ်.....”

ချင်ယန်က လေးလေးနက်နက် ပြောလိုက်သည်။

“ဟုတ်.....”

ဒေါင်ဖန်ဟွမ်နှင့် ကျန်းစွန်းရှုံးနှင့်က ချက်ချင်း ခေါင်းညိတ်လို ကိုက်ကြသည်။ ချင်ယန်က တင်းတင်းကြပ်ကြပ် အမိန့် ပေးသောအခါ ကျန်းစွန်းရှင်းပင် ချင်ယန်၏ အမိန့်ကို ငြင်းဆန်ခြင်း မရှိတော့ပေ။

ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင် နှစ်ယောက်ကို ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် သုံးယောက်စီ အားဖြည့်ပြီး စစ်ဆင်းရေး နှစ်ခုကို တပြိုင်နက်တည်း လှုပ်ရှားသောအခါ တစ်နာရီပင် မကြာလိုက်ဘဲ လူအားလုံးကို တိတ်တိတ်လေး ဖမ်းလာနိုင်ခဲ့ကြသည်။

ယခုလက်ရှိ အချိန်တွင် ဒီထက်ပိုများသော လူများကို အသုံးပြုသော်လည်း ယခုထက်ပိုပြီး မြန်ဆန်နိုင်မည် မဟုတ်ပေ။

“ချင်ယန်... မင်းလား....”

"မင်း ဘာလုပ်ချင်တာလဲ...."

တန်ခိုးရှင်များက ပြန်နိုးလာသောအခါ ဒေါသတကြီး အော်ဟစ်နေကြသည်။ သို့သော် သူတို့၏ ကျင့်ကြံခြင်းအဆင့်က ချိတ်ပိတ် ထားခြင်း ခံနေရသည်။

"လူအိုကြီးရှန်း.. သူတို့က ဘယ်လို မကောင်မှုမျိုး လုပ်ထားတာလဲ..... သိချင်ရင် စိတ်ညှို့ပြီး မေးကြည့်လိုက်...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့က သူတို့ထဲမှ တစ်ယောက်ကို ချက်ချင်း စိတ်ညှို့လိုက်သည်။ သူတို့က ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင်များ ဖြစ်ကြသဖြင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များကို စိတ်ညှို့ရန် မခက်ပေ။

ဆယ်မိနစ်ခန့် ကြာပြီးနောက် ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့၏ မျက်နှာ အမူအရာက ကြောက်စရာကောင်းအောင် ရုပ်ဆိုး နေကြသည်။ သူတို့နှစ်ယောက် စိတ်ညှို့ခဲ့သည့် လူနှစ်ယောက်၏

ဆိုးသွမ်း ယုတ်မာမှုကို ဖော်ပြရန် လုံလောက်သော စကားလုံးပင် မရှိတော့ချေ။

ထိုအထဲမှ တစ်ယောက်က အဆိပ်သမား ဖြစ်ပြီး တစ်ချိန်က အဆိပ်တစ်မျိုးကို စမ်းသပ်ခဲ့ကာ ထောင်သောင်းနှင့်ချီသော လူများကို အဆိပ်သင့် စေခဲ့သည်။

သူ့လက်ထဲတွင် လူပေါင်း နှစ်သိန်းကျော် သေဆုံးခဲ့ရသည်။

အခြား တစ်ဖက်ကလည်း တစ်ချိန်တုန်းက လူသတ်ပွဲကြီး လုပ်ခဲ့ဖူးသည်။ လူပေါင်း

သုံးပေါင်းကျော်ရှိသည် မြို့ငယ်လေး တစ်မြို့တွင် ထိုလူများအားလုံးကို မည်သည့် အပြစ်၊ မည်သည့် ရန်ငြိုးမှမရှိဘဲ ခေါင်းဖြတ် သတ်ခဲ့သည်။ မည်သူမှ အသက်ရှင်လျက် မကျန်ခဲ့ပေ။

“ဘာပဲ... သေသင့်တယ်...”

“ခွေးကောင်.....”

ကျန်းစွန်းရှန်း၏ မျက်လုံးများက ဒေါသ စိတ်ကြောင့် နီရဲနေသည်။ လူအချို့၏ ယုတ်မာမှုကို သူ သိသော်လည်း ဒီလူနှစ်ယောက်၏

ဇာတ်ကြောင်းကို နားထောင်ပြီးနောက် စိတ်ထဲ ထောင်း ခနဲ ဒေါသထွက်သွားသည်။

“ရှောင်ချင်... ကျန်တဲ့လူတွေလည်း အတူတူပဲလား.....”

ကျန်းစွန်းရှန်းက အံကြိတ်ပြီး သွားကြားထဲမှ လေသံနှင့် မေးလိုက်သည်။

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး.....

“ဟုတ်တယ်.. မင်း မယုံရင် စိတ်ညှို့ပြီး မေးကြည့်လိုက်.....”

“ငါတို့ ယုံတယ်.....”

ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့က ထပ်မံပြီး စိတ်ညှို့ခြင်း မရှိတော့ပေ။ ဒီလူများ ပြောသည့် ဇတ်ကြောင်းကို နားထောင်နေရင် ဒေါသစိတ်နှင့် အသက်ထွက်သွား နိုင်သည်။

အစောပိုင်းက လူနှစ်ယောက်ကို ကြံ့ရာကျပန်း ရွေးချယ်ခဲ့ခြင်း ဖြစ်သဖြင့် ထပ်မံ ရွေးချယ်စရာ မလိုတော့ပေ။

“ကောင်းပြီ... ဒီစာရင်းထဲက လူတွေရဲ့ အခြေအနေနဲ့ ပက်သက်ပြီး တစ်ချက်လောက် အဖြေရှာလိုက်.....”

“သန်းခေါင်ယံ အချိန်မှာ လှုပ်ရှားစေချင်တယ်....”

“ကျန်တဲ့ အချိန်တွေမှာ အပြင် မထွက်ပါနဲ့.... တခြားလူတွေ မေးလာရင်လည်း လျှို့ဝှက် ထားစေချင်တယ်”

ချင်ယန်က ရာနှင့်ချီသော လူစာရင်းထဲမှ ရွေးချယ်ထားခြင်း ဖြစ်သည်။ သူတို့အားလုံးက အထူး ပစ်မှတ်များပင်။

“ဟုတ်ကဲ့ ရှောင်ချင်....”

ကျန်းစွန်းရှန်းက စာရင်းယူပြီး ထွက်ခွာ သွားသည်။

“ဖောက်.. ဖောက်.... ဖောက်.....”

ချင်ယန်က အားနာနေခြင်း မရှိဘဲ လူ (၁၃) ယောက်လုံးကို ခေါင်းဖြတ်ပြီး သတ်လိုက်ရာ

ကုသိုလ် စွမ်းအား အမြောက်အများက သူ့ခန္ဓာကိုယ်ထဲ ချက်ချင်း စိမ့်ဝင်လာသည်။

တစ်နာရီ ကြာပြီးနောက် ချင်ယန်က အလောင်းများကို လျှုဝမ် ဘေးနားသို့ သယ်ဆောင်သွားသည်။

"လျှုဝမ်.. သူတို့ကို ဝါးမြိုလိုက်....."

ချင်ယန်က အလောင်းများကို လျှုဝမ်ထံ ပစ်ပေးရင်း ပြောလိုက်သည်။

ယွမ်ဟူ နယ်ပယ် တန်ခိုးရှင် (၁၃) ယောက်၏ အလောင်းထဲတွင် စွမ်းအင် အများကြီး ပါရှိနေသည်။ ထို့အပြင် လျူဝမ်ကို ကုသိုလ် စွမ်းအား ပေးလိုက်ပါက လျူဝမ်က တစ်နာရီအတွင်း ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၂) သို့ ရောက်ရှိ သွားလိမ့်မည်ဟု ချင်ယန်က ခန့်မှန်းထားသည်။

မြေကြီးထဲမှ အမြစ် (၁၃) ချောင်း တိုးထွက်လာပြီး အလောင်း (၁၃) လောင်းကို ထိုးစိုက်သွားကာ သူတို့၏ အသွေးအသားများကို မိုးမခပင်က လျင်မြန်စွာ ဝါးမြိုသွားသည်။

အလောင်များ၏ ရိုးတွင်း ခြင်ဆီများကိုလည်း ကုန်ခမ်းသွားအောင် စုပ်ယူလိုက်သည်။ ထိုဖြစ်စဉ် အတွင်း ချင်ယန်က ကုသိုလ် စွမ်းအားများကို လျူဝမ်ထံ ပေးပို့နေသည်။

လျူဝမ်က ၎င်း၏ ကျင့်ကြံခြင်းအဆင့် လျင်လျင်မြန်မြန် တိုးတက် နေသောကြောင့် အလွန် စိတ်လှုပ်ရှားနေသည်။

တစ်နာရီ မပြည့်ခင် လျူဝမ်က ဓမ္မ ကလေးငယ် နယ်ပယ် အဆင့် (၂) သို့ အောင်အောင်မြင်မြင်

တက်လှမ်းသွားခဲ့ပြီး ၎င်း၏ ခွန်အားက မြန်မြန်ဆန်ဆန် မြင့်တက် နေသေးသည်။

ကုသိုလ် စွမ်းအားများနှင့် ကျင်ကြံခြင်း အခြေခံကို စုစည်း နေသောကြောင့် အဆင့်သေးလေး တစ်ခု တက်ရုံဖြင့် အဆုံး မသတ်သေးပေ။

ယခင်တုန်းက ချင်ယန်သည် ကုသိုလ် စွမ်းအားများကို အသုံးပြုပြီး အဆင့်သေး သုံးဆင့် တက်သွားအောင် လုပ်နိုင်ခဲ့သည်။

လျှို့ဝှက်က အဆင့်တက် နှေးကွေးသည် ဆိုလျှင်ပင် အချိန်လုံလောက် နေသရွေ့

ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၃) သို့ ရောက်ရှိရန် ပြဿနာ မရှိပေ။

မသိလိုက်ဘဲ အချိန်က ညနက်လာသည်။

မနက် နှစ်နာရီ.....

ချင်ယန် အိမ်တော်၏ ခြံဝင်းအတွင်းရှိ ရေကန်ဘေးတွင် မိုမခပင်၏ အကိုင်းအခက်များကို စိတ်လှုပ်ရှားစွာ လှုပ်ယမ်းနေသည်။ လွန်ခဲ့သော နာရီဝက်က ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၃) သို့ အောင်အောင်မြင်မြင် တက်လှမ်း သွားခဲ့သည်။

ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၃) က ဓမ္မကလေးငယ် နယ်ပယ် အဆင့်သာ ဖြစ်သော်လည်း ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၁) ထက် စွမ်းအားက အနည်းဆုံး နှစ်ဆ တိုးလာသည်။

“ဂိုဏ်းသခင်လေးက သတိ ကြီးလွန်းတယ်။ လူနည်းနည်းလောက် သတ်ဖို့ကို ဒီလောက် နောက်ကျမှ လူပ်ရှား ခိုင်းစရာ လိုလို့လား….’

“စကား နည်းနည်းပြော…. အစား များများစား.. ဒါက လီလျူ သန့်ရှင်းမြို့… ဂိုဏ်းသခင်လေးက

လီလျှ သန့်ရှင်းမြို့ကို အရှက် မကွဲရအောင် မျက်နှာသာ ပေးနေတာကွ....”

အနက်ရောက် ဝတ်စုံ ဝတ်ဆင်ထားသော လူများက ချင်ယန်တို့ အိမ်အနားကို လျင်မြန်စွာ ချည်းကပ် လာကြသည်။ ဦးဆောင်လာသူက ဓမ္မကလေးငယ် နယ်ပယ် ရှိပြီး ကျန်သည့် လူလေးယောက်က ယွမ်ဒန် နယ်ပယ် ကျင့်ကြံခြင်း အဆင့်တွင် ရှိနေကြသည်။

“မင်းတို့ လေးယောက်..... အစီအရင် ဖွဲ့စည်းပြီး ဒီအိမ်ကို ပိတ်ဆို့ထားလိုက်...”

“အထဲ ဝင်ကြမယ်....”

ဦးဆောင်လာသော လူလတ်ပိုင်း အမျိုးသားက လေးနက်စွာ ပြောလိုက်သည်။

“ဟုတ်.....”

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်က ချင်ယန်၏ ခြံဝင်း အပြင်ဘက်က မတူညီသော ထောင့်လေးထောင့်သို့ တိတ်တိတ်လေး ချည်းကပ်သွားပြီး အလံတိုင်များကို စိုက်လိုက်ရော ခြံဝင်း တစ်ခုလုံးကို အဖြူရောင် အခိုးအငွေ့များ ဖုံးလွှမ်းလာသည်။ သို့သော် ညအမှောင်

ဖြစ်နေသောကြောင့် အဖြူရောင် မြူခိုးများက သိသာ ထင်ရှားခြင်း မရှိပေ။

"ဘယ်သူလဲ....."

ကျန်းစွန်းရှန်းက လုံးဝ မအိပ်သေးပေ။ လူလတ်ပိုင်း အမျိုးသား ခြံဝင်းထဲ ဝင်လိုက်သည်နှင့် ချက်ချင်း ဆိုသလို လူလတ်ပိုင်း အမျိုးသားရှေ့တွင် ပေါ်လာသည်။

"မဟူရာ နတ်ဆိုးသခင်... မင်းလား....."

ကျန်းစွန်းရှန်းက တလက်လက် တောက်ပနေသော မျက်လုံးများနှင့် လေးနက်စွာ ပြောလိုက်သည်။ ချင်ယန် ပေးထားသည့် စာရင်းထဲတွင် မဟူရာ နတ်ဆိုးသခင် ပါနေသည်။ သူက ထိုစာရင်းထဲမှ တစ်ဦးတည်းသော ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင်ပင်။

မဟူရာ နတ်ဆိုးသခင်က မီးလျှံကြီး ဂိုဏ်း၏ တန်ခိုးရှင် တစ်ယောက် ဖြစ်သော်လည်း လူသိရှင်ကြား လူရုပ် ထွက်ပြခြင်း မရှိခဲ့ပေ။ သူက

ဒီနေရာသို့ လာပြီး ကျင်ဟောင်ရှုကို တိတ်တိတ်လေး ကာကွယ် ပေးနေခြင်း ဖြစ်သည်။

ထို့အပြင် ကျင်ဟောင်ရှုနှင့် အဆင်မပြေသည့် ပစ်မှတ်အချို့ကို ဖြေရှင်းရာတွင်လည်း ကူညီ ဖြေရှင်းပေးရန် တာဝန် ယူထားသည်။

“ကျန်းစွန်းရှန်း.... ဒီလူကို သိနေတယ် ဆိုမှတော့ ဘာလုပ်ရမလဲ ဆိုတာ မင်း သိသင့်တယ်.....”

“ချင်ယန်ကို သတ်လိုက်.... ဒီလူက ဂိုဏ်းသခင်လေးဆီ ပြန်တင်ပြပေးမယ်။ ဒါဆို ဂိုဏ်းသခင်လေးက မင်းကို မိသားစုကို ချမ်းသာ

ပေးလိမ့်မယ်။ ဒီလိုမှ မဟုတ်ရင် မင်းတို့ ကျန်းစွန်း မိသားစုကို မကြာခင် မြေမြှုပ်ပစ်မယ်.....”

မဟူရာ နတ်ဆိုးသခင်က လက်ကို နောက်ပစ်ပြီး ခေါင်းမော့ကာ ဂုဏ်ယူနေသော လေသံနှင့် ပြောလိုက်သည်။ ကျန်းစွန်းရှန်းက သူ့စကားကို နားထောင်လိမ့်မည်ဟု ယုံကြည်နေသည်။

ကျန်းစွန်းရှန်းက သူ့စကားကို နားမထောင်လျှင်ပင် သူ့ ကိုယ်ပိုင် ခွန်အားနှင့် ကျန်းစွန်းရှန်းကို ကိုင်တွယ် ဖြေရှင်းနိုင်မည်ဟု သူ ယုံကြည်သည်။ သူက ဓမ္မကလေးငယ် နယ်ပယ်

အဆင့် (၁) ဖြစ်သော်လည်း ဓမ္မကလေးငယ် နယ်ပယ်သို့ ရောက်နေသည်မှာ နှစ်ပေါင်း တော်တော်လေး ကြာနေပြီ ဖြစ်သည်။

ထို့အပြင် မီးလျှံကြီးဂိုဏ်းမှ တန်ခိုးရှင် တစ်ယောက် ဖြစ်သောကြောင့် သူ့လက်ထဲတွင် ရတနာများစွာ ရှိနေပြီး သူ့ယုံကြည်မှုကို အပြည့်အဝ ထောက်ပံ့ ပေးနေသည်။

အခန်း(၃၃၂) - သတင်းအမှား

မကြာခင် ချင်ယန် ပေါ်လာပြီး သူ့ဘေးနားတွင် ဒေါင်ဖန်ဟွမ်လည်း ပါလာသည်။ သို့သော် မဟူရာ နတ်ဆိုးသခင်က ဒေါင်ဖန်ဟွမ်၏ ယခုလက်ရှိ ခွန်အားကို မသိသေးပေ။

“မဟူရာ နတ်ဆိုးသခင်..... ဒါက လီလျှူ သန့်ရှင်းမြို့ပါ.... သည်းမခံနိုင်အောင် အနိုင်မကျင့်ပါနဲ့.....”

ကျန်းစွန်းရှန်းက လေးလေးနက်နက် ပြောလိုက်သည်။

မဟူရာ နတ်ဆိုးသခင်က မောက်မာသော လေသံနှင့်.....

“ကျန်းစွန်းရှန်း.. ငါက မင်းကို အခွင့်အရေး ပေးနေတာ.....”

“ချင်ယန်ကို ချက်ချင်း သတ်ပစ်လိုက်..... ဒီလူကိုယ်တိုင် လှုပ်ရှား ရမယ်ဆိုရင် မင်းအတွက် သနားစရာကောင်းတဲ့ အရာတွေ ဖြစ်လာလိမ့်မယ်.....”

“မင်းကို ငါက ကယ်တင်ပေးနေတယ်လို့ စဉ်းစားလိုက်စမ်းပါ... ချင်ယန်က ဂိုဏ်းသခင်လေးကို ရန်စခဲ့တယ်။ ဒီလို ရန်စရဲအောင် ဘယ်သူက သတ္တိပေးနေတယ်လို့ ထင်မှာလဲ”

ချင်ယန်၏ မျက်လုံးထဲတွင် သွေးအေး ရက်စက်သော အရိပ်အယောင်များ ပေါ်လာသည်။ ကျင်ဟောင်ရှုကို ထပ်ပြီး ညှာတာနေစရာ မလိုတော့ပေ။

ထို့အပြင် ကျင်ဟောင်ရှု ရှေ့တွင် ပျော့ညံ့ပြလိုက်ပါက ကျန်ကျူပင်က ပို၍ သံသယဝင်လာလိမ့်မည်။

ကျင်ဟောင်ရှုက ဓမ္မကလေးငယ် နယ်ပယ်တန်ခိုးရှင် တစ်ယောက်နှင့် ယွမ်ဒန်နယ်ပယ်တန်ခိုးရှင် လေးယောက်သာ လွှတ်လိုက်သောကြောင့် ချင်ယန်အတွက် ရှားရှားပါးပါး အခွင့်အရေးကြီး ဖြစ်နေသေးသည်။

“လူအိုကြီးရှန်း ဒေါင်ဖန်ဟွမ် .. မင်းတို့နှစ်ယောက်က အစီအရင် ဖွဲ့စည်းလိုက်ရင် မဟူရာ

နတ်ဆိုးသခင်ကို ခဏလောက် ပိတ်လှောင်ထားနိုင်မှာပါ....."

ချင်ယန်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ကျန်းစွန်းရှန်းက စိုးရိမ်နေသော လေသံနှင့် အသံပြန်ပို့လွှတ်လိုက်ပြီး.....

"ရှောင်ချင်.. ငါတို့နှစ်ယောက် ပေါင်းရင်တောင် မဟူရာ နတ်ဆိုးသခင်ကို သတ်ဖို့ မလွယ်ဘူး.... တကယ်လို့ သူ့ကို ထွက်ပြေးခွင့် ပေးလိုက်ရင် မီးလျှံဂိုဏ်းက ပိုအစွမ်းထက်တဲ့ တန်ခိုးရှင်တွေ

ခေါ်လာပြီး နောက်တစ်ကြိမ် ပြန်ရောက်လိမ့်မယ်....”

“လူအိုကြီးရှန်း.... အမိန့်အတိုင်း လုပ်ပါ.... သုံးစက္ကန့် ပြည့်တာနဲ့ စ....”

“သုံး... နှစ်.... တစ်....

ချင်ယန်က အသံပို့လွှတ်ရင်း ရေတွက်လိုက်သည်နှင့် ကုန်းစွန်းရှန်နှင့် ဒေါင်ဖန်ဟွမ်တို့က တပြိုင်နက်တည်း လှုပ်ရှားပြီး မဟူရာနတ်ဆိုးသခင်ကို အစီအရင်နှင့် ဖုံးအုပ်လိုက်သည်။

အစီအရင်က ဤမျှ မြန်မြန်ဆန်ဆန် ဖုံးအုပ်လိုက်သောကြောင့် အစီအရင် အဆင့်မြင့်မည့် အကြောင်းကို တွေးမိ မရပေ။ မဟူရာ နတ်ဆိုးသခင်ကို ခတ္တာမျှ ထိန်းချုပ်နိုင်လျှင်ပင် တော်တော်လေး ဟုတ်နေပြီဟု ပြောရမည်။

"အဆင့် (၇) တန်ခိုးရှင် နှစ်ယောက်လား...."

"ချင်ယန် .. ကြည့်ရတာ မင်းကို လျှော့တွက်လိုက် မိပြီ ထင်တယ်.. ဒါပေမဲ့ ဒီလောက်လေးနဲ့ ငါ့အပေါ်မှာ အလုပ်ဖြစ်မယ်လို့ ထင်နေတာလား....."

အသူရာ ဆေးနတ်ဘုရား (ဘာသာပြန်ဟာရီကိန်း)

မဟူရာ နတ်ဆိုးသခင်၏ မျက်လုံးထဲတွင် အထင်အမြင်သေးသော အရိပ်အယောင်များ ပေါ်နေသည်။

သူ့လက်ကို လျင်မြန်စွာ မြောက်တင်ပြီး လူ့လက်ချောင်းကြားတွင် အချင်း (၂၀/ ၃၀) စင်တီမီတာခန့် ရှိသော စွမ်းအင် အလုံးတစ်ခုကို လျင်မြန်စွာ ဖွဲ့စည်းလိုက်သည်။ ထို စွမ်းအင်အလုံးက အနက်ရောင် ဖြစ်ပြီး ဘလက်ဟိုးလ် (တွင်းနက်) တစ်ခုကဲ့သို့ စုပ်ယူနေသည်။ သို့သော်

စုပ်ယူနိုင်စွမ်းက ဘလက်ဟိုးလ်နှင့် ယှဉ်လျှင် တော်တော်လေး နိမ့်ကျနေသေးသည်။

“သွားစမ်း...”

မဟူရာ နတ်ဆိုးသခင်က ခပ်သွက်သွက်လေး အော်ဟစ်ပြီး အနက်ရောင် စွမ်းအင်အလုံးကို ပစ်ပေါက်လိုက်သည်။

အနက်ရောင် စွမ်းအင်အလုံးက အစီအရင်ကို ထိမှန်သွားပြီး အစီအရင်ကို ထောက်ပံ့နေသည့် စွမ်းအားများအား စုပ်ယူသွားသည်။

နောက်ထပ် သုံးစက္ကန့် ကြာသောအခါ ဒေါင်ဖန်ဟွမ်တို့ ဖွဲ့စည်းထားသည့် အစီအရင်က ပြိုကျသွားသည်။

သို့သော် မဟူရာ နတ်ဆိုးသခင်က မျက်မှောင် ကြုတ်နေသည်။

ဒေါင်ဖန်ဟွမ်တို့ ဖွဲ့စည်းထားသော အစီအရင် အပြင်ဘက်တွင် မိုးမခအကိုင်းများ၊ သစ်ရွက်များနှင့် ဖွဲ့စည်းထားသော အစိမ်းရောင် လှောင်အိမ်ကြီး တစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့်ပင်။

ဘုန်း...

အနက်ရောင် စွမ်းအင် အလုံးက မိုးမခပင်၏ အကိုင်းများ၊ သစ်ရွက်များကို ထိမှန်သွားသည်။

“အစောင့်ရှောက် မွန်းစတား အပင်.....”

“ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၃).....”

မဟူရာ နတ်ဆိုးသခင်၏ မျက်နှာ အမူအရာက ဖင်ထဲ လက်ညှိုးထိုးထည့် ခံလိုက်ရသလို ရှုံ့မဲ့နေသည်။ ချင်ယန်တွင် အဆင့် (၇) တန်ခိုးရှင် တစ်ယောက် ထပ် ရှိနေသေးသည်။ ထို့အပြင်

အစောင့်အရှောက် မွန်းစတား အပင်က ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၃) ရောက်နေသေးသည်။

ထိုအဆင့် မွန်းစတားအပင်၏ တိုက်ခိုက်ရေး အစွမ်းက ဓမ္မကလေးငယ် အဆင့် (၄) သို့ ရောက်နေနိုင်သည်။

“မဟူရာ နတ်ဆိုးသခင်.... မခုခံဘဲနဲ့ လက်နက်ချ လိုက်.... ဒီလိုမှ မဟုတ်ရင် သေရမယ်.....”

ချင်ယန်၏ ရေခဲသမျှ အေးစက်သော အသံက ထွက်ပေါ်လာပြီး သစ်ပင် အမြောက်အများ ထွက်ပေါ်လာကာ မဟူရာ နတ်ဆိုးသခင်ကို လျင်မြန်စွာ ဝိုင်းလိုက်သည်။

ယခုလက်ရှိတွင် ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့ကလည်း သူတို့ လက်ထဲတွင် တိုက်ခိုက်ရေး ရတနာများကို အသင့် ကိုင်ထားကြသည်။ အကယ်၍ မဟူရာ နတ်ဆိုးသခင်က အနည်းငယ် လှုပ်လိုက်သည်နှင့် တိုက်ခိုက် ကြလိမ့်မည်။

“မဟူရာ နတ်ဆိုးသခင်.. မင်းက မီးလျှံကြီးဂိုဏ်းရဲ့ အဖွဲ့ဝင်ပါ။ မင်းသာ နာခံမှု ရှိမယ်ဆိုရင် ငါတို့က မင်းကို မသတ်ဘူး။ မင်းကို အရှင်လတ်လတ် ဖမ်းမယ်ဆို အချိန်တန်ရင် အကျိုးအမြတ် အများကြီး ရလိမ့်မယ်။ ဒါပေမဲ့ မင်း စကား နားမထောင်ရင်တော့ ဒီအခြေအနေကို ဘယ်လောက် ကြာကြာ တောင့်ခံနိုင်မလဲဆိုတာ မင်း ဆုံးဖြတ်ပေါ့....”

မဟူရာ နတ်ဆိုးသခင်၏ မျက်နှာ အမူအရာက မည်းမှောင်နေသည်။ ဒီအကြောင်းကိုသာ စောစော

သိခ့ဲမည် ဆိုပါက ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်ကို အပြင်ဘက်တွင် အစီအရင် မဖွဲ့စည်းခိုင်းဘဲ သူနှင့် အတူတူ ခေါ်လာခ့ဲလိမ့်မည်။ ထိုအခါ အခြေအနေ ပိုကောင်းနိုင်သည်။

အစီအရင် အပြင်ဘက်တွင် ရှိနေသော ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်က အထဲမှ အခြေအနေကို မသိနိုင်ပေ။

ဖွဲ့စည်းလိုက်သည် အစီအရင်က ပတ်ဝန်းကျင်နှင့် သီခြားခ့ဲထုတ်လိုက်သော အစီအရင် ဖြစ်နေသည်။ အပြင်ဘက်မှ တန်ခိုးရှင်များက အရာအားလုံး

စီစဉ်ထားသည့် အတိုင်း ဖြစ်နေသည်ဟုသာ ထင်ကြလိမ့်မည်။

“ငါ့ကို လွှတ်ပေး.... နောက်ထပ် ပြဿနာ မရှာတော့ဘူး....”

“ဒီလိုမှ မဟုတ်ရင် မင်းတို့ကိုပါ အဆုံးထိ ဆွဲခေါ်သွားမယ်.....”

မဟူရာ နတ်ဆိုးသခင်က ချက်ချင်း အည့်ခံပြီး လက်နက်ချခြင်း မရှိပေ။ သူ့လက်ထဲတွင် အဆင့် (၇) တိုက်ခိုက်ရေး ရတနာနှစ်ခု ပေါ်လာသည်။

“မဟူရာ နတ်ဆိုးသခင်... မင်းက သေချင်နေတယ် ဆိုတော့လည်း မင်းဆန္ဒကို ဖြည့်ဆည်း ပေးရမှာပေါ့.....”

ချင်ယန်က အေးစက်စွာ ပြောလိုက်သည်။ နောက်ထပ် အခိုက်အတန့်တွင် မဟူရာ နတ်ဆိုးသခင်က အခြား အော်ရာကိုးခုကို အာရုံ ခံလိုက်မိသည်။ အော်ရာများအရ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်များပင်။ သူတို့ထဲတွင် အားနည်းဆုံးက ယွမ်ဒန်နယ်ပယ် အဆင့် (၅) နှင့် အဆင့် (၇) နှစ်ယောက်သာ ရှိသည်။

ထိုအဆင့် ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် ကိုးယောက် ဆိုသည်မှာ ကြောက်စရာ ကောင်းသော အင်အားစုကြီးပင်။

မဟူရာ နတ်ဆိုးသခင်က စိတ်ထဲမှ ပြင်းပြင်းထန်ထန် အော်ဆဲလိုက်သည်။

'ဘယ်ခွေးမသားက သတင်း စုံစမ်းတာလဲ။ ချင်ယန်ဆီမှာ ကျန်းစွန်းရှန်း တစ်ယောက်ပဲ ရှိတယ်လို့ ပြောခဲ့တာ မဟုတ်ဘူးလား....'

အမှန်တကယ် လက်တွေ့တွင်မူ သန်မာသော ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် ကိုးယောက် ရှိနေသေးသည်။

ဒါက ကြောက်စရာ ကြီးပင်....

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် ကိုးယောက်၏ လက်ထဲတွင် ရတနာများ မရှိပါက တိုက်ခိုက် ရဲသေးသည်။ သို့သော် ယခုလက်ရှိ အခြေအနေက လူတစ်ယောက်ကိုပင် သူနှင့်အတူ ခေါ်သွားရန် ခက်ခဲနေပြီ.....

ထို့အပြင် သူတို့က ချင်ယန်ကို လုံးဝ အထိအခိုက် ခံမည် မဟုတ်ကြောင်း ခန့်မှန်းရသည်။

“မဟူရာ နတ်ဆိုးသခင်.. မင်းကို လက်နက်ချဖို့ အချိန် ငါးစက္ကန့် ပေးမယ်။ ဒီလိုမှ မဟုတ်ရင် သေရမယ်....”

ချင်ယန်က အမှန်တကယ် အရေးမစိုက်သော လေသံနှင့် ပြောလိုက်သည်။

မဟူရာ နတ်ဆိုးသခင်က အံ တကြိတ်ကြိတ် ဖြစ်နေသည်။ သူက ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်သလို မီးလျှံကြီးဂိုဏ်း၏

အဖွဲ့ဝင် တစ်ယောက်လည်း ဖြစ်နေသေးသည်။ ချင်ယန်ကို လက်နက် ချရမည်လော.....

သို့သော် ခွန်အားခြင်း အလွန် ကွာခြားနေသဖြင့် မျက်နှာက အရေးမကြီးတော့ပေ။

“ဒါနဲ့ စကားမစပ်... မင်း သိုလှောင်လက်စွပ်ထဲက ရတနာတွေကို မဖျက်ဆီးနဲ့.... ဒါတွေက ငါ့ရဲ့ တိုက်ပွဲ ဆုလဒ်တွေပဲ။ တကယ်လို့ ပျက်ဆီးနေရင် ကျင်ဟောင်ရှု မင်းကို လာရွေးတဲ့ အချိန်မှာ ပိုပေး ရလမ့်မယ်။ ဒါဆိုရင် မင်းက

ဖြုန်းတီးတဲ့ လူတစ်ယောက်က လွဲပြီး ဘာမှ မဟုတ်တော့ဘူး...”

မဟူရာ နတ်ဆိုးသခင်က ချင်ယန်ကို ဒေါသတကြီး စိုက်ကြည့်နေသည်။

သူ့တွင် ထိုအတွေးမျိုး ရှိနေသည်။

“ငါ အရှုံးပေးတယ်....”

မဟူရာ နတ်ဆိုးသခင်က အေးစက်သော လေသံနှင့်.....

“ချင်ယန်.. မင်းက မီးနဲ့ ကစားနေတာပဲ..... ငါတို့ မီးလျှံကြီး ဂိုဏ်းရှေ့မှာ မင်းအင်အားက ဘာမှ မဟုတ်ဘူး။ မလုံလောက်သေးဘူး...”

“ငါတို့ မီးလျှံကြီး ဂိုဏ်းမှာ အဆင့် (၈) ဓမ္မခန္ဓာ တန်ခိုးရှင် တစ်ယောက် ရှိတယ်...”

ချင်ယန်က တစ်ချက်ပြုံး လိုက်ပြီး....

“ငါ့နောက်မှာ အဆင့် (၈) တန်ခိုးရှင် မရှိဘူး ဆိုတာ မင်း သေချာလို့လား...”

မဟူရာ နတ်ဆိုးသခင် မျက်မှောင် ကြုတ်သွား၏။ ဒါလည်း အမှန်ပင်... ယခုလက်ရှိ ချင်ယန် ပြသထားသော အင်အားအရ အဆင့် (၈) တန်ခိုးရှင် တစ်ယောက် ကျောထောက် နောက်ခံ ရှိနေခြင်းက ပုံမှန်သာ ဖြစ်သည်။

“ပိတ်လိုက်စမ်း....”

မကြာခင် ကျန်းစွန်းရှန်းက မဟူရာ နတ်ဆိုးသခင်၏ ကျင့်ကြံခြင်း အဆင့်ကို ချိတ်ပိတ်လိုက်သည်။

“လာခဲ့ကြတော့ ပြီးပြီ....”

မဟူရာ နတ်ဆိုးသခင်၏ အသံကို တုပထားသော ချင်ယန်၏ အသံက ခြံဝင်း အပြင်ဘက်သို့ ပျံ့နှံ့သွားသည်။

ခြံဝင်း အပြင်ဘက်မှ တန်ခိုးရှင် လေးယောက်က ရယ်မောပြီး ခြံဝင်းထဲ ဝင်လာကြသည်။ သံသယ လုံးဝ မရှိကြပေ။

တိုက်ပွဲ အတက်အကျကို အာရုံ မခံမိသဖြင့် ချင်ယန်တို့အဖွဲ့ကို အရှင်လတ်လတ် ဖမ်းထားသည်ဟု သူတို့က ယူဆ နေကြသည်။

ကျင်ဟောင်ရှု၏ အမိန့်ထဲတွင် ဖြစ်နိုင်မည် ဆိုပါက ချင်ယန်ကို အသက်ရှင်လျက် ဖမ်းခေါ်လာခဲ့ရမည်။ ချင်ယန်ကို သူကိုယ်တိုင် သတ်ချင်သည်။

“မဟူရာ နတ်ဆိုးသခင်က စွမ်းအားကြီးတယ်”

“တကယ်တော့.... ဒီနေရာကို ဆရာ မဟူရာ နတ်ဆိုးတောင် လာဖို့ မလိုဘူး... ငါတို့နဲ့တင် ကိစ္စပြတ်တယ်....”

ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် လေးယောက်က သူတို့ အချင်းချင်း ကြွားလုံး ထုတ်နေကြသည်။

"ဒီဘက်ဟေ့...."

ချင်ယန်က မဟူရာ နတ်ဆိုးသခင် အသံကို တုပပြီး ထပ်မံ အော်လိုက်သည်။

မကြာခင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက် ရောက်လာကြပြီး မဟူရာ နတ်ဆိုးသခင်ကို မြင်လိုက်ရသည်။

မဟူရာ နတ်ဆိုးသခင်က ဟိတ်ဟန့် ကောင်းကောင်းနှင့် ရေကန်ဘေးနားတွင် မတ်တပ် ရပ်နေသည်။

"ဆရာ မဟူရာ နတ်ဆိုး...."

တန်ခိုးရှင် လေးယောက် မြေပေါ် ဆင်းသက်လာပြီး ကမန်းကတန်း အရိုအသေ ပေးလိုက်သည်။ ထိုစဉ် မြေကြီးထဲမှ သစ်မြစ်များ တိုးထွက်လာပြီး သူ့တို့၏ ခန္ဓာကိုယ်ကို ချုပ်နှောင် သွားသည်။

ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့က ထွက်မပြေး နိုင်စေရန် တားမြစ်ခြင်း အစီအရင် ထပ်မံ ခင်းကျင်း လိုက်သည်။

“ခုခံ နေတာတွေ ရပ်လိုက်.... ဒီလိုမှ မဟုတ်ရင် သေရမယ်...”

ချင်ယန်က အေးတိအေးစက် ပြောလိုက်သည်။

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်က ထိုနေရာမှာပင် ရပ်တန့် သွားကြသည်။ သူတို့လေးယောက်က ယွမ်ဒန် နယ်ပယ်သာ ရှိသေးသော်လည်း သူတို့ကို ဓမ္မကလေးငယ် နယ်ပယ် မွန်းစတား သစ်ပင်က ဖမ်းချုပ်ထားသည်။

ထို့အပြင် ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့ နှစ်ယောက်လုံးက ဓမ္မကလေးငယ် နယ်ပယ် ဖြစ်နေ

ကြသေးသည်။ ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် သုံးယောက်ကို ယွမ်ဒန်နယ်ပယ် ကျင်ကြံခြင်း အဆင့်လေးနှင့် ရင်ဆိုင်ရခြင်းက ပျော်စရာ မကောင်းပေ။

ထို့အပြင် မဟူရာ နတ်ဆိုး သခင်ကလည်း ကျင့်ကြံခြင်းအဆင့် ချိတ်ပိတ် ခံထားရသည်။

“လက်နက် ချလိုက်...”

နောက်ဆုံးတွင် ချင်ယန်၏ ယွမ်ချီက မဟူရာ နတ်ဆိုးသခင်၏ ခန္ဓာကိုယ်ထဲ စီးဝင်သွားသော အခါ

မဟူရာ နတ်ဆိုးသခင်က ပြန်လှုပ်ရှား၍ ရသွားသလို စကားလည်း ပြန်ပြော နိုင်သွားသည်။

"ဟုတ်ကဲ့..."

ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်က လျင်လျင်မြန်မြန် လက်နက် ချလိုက်ကြသည်။ မီးလျှံကြီး ဂိုဏ်း၏ အင်အားကြောင့် ရန်သူလက်ထဲ ရောက်သွားလျှင်ပင် အသက်ရှင် နိုင်မည်ဟု ယုံကြည်နေကြသည်။

"ဒီ လှုပ်ရှားမှုက မင်းတို့ပဲလား... တခြားလူတွေ ပါသေးလား..."

ချင်ယန်က ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်ထဲမှ တစ်ယောက်ကို ချက်ချင်း စိတ်ညှို့ လိုက်သည်။ ထိုလူက အားအနည်းဆုံးဖြစ်ပြီး ယွမ်ဒန် နယ်ပယ် အဆင့် (၄) သာ ရှိသေးသည်။

“ငါတို့ချည်းပဲ....”

စိတ်ညှို့ ခံလိုက်ရသော တန်ခိုးရှင်က ငေးငေးငိုင်ငိုင် အမူအရာနှင့် ပြန်ဖြေလိုက်သည်။

ချင်ယန်တို့ အဖွဲ့ကို ကိုင်တွယ်ရန် ဓမ္မကလေးငယ် နယ်ပယ်အဆင့် တန်ခိုးရှင် မဟူရာ

နတ်ဆိုးသခင်နှင့် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်ကိုသာ စေလွှတ်ခဲ့သည်။ ကျင်ဟောင်ရှု၏ အမြင်တွင် ချင်ယန်တို့ အဖွဲ့က ဒီလောက်သာ ထိုက်တန်သည်။

ယခု တစ်ကြိမ်တွင် မီးလျှံကြီးဂိုဏ်းမှ ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင် နှစ်ယောက်သာ စေလွှတ်ခဲ့သည်။ ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင်က ကျင်ဟောင်ရှုကို ကာကွယ်ပေးရန် လိုအပ်သဖြင့် ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင်

နှစ်ယောက်လုံးကို တပြိုင်နက်တည်း စေလွှတ်လိုက်ရန် မည်သို့မျှ မဖြစ်နိုင်ပေ။

“ကျင်ဟောင်ရှုက မင်းတို့ကို အလုပ်ပြီးအောင် လုပ်ဖို့ ဘယ်လောက် အချိန် ပေးလိုက်လဲ.....”

“ဂိုဏ်းသခင်လေးက တတ်နိုင်သမျှ အမြန်ဆုံး ပြီးအောင်လုပ်.. ဒီည မကျော်စေနဲ့လို့ မှာလိုက်ပါတယ်...”

ချင်ယန်က ဆက်လက် မေးမြန်း နေခဲ့သည်။ စိတ်ညှို့ ခံထားရသော တန်ခိုးရှင်၏ ပါးစပ်မှ တဆင့် ချင်ယန်က မီးလျှံကြီးဂိုဏ်း အကြောင်းနှင့်

ကျင်ဟောင်ရှု အကြောင်းကို တော်တော်လေး သိလိုက်ရသည်။

နေ့ခင်းဘက်တုန်းက ကျင်ဟောင်ရှုနှင့် အတူတူ မြင်ခဲ့ရသော အဘိုးအိုက ဓမ္မကလေးငယ် နယ်ပယ် ရောက်နေကြောင်း သိလိုက်ရသည်။

ထိုအဘိုးအိုက ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၅) .....

အခန်း(၃၃၃) - အသက် ကျောက်စိမ်း ကဗျည်းတိုင်

"လူအိုကြီးရှန်း ဒေါင်ဖန်ဟွမ်.. အရင်စာရင်းထဲက လူတွေကို ချက်ချင်း ဖမ်းလိုက်။ တချို့လူတွေကိုတော့ မဖမ်းနဲ့အုံး။ တိတ်တိတ်လေး လှုပ်ရှားမှ ဖြစ်မယ်နော်....."

ချင်ယန်က အမိန့် ပေးလိုက်သည်။

"ဟုတ်ကဲ့.... ရှောင်ချင်...."

ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့က ချက်ချင်း လှုပ်ရှား လိုက်ကြသည်။ သူတို့၏ ခွန်အားနှင့် လှုပ်ရှားရန် ခက်ခဲသည့် ပစ်မှတ်များကို မဖမ်းဘဲ လွယ်ကူသော အထူးပစ်မှတ် တစ်ခါဧင်ကျော် ဖမ်းယူခြင်းက သူတို့အတွက် လွယ်ကူခဲ့သည်။

ပစ်မှတ်များ၏ တည်နေရာကို ယခင် ကတည်းက စုံစမ်း ထားသောကြောင့် လက်တွေ့ လှုပ်ရှားသောအခါ ပိုမို လွယ်ကူခဲ့သည်။ တစ်နာရီ အတွင်းမှာပင် ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့က လူငါးဆယ် ဖမ်းဆီး လာခဲ့သည်။

"လူအိုကြီးရှန်း... မလှုပ်ရှားနဲ့တော့...."

ချင်ယန်က လူအိုကြီးရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့ကို အမြန် တားလိုက်သည်။

ချင်ယန်က ဒီကိစ္စကို ရှောင်ကျူဝမ်နှင့် အခြားလူများ မသိရအောင် ဖုံးကွယ်ထားခဲ့သည်။ သူ တစ်ယောက်တည်းသာ ကျန်းစွန်းရှန်းတို့ အဖွဲ့နှင့် လိုက်ပါ သွားခဲ့ခြင်းပင်။

"လူအိုကြီးရှန်း.... မင်းတို့ အနားယူ လိုက်ကြအုံး..... တစ်ညလုံး လှုပ်ရှားခဲ့တဲ့ အကြောင်းကို တခြားလူတွေ မသိစေနဲ့...."

ချင်ယန်က ကောင်းကင်ကို မော့ကြည့်လိုက်သောအခါ တော်တော်လေး မှောင်နေပြီ။ ယခုလက်ရှိ အချိန်က အာရုဏ် မတက်ခင် အမှောင်ဆုံး အချိန်ပင်.....

"ဟုတ်...."

ကျန်းစွန်းရှန်းတို့က အဝေး ထွက်သွားသည်။ ဖမ်းမိလာခဲ့သည့် လူများကို ချင်ယန်က မည်ကဲ့သို့ ကိုင်တွယ်မည်နည်း.... ကျန်းစွန်းရှန်းက ဒီကိစ္စကို သိရှိရန် အလွန် ပျင်းနေသည်။

ကျန်းစွန်းရှန်းသည် သူ့တစ်ဘဝလုံး လူကောင်းဖြစ်ခဲ့သော်လည်း သူသေခါနီး ဘဝ နေဝင်ချိန်ကို ရောက်သောအခါ ကျန်းစွန်း မိသားစုက အားအနည်းဆုံး အခိုက်အတန့်ကို ရောက်ရှိခဲ့သည်။ ထိုအချိန်တွင် ကျန်းစွန်း မိသားစုကို ကူညီရန် လူအနည်းငယ်သာ ရောက်လာခဲ့သည်။

ကျန်းစွန်းရှန်းက သေဆုံးခြင်း လက်တစ်ကမ်းမှ ပြန်လည် လွတ်မြောက် လာခြင်းနှင့် အတူ စိတ်ဓါတ်လည်း ကြီးကြီးကျယ်ကျယ် ပြောင်းလဲသွားသည်။ ချင်ယန်က သူ့ကို အလုပ်ကောင်းကောင်း

လုပ်နိုင်အောင် ကူညီပေးခဲ့သည်။ ထိုကြောင့် ချင်ယန်နှင့် ပက်သက်လျှင် အလုပ်များများ လုပ်ပေးပြီး နည်းနည်းသာ မေးတော့မည်။

ချင်ယန်က ဖမ်းမိထားသော တန်ခိုးရှင်များကို တစ်ချက် ကြည့်လိုက်ပြီး အေးစက်သော အပြုံးတစ်ခု ပေါ်လာသည်။

ဒီည လှုပ်ရှားမှုတွင် ရှောင်ကျူဝမ်နှင့် အခြားလူများကို မပက်သက် ခိုင်းခဲ့ပေ။ ချင်ယန်က သူတို့ အားလုံးကို ဖယ်ထုတ်ထားပြီး ကျင့်ကြံ ခိုင်းထားသည်။

သူတို့ အားလုံးက ခွန်အား နည်းသဖြင့် ဒီသတင်များကို သိနေပါက အလွယ်တကူ ပေါက်ကြား သွားနိုင်သည်။

ချင်ယန်က ဆေဘာကို တစ်ချက် ဝှေ့ယမ်းလိုက်လျှင် ခေါင်းတစ်လုံး ပြတ်ကျသွားပြီး နောက်ဆုံးမှ ဖမ်းမိထားသည့် တန်ခိုးရှင် အယောက် (၅၀) လုံးကို ရက်ရက်စက်စက် သတ်ပစ်လိုက်သည်။

မဟူရာ နတ်းဆိုး သခင်နှင့် အခြားလူများက ချင်ယန်၏ သွေးအေး ရက်စက်မှုကြောင့် မျက်လုံး ပြူးနေကြသည်။

"မင်းတို့လည်း သွားလိုက်တော့....."

ချင်ယန်က ရယ်မောရင်း ပြောလိုက်ပြီး ဆေဘာကို ခုတ်ချလိုက်ရာ မကြာခင် မဟူရာ နတ်ဆိုး သခင်လည်း သွေးအိုင်ထဲ လဲကျသွားသည်။

လျူဝမ်က အလွန် စိတ်လှုပ်ရှားနေပြီး သစ်မြစ်များကို ဆန့်ထုတ်ကာ အလောင်းများ၏ ခန္ဓာကိုယ်ထဲသို့ ထိုးစိုက်နေသည်။ အလောင်း ငါးဆယ် ရှိသော်လည်း အများစုက ယွမ်ဟူ နယ်ပယ်နှင့် မူလ အစစ်အမှန် နယ်ပယ်များ ဖြစ်နေကြသည်။ မည်သို့ပင် ဆိုစေကာ လျူဝမ်က

ဇီဇာကြောင်ခြင်း မရှိဘဲ အကုန်လုံးကို ဝါးမြိုလိုက်သည်။

ကျန်သည့် အလောင်းများကိုမူ ချင်ယန်က ငွေရောင် ဝံပုလွေ ဘုရင်အား လွှတ်ပေးလိုက်သည်။ ဆယ်မိနစ် မပြည့်ခင် အလောင်များ အားလုံး ပြောင်သလင်း ခါသွားသည်။

မြေပင်ပေါ်တွင် ချင်ယန်က အစီအရင် ခင်းကျင်း ထားသောကြောင့် သွေးများ စီးကျသွားခြင်း မရှိခဲ့ပေ။ ထွက်လာသော သွေးများ အားလုံးကို လျှုဝမ်က စုပ်ယူလိုက်သည်။

"လျှော်ဝမ်.. သွေးချီတွေကို ဖယ်ရှားလိုက်...."

ချင်ယန်က အမိန့် ပေးလိုက်သည်။

မိုးမခပင်၏ အကိုင်းအခက်များ လှုပ်ရှား သွားသောအခါ လေပြင်းများ တိုက်လာပြီး သွေးနံ့ တထောင်ထောင်း ထနေသော လေထုက သွေးနံ့များ ပျောက်ကင်း သွားသည်။ ထို့နောက် မိုးပခပင်၏ အစိမ်းရောင် သစ်ရွက်များက အစိမ်းရောင် လင်းလာပြီး လက်ဆက်သော အောက်စီဂျင်များ ထွက်ပေါ်လာသည်။

ဤနေရာတွင် လူများ သေဆုံးသွားသည့် အကြောင်းကို မည်သူမျှ မသိနိုင်တော့ပေ။

အပင်တိုင်းက တစ်ပင်မှ မပျက်ဆီးပေ။

မြေပြင်ပေါ်တွင်လည်း သွေးတစ်စက်မှ မရှိခဲ့သလို

လေထဲတွင် သွေးအနံ့ လုံးဝ မကျန်ခဲ့ပေ။

“ကုသိုလ် စွမ်းအားတွေ အများကြီးပဲ....”

“ကောင်းကင်ဘုံ သွေးသစ်ခွ သုံးတဲ့ အချိန်ကျရင် ရှောင်ကျဉ်းမ်တို့ အဖွဲ့နဲ့ တွဲသုံးဖို့ လုံလောက်သွားပြီ...”

ချင်ယန်၏ မျက်နှာပေါ်တွင် စိတ်ကျေနပ်အားရနေသော အပြုံးက တွဲလောင် ခိုနေသည်။ မကြာခင် ကောင်းကင်ကြီးက လင်းထိန်လာသော်လည်း ချင်ယန်က ကုတင်ပေါ်တွင် လှဲချပြီး လျင်မြန်စွာ အိပ်ပျော်သွားသည်။

ချင်ယန်၏ အိမ်ကြီးက အလွန် အေးချမ်းနေသည်။

သို့သော် လီလျှု သန့်ရှင်းမြို့၏ အခြားနေရာများတွင် ဆူညံပွက်လော ရိုက်နေကြသည်။

ကျန်းစွန်းရှန်းတို့ အဖွဲ့က မည်သည့် သဲလွန်စမှ မကျန်အောင် တန်ခိုးရှင်များကို ဖမ်းယူခဲ့သခြင့်

မည်သူမှ သတိမထားမိခဲ့ပေ။ ယခု လက်ရှိ၌ ကျင်းယန်မြို့တွင် တန်ခိုးရှင် အများကြီး ရောက်နေသဖြင့် တန်ခိုးရှင် အချို့ ပြန်ထွက်သွားခြင်းက ပုံမှန်သာ ဖြစ်သည်။

သို့သော်လည်း ချင်ယန်က တန်ခိုးရှင်များကို သတ်လိုက်သောအခါ တချို့ တန်ခိုးရှင်များက တစ်ခုခု မှားနေပြီဟု ခံစားလိုက်ရသည်။

ချင်ယန် သတ်ဖြတ်လိုက်သော တန်ခိုးရှင် အများစု၏ ဆွေးမျိုး သားချင်းများက ယခု နေရာတွင် ရှိနေကြသေးသည်။

ထိုတန်ခိုးရှင်များ သေဆုံးသွားသောအခါ သူတို့၏ ဆွေမျိုး သားချင်းများက သွေးမျိုးဆက် ပဲ့တင်သံ ထပ်မှုကို ခံစားလိုက်ရသည်။

နောက်တစ်ချက်မှာ တန်ခိုးရှင် အချို့တွင် အသက်ကျောက်စိမ်း ကဗျည်းတိုင်ကဲ့သို့ အရာများ ရှိနေကြသည်။

အသက်ကျောက်စိမ်း ကဗျည်းတိုင်က အထူး ရတနာ တစ်မျိုး ဖြစ်ပြီး လူတစ်ယောက် သေဆုံးသွားခြင်း ရှိ၊ မရှိ သိရအောင် အသုံး ပြုနိုင်သည်။ ထိုအရာအတွက် အထူး ကုန်ကြမ်း

ပစ္စည်းများ လိုအပ်ပြီး စည်းသခင်၏ သန့်စင်ပေးမှု လိုအပ်သည်။ သို့သော် အကျိုးသက်ရောက်မှု အလွန် အင်မတန် ကောင်းမွန်သည်။

အဆင့် (၆) အသက်ကျောက်စိမ်း ကဗျည်းတိုင် အာရုံခံနိုင်သော အကွာအဝေးက ကီလိုမီတာ တစ်သောင်း ရှိပြီး အဆင့် (၇) အသက်ကျောက်စိမ်း ကဗျည်းတိုင် အာရုံခံနိုင်သော အကွာအဝေးက ကီလိုမီတာ ငါးသောင်း ရှိသည်။

မဟူရာ နတ်ဆိုး သခင်က အသက်ကျောက်စိမ်း ကဗျည်းတိုင် ချန်ထား ရစ်ခဲ့သည်။

……

“လူတွေကို အရှင် ဖမ်းလာတာလား.. အသေ ခေါ်လာတာလား…”

မနက် မိုးလင်း လာခဲ့ပြီ…..

ကျင်ဟောင်ရှု နိုးလာခဲ့ပြီး သူ့ဘေးနားတွင် အလှလေး နှစ်ယောက်က အဝတ်အစား မပါဘဲ လှဲလျောင်းနေသည်။ မနေ့ညက မဟူရာ နတ်ဆိုး သခင်တို့ကို စေလွှတ်ပြီးနောက် အိပ်မပျော်ခဲ့သဖြင့် အားကုန်အောင် ဒိုက်ထိုးခဲ့ရသည်။

"ဂိုဏ်းသခင်လေး... နည်းနည်းလေး ထူးဆန်းနေတယ်.... မဟူရာ နတ်ဆိုး သခင်တို့ဆီက ဘာသတင်းမှ မရောက်လာသေးဘူး"

ကျင်ဟောင်ရှု ဘေးနားတွင် ရှိနေသော မိန်းမလှလေး တစ်ယောက်က ပြောလိုက်သည်။ ထို မိန်းမလှလေးက သူ့လက်အောက် ငယ်သားပင်။ ကုတင်ပေါ်တွင် အပေးကောင်းသဖြင့် အပြင်ထွက်သည့် အခါတိုင်း ခေါ်ဆောင် သွားတတ်သည်။

ကျင်ဟောင်ရှုက ခါးတစ်ချက် ဆန့်လိုက်ပြီး....

“မဟူရာ နတ်ဆိုးသခင်က ငါ့ရဲ့ နွေဦးအိပ်မက်ကို မနှောက်ယှက်ချင်လို့ ဖြစ်မှာပါ။ သူ လူပ်ရှားတယ် ဆိုရင် စိတ်ချ ရတယ်။ သူ့ခွန်အား.... ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်နဲ့ ဆိုရင် ဘယ်လိုမှ ကျရှုံးစရာ အကြောင်းမရှိဘူး...”

“ဂိုဏ်းသခင်လေး ပြောတဲ့ အတိုင်းပါပဲ ရှင့်.....”

“ဂိုဏ်းသခင်လေး... အခုတလော လီလျှု သန့်ရှင်းမြို့မှာ အခြေအနေ တချို့ ဖြစ်ပွားနေတယ်.... တန်ခိုးရှင် တချို့ အသတ်ခံရတဲ့ ပုံပဲ...”

ကျင်ဟောင်ရှုက ထိုအကြောင်းကို ဂရုမစိုက်ဘဲ.....

“လီလျှု သန့်ရှင်းမြို့မှ တန်ခိုးရှင်တွေ အများကြီး ရောက်နေတယ်။ လူတချို့ အသတ်ခံရတယ် ဆိုတာ ပုံမှန်ပဲလေ....”

“ကဲ အလှလေးရေ... မနက်ခင်း တစ်ကြောင်းလောက် ဆွဲလိုက်ရအောင်..”

ကျင်ဟောင်ရှုက ကျယ်လောင်စွာ အော်ရယ်ရင်း သူ့လက်ချောင်း ငါးချောင်းက သိုလှောင် လက်စွပ်ထဲ

ဝင်သွားပြီး အိပ်ပေါ်တွင် စိတ်ဝင်စားမှု တိုးမြင့်ပေးနိုင်သည့် ပစ္စည်းကို ထုတ်ယူရန် လုပ်လိုက်သည်။

ရုတ်တရုတ် ဆိုသလို ကျင်ဟောင်ရှု၏ မျက်နှာပေါ်မှ အပြုံးက တောင့်တင်းသွားသည်။

နတ်ဆိုး စွမ်းအား သိုလှောင် လက်စွပ်ထဲ ရောက်သွားသောအခါ အသက် ကျောက်စိမ်း ကဗျည်းတိုင်များ အပိုင်းပိုင်း ကွဲနေသည်ကို တွေ့လိုက်ရသည်။

“ဒါ....”

"မဖြစ်နိုင်ဘူး....."

ကျင်ယောင်ရှုက မျက်လုံး ပြူးနေပြီး သူ့ မျက်လုံးထဲတွင် မယုံကြည်နိုင်မှုများ ပြည့်နှက်နေသည်။

အသက်ကျောက်စိမ်း ကဗျည်းတိုင်က မဟူရာ နတ်ဆိုးသခင်၏ ကဗျည်းတိုင် ဖြစ်သည်ကို ကျင်ယောင်ရှု သေသေချာချာ မှိတ်မိနေသည်။ မနေ့ညက အကောင်းပင်.....

သိုလှောင် လက်စွပ်ထဲတွင် အသက်ကျောက်စိမ်း ကဗျည်းတိုင်က တစ်ခုခုနှင့် တိုက်မိပြီး ကွဲသွားသည်လော……

မဖြစ်နိုင်ပေ။

အသက်ကျောက်စိမ်း ကဗျည်းတိုင်က မြေပေါ် ပြုတ်ကျသွားလျှင်ပင် ကွဲသွားမည့် အမျိုး မဟုတ်ချေ။

“ဂိုဏ်းသခင်လေး… ဘာဖြစ်လို့လဲ…..”

နောက်ထပ် အလှလေး တစ်ယောက်ကလည်း နှိုးလာပြီး မေးလိုက်သည်။

ကျင်ယောင်ရှု၏ မျက်နှာက မည်းမှောင်နေပြီး မည်သည့် စကားမှ မပြောပေ။ အဝတ်အစားများ ကမန်းကတန်း ဝတ်ပြီး ဧည့်ခန်းထဲ ထွက်သွားကာ တန်ခိုးရှင်များကို အမြန်ဆုံး စုဝေးလိုက်သည်။

"ဂိုဏ်းသခင်လေး.... ဘာကိစ္စ ရှိလို့လဲ....."

ထိုမေးခွန်းကို ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၅) ရှိသည့် ကာကွယ်သူ အဘိုးအိုက

မေးလိုက်ခြင်းပင်။ သူ့နာမည်က ချူးဟူ ဖြစ်ပြီး သူ့ကို မိစ္ဆာ နတ်ဆိုးဟု ခေါ်ကြသည်။

ချူးဟူက တစ်ကိုယ်တော် လှုပ်ရှားခဲ့ပြီး လူအများကြီး သတ်ခဲ့သူပင်။ သူသတ်ခဲ့သည့် လူတိုင်းကလည်း တန်ခိုးရှင်များ ဖြစ်နေခဲ့သည်။

ပြဿနာ ကြီးကြီးမားမား တက်ခဲ့ပြီးနောက် ချူးဟူက ကျင်ဟောင်ရှု၏ ကယ်တင်ခြင်း ခံရကာ မီးလျှံကြီးဂိုဏ်းထဲ ဝင်ရောက်ခဲ့သည်။ ထိုအချိန်မှ စ၍ ကျင်ဟောင်ရှု၏ ကိုယ်ရံတော် ခေါင်းဆောင် ဖြစ်လာခဲ့သည်။

"လူအိုကြီချူး... မင်းကိုယ်တိုင် ကြည့်လိုက်...."

ကျင်ဟောင်ရှု၏ လက်ထဲတွင် မဟူရောင် နတ်ဆိုးသခင်၏ အသက်ကျောက်စိမ်း ကဗျည်းတိုင် အပိုင်းအစကို ကိုင်ထားပြီး အေးစက်သော လေသံနှင့် ပြောလိုက်သည်။

ဒါကို မြင်လျှင် ချူးဟူက တော်တော်လေး မျက်နှာ ပျက်သွား၏။

အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် ဖြစ်သည့် မဟူရာ နတ်ဆိုးသခင်က ထုံးစံအတိုင်း မီးလျှံကြီးဂိုဏ်း၏ ထပ်တန်း ပုဂ္ဂိုလ် တစ်ယောက်

ဖြစ်သည်။ ထိုကဲ့သို့ တန်ခိုးရှင်တစ်ယောက် ကျရှုံး သွားခဲ့ပြီ.....

“လူအိုကြီချူး..... လူချက်ချင်း စုလိုက်... ချင်ယန်ဆီ သွားမယ်..”

“ငါ့လူကို သတ်ရဲရင် တန်ဖိုးတစ်ခုတော့ ပြန်ပေးရမယ်.....”

ကျင်ဟောင်ရှုက ဒေါသစိတ်နှင့် ပူလောင်နေပြီး သူ့မျက်လုံးများက မီးဝင်းဝင်း တောက်နေသည်။

“ဟုတ်...”

ချူးဟူက ချက်ချင်း ခေါင်းညိတ်လိုက်ပြီး လီလျှူ သန့်ရှင်းမြို့၏ စည်းမျဉ်းများကို ဆန့်ကျင်ကာ ချက်ချင်း ထွက်သွားကြသည်။ မိနစ် အနည်းငယ် ကြာပြီးနောက် ကျင်ဟောင်ရှုနှင့် အခြားလူများက ချင်ယန်တို့ အိမ်အနားကို ရောက်လာကြသည်။

"ဂိုဏ်းသခင်လေး... ကြည့်ရတာ တစ်ခုခုတော့ လွဲနေတယ်..."

"မဟူရာ နတ်ဆိုးသခင် ဒီနေရာမှာ သေသွားရင် တိုက်ခိုက်ထားတဲ့ အရိပ်အယောင် ရှိရမယ်။ ခု ဒီနေရာမှာ ဘာမှ မရှိဘူး"

ချူးဟူက စဉ်းစားမရ ဖြစ်နေသည်။ သူတို့က လေထဲတွင် ပျံသန်းနေသဖြင့် ချင်ယန်တို့၏ ခြံဝင်း တစ်ခုလုံးကို အပေါ်စီးမှ ကောင်းကောင်း မြင်နေရသည်။

ခြံဝင်းက အကျယ်ကြီး မဟုတ်ပေ။ ခြံဝင်း တစ်ခုလုံးက သန့်ရှင်း သပ်ရပ်နေသည်ကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။

“ချင်ယန်.... ထွက်လာစမ်း....”

ကျင်ဟောင်ရှုက ထိုအရာများကို ဂရုမစိုက်ပေ။ လူသတ်ချင်သော ပုံစံနှင့် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

အခန်း(၃၃၄) - ဒါ ချင်ယန် လက်ချက်ပဲ

"ဂိုဏ်းသခင်လေး ကျင်က ဘာလုပ်နေတာလဲ..."

"မနေ့တုန်းက ဂိုဏ်းသခင်လေး ကျင် အရှက်ကွဲသွားတယ်။ မနေ့ညက ပြဿနာ မရှာဘူးလား.... မနက် အစောကြီးကျမှ ဘာအရူး ထနေတာလဲ...."

လူတော်တော် များများက တက်တက်ကြွကြွ ဆွေးနွေး နေကြသည်။

မနေ့တုန်းက လူငယ် သိုင်းပညာ ညီလာခံတွင် ရွေးချယ်ခံရသည့် လူတစ်သောင်းက ယနေ့တွင် ရှေးစေတီကျွန်းပေါ် ဝင်ရောက်ရမည် ဖြစ်သောကြောင့် မနက် အစာကြီး ကတည်းက နိုးနေကြသည်။

ကျင်ဟောင်ရှုနှင့် အခြားလူများက လေထဲ ပျံဝဲပြီး အော်ဟစ်နေကြသဖြင့် အခြားလူများက စိတ်နှောက်အယှက် ဖြစ်နေကြခြင်းပင်။

လီလျှု သန့်ရှင်းမြို့၏ စည်းမျည်းအရ ဓမ္မကလေးငယ် တန်ခိုးရှင်ကသာ လေထဲ ပျံသန်းခွင့်

ရှိပြီး ဓမ္မကလေးငယ် အဆင့်အောက် တန်ခိုးရှင်များ လေထဲ ပျံသန်းခွင့် မရှိပေ။

ထို့အပြင် မည်သည့်အဆင့် တန်ခိုးရှင် ဖြစ်ပါစေ လီလျှူ သန့်ရှင်းမြို့တွင် ပျံသန်းနိုင်သော အမြန်နှုန်းကို ကန့်သတ်ထားသည်။ ကျင်ဟောင်ရှုနှင့် အခြားလူများက ယခုလေးတင် စည်းကမ်း ချိုးဖောက်ခဲ့ကြသည်။

“ချင်ယန်..... ထွက်လာစမ်း...”

ကျင်ဟောင်ရှုက နောက်တစ်ကြိမ် အော်ဟစ်လိုက်ပြီး ခန္ဓာကိုယ်မှ ရက်စက်

ကြမ်းကြုတ်သော အင္ဃေ့အသက်များ ထွက်ပေါ်နေသည်။

မဟူရာ နတ်ဆိုးသခင် သေဆုံးသွားသလို ယွမ်ဒန် တန်ခိုးရှင် လေးယောက်လည်း သေဆုံး သွားခဲ့သည်။ ဒါက ကျင်ဟောင်ရှုအတွက် ကြီးမားသော ထိုးနှက်ချက်ကြီးပင်.....

တာဝန် ထမ်းဆောင်ရန် မဟူရာ နတ်ဆိုးသခင်နှင့် အခြားလူများကို စေလွှတ်ခဲ့သော်လည်း မဟူရာ နတ်ဆိုး သခင်နှင့် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် အားလုံး သေဆုံး

သွားခဲ့သည်။ ထိုလူအားလုံးက ကျန်ဟောင်ရှု၏ လူယုံများ ဖြစ်နေကြသည်။

ကျင်ဟောင်ရှု၏ ဂိုဏ်းသခင်လေး ရာထူးက တည်ငြိမ် နေသေးသော်လည်း အမာခံ လက်အောက်ငယ်သား တော်တော်များများ သေဆုံးသွားသဖြင့် လီလျှု သန့်ရှင်းမြို့တွင် တစ်ခုခု ပြုလုပ်ရန် ခက်ခဲ သွားခဲ့ပြီ။

“ဂိုဏ်းသခင်လေးက ကြီးကျယ် ခမ်းနား လှချည်လား....”

ချင်ယန်က အခန်းထဲမှ ထွက်လာသလို ကျန်းစွန်းရှန်းနှင့် အခြားသူများလည်း ချက်ချင်း ထွက်လာကြသည်။

ကျင်ဟောင်ရှုက ရေခဲသမျှ အေးစက်နေသော လေသံနှင့်.....

“ ချင်ယန်.... မင်း ဘာလုပ်ခဲ့တယ် ဆိုတာ ငါ စိတ်ထဲမှာ သိနေတယ်။ အိမ်ထဲ ဝင်ပြီးရှာကြ”

ကျင်ဟောင်ရှုက အမိန့် ပေးလိုက်သည်နှင့် သူ့နောက်တွင် ရှိနေသော လူများက ချင်ယန်

အိမ်ထဲ ချက်ချင်း ဝင်ပြီး ရှာဖွေရန် လုပ်လိုက်ကြသည်။

"ဖြည်းဖြည်းပေါ့ ကိုယ်လူ..."

တန်ခိုးရှင် တစ်ယောက်က လျင်မြန်စွာ ပျံတက်သွားသည်။

ရတနာ မသုံးဘဲ ပျံတက်သွားခြင်း ဖြစ်သည်။

ဧည့်သည် တစ်ယောက်လည်း ပေါ်လာသည်။ ထိုဧည့်သည်က ဓမ္မကလေးနယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်ပြီး လီလျူ သန့်ရှင်းမြို့၏

လက်ထောက် မြို့သခင်ပင်။ သူမက နေလကျွန်းတွင် နေထိုင်ပြီး သတင်းကြားသည်နှင့် ချက်ချင်း ပြောလာခဲ့ခြင်း ဖြစ်သည်။

"လီဇီယန်..... ဒီဂိုဏ်းသခင်လေးကို တားချင်တာလား..."

ကျင်ဟောင်ရှုက အေးစက်စွာ ပြောလိုက်သည်။

သူမကို ကြည့်ပါက အသက် (၃၀) ဟု ထင်ရသော်လည်း အမှန်က အသက် (၅၀) နီးပါးပင်။ အမျိုးသမီး တစ်ယောက်အနေဖြင့် မိသားစု အရင်းအမြစ် နည်းပါးသော်လည်း

လွန်ခဲ့သော ငါးနှစ်ခန့်က ဓမ္မကလေးငယ် နယ်ပယ်သို့ ရောက် ရှိခဲ့သည်။ ယခုလက်ရှိတွင် သူမ၏ အသက်က (၄၈) နှစ်သာ ရှိသေးပြီး လီလျှူ သန့်ရှင်းမြို့၏ လက်ထောက် မြို့သခင် တစ်ယောက် ဖြစ်နေသည်။

ယခုလက်ရှိ အချိန်တွင် လီဇီယန်က အလွန် ဒေါသထွက်နေပုံရသည်။

ကျင်ဟောင်ရှုနှင့် အခြားလူများက တားမြစ် စည်းကမ်း ဖောက်ဖျက်ပြီး ပျံသန်း ခဲ့ကြသည်။ ကျင်ဟောင်ရှုက ထိုမျှသာ ဆိုလျှင် လီဇီယန်က

စိတ်ထိန်းထားပြီး ထွက်လာမည် မဟုတ်ပေ။ သို့သော် ကျင်ဟောင်ရှုနှင့် အခြားလူများက ချင်ယန်၏ နေအိမ်ခြံဝင်း ပိုင်နက်ထဲဝင်ပြီး ချင်ယန်ကို သတ်ချင်နေသေးသည်။

လီလျှု ကောင်းကင်ဘုံ နန်းတော်ကလည်း ကြယ် ခုနှစ်ပွင့် အင်အားစု ဖြစ်ပြီး မီးလျှံကြီးဂိုဏ်းထက် အားနည်းခြင်း မရှိပေ။ လီလျှု သန့်ရှင်းမြို့က လီလျှု ကောင်းကင်ဘုံ နန်းတော် တည်ထားသော မြို့ဖြစ်သည်။

နေလကျွန်းက အရေးအကြီးဆုံး နေရာထဲမှ တစ်ခု ဖြစ်သလို လီလျှူ သန့်ရှင်းမြို့၏ အကောင်းဆုံး ကျွန်များထဲမှ တစ်ခုဆိုလည်း မမှားပေ။ ကျင်ဟောင်ရှုနှင့် အခြားလူများကို ပြဿနာ ရှာခွင့် ပေးထားလိုက်ပါက နောက်ပိုင်းတွင် လီလျှူ သန့်ရှင်းမြို့က တန်ခိုးရှင်များကို မည်ကဲ့သို့ ဆွဲဆောင်မည်နည်း.....

လီလျှူ သန့်ရှင်မြို့တွင် အခြေချပြီး စီပွားရေး လုပ်ငန်း လုပ်ကိုင်သည့် အင်အားစုများ လျှော့နည်း သွားလိမ့်မည်။ ထိုအခါ လီလျှူ သန့်ရှင်းမြို့က

ရှုထောင့်ပေါင်းစုံမှ ထိခိုက်ပြီး လီလျှူ ကောင်းကင်ဘုံ နန်းတော်၏ အင်အား အပေါ်မှာလည်း ထိခိုက်မှု ရှိလာလိမ့်မည်။

"ဂိုဏ်းသခင်လေး.. ကျေးဇူးပြုပြီး မြေပေါ် ဆင်းပေးပါ..... စကားပြောရအောင်..."

"လီလျှူ သန့်ရှင်းမြို့မှာ ထုတ်ပြန်ထားတဲ့ စည်းကမ်းတွေ ရှိပါတယ်..."

လီဖီယန်က တရားဝင် စကားကို ပြောလိုက်သည်။

အဆင့် (၇) ဓမ္မကလေးငယ် တန်ခိုးရှင် တစ်ယောက်၊ လီလျှူ သန့်ရှင်းမြို့၏ လက်ထောက်မြို့သခင်၊ နောင်တစ်ချိန်တွင် အဆင့် (၈) တန်ခိုးရှင် တစ်ယောက် ဖြစ်လာနိုင်သည့် လီဇီယန် အနေနှင့် ကျင်ယောင်ရှုကို မကြောက်ပေ။

“ဒီဂိုဏ်းသခင်လေးက ငြင်းရင် ဘာဖြစ်မလဲ....”

ကျင်ဟောင်ရှုက အေးစက်စွာ ပြောလိုက်သည်။ သူ့စိတ်ထဲတွင် နဂိုကတည်းက ဒေါသထွက်နေပြီ ဖြစ်ရာ လီဇီယန်က ဝင်တားလာသောကြောင့် ဒေါသပို ထွက်လာသည်။

လီဇီယန်၏ အသက်ရှူသံများက ရုတ်တရုတ် ပြင်းထန်လာပြီး.....

“ဂိုဏ်းသခင်လေး ကျင်..... ဒါဆိုရင် လီလျှူ သန့်ရှင်းမြို့ရဲ့ လက်ထောက် မြို့သခင် တစ်ယောက်နေနှင့် မင်းကို အတင်းအကျပ် ဖမ်းဆီး ရလိမ့်မယ်...”

လီဇီယန်က ကြီးစိုးလွန်းသည်။

“လုပ်လိုက်လေ..”

“ဒါမှ လက်ထောက် မြို့သခင်ကွ....”

နေလကျွန်းပေါ်မှ လူများက အော်ဟစ်လိုက်ကြသည်။

သူတို့က နေလကျွန်းပေါ်တွင် နေထိုင်ကြသည်။ ချင်ယန်ကလည်း ဒီနေရာတွင် နေထိုင်နေသည်။ ကျင်ယောင်ရှုနှင့် အခြားလူများက ဒီနေရာသို့ ရောက်လာပြီး ဗိုလ်ကျ လွန်းနေသည်။ ကျင်ဟောင်ရှု၏ လုပ်ရပ်ကြောင့် သူတို့တွင် မလုခြုံသလို ခံစားနေရသည်။ ထို့ကြောင့် လီဇီယန်၏ အပြုအမူကို သဘာကျပြီး အားပေးထောက်ခံ နေကြခြင်းပင်။

ကျင်ဟောင်ရှုကို စော်ကားမိမည်လော..... ထိုလူများက သိပ် ဂရုမစိုက်ပေ။

ကျင်ဟောင်ရှုက သူ့ကိစ္စ ပြီးသည်နှင့် ဖုတ်ဖတ်ခါပြီး ထွက်သွားမည့် လူပင်။ လီဇီယန်ကသာ သူတို့၏ လက်ထောက်မြို့သခင် ဖြစ်နေသည်။

“မင်း.....”

ကျင်ဟောင်ရှုက ဒေါသ ပိုထွက်လာသည်။

“ဂိုဏ်းသခင်လေး ... အောက်ဆင်းရအောင်....”

ကျင်ဟောင်ရှု ဘေးတွင်ရှိနေသော ချူးဟူက ရတနာကို ထိန်းချုပ်ပြီး ဆင်းသက်လိုက်ရာ သူတို့အားလုံး မြေပေါ် ရောက်သွားသည်။ ချူးဟူ၏ ခွန်အားက ပိုမို အားကောင်းသော်လည်း ဒါက လီလျှု သန့်ရှင်းမြို့ပင်။ ဒီနေရာတွင် လီဇီယန်နှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်မည် ဆိုပါက သူတို့ဘက်တွင် အဆုံးအရှုံး ကြီးမားသွားမည်ကို ကြောက်မိသည်။

ထို့အပြင် ဒီနေရာတွင် မဟူရာ နတ်ဆိုးသခင် သေဆုံးခဲ့သည်။ ထို့ကြောင့် လီဇီယန်ကို

တိုက်ခိုက်ခြင်းက ပညာရှိသော ရွေးချယ်မှု မဟုတ်ပေ။

လီဇီယန်က အဆင့် (၈) တန်းခိုရှင် တစ်ယောက် ဖြစ်လာရန် အလွန် မျှော်မှန်းထားသည့် လူ ဖြစ်သည်။ သူမ၏ ခွန်အား လျင်မြန်စွာ တိုးတက်နေသရွေ့ နောင် တစ်ချိန်တွင် လီလျှူ သန့်ရှင်းမြို့၏ မြို့သခင် ဖြစ်လာနိုင်သေးသည်။

“ကျေးဇူး အများကြီး တင်ပါတယ်. လက်ထောက် မြို့သခင်လီ....”

ချင်ယန်က လက်နှစ်ဖက်ကို ခွက်ပုံစံ ပြုလုပ်ပြီး လီဇီယန်ကို နှုတ်ဆက်လိုက်သည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်က လီဇီယန်နှင့် ဆက်ဆံခဲ့ဖူးသည်။ ထိုအချိန်တုန်းက လီဇီယန်သည် လီလျှူ သန့်ရှင်းမြို့၏ လက်ထောက် မြို့သခင် မဟုတ်ဘဲ လီလျှူ ကောင်းကင်ဘုံ နန်းတော်၏ လက်ထောက် နန်းတော် သခင် ဖြစ်နေခဲ့သည်။ သို့သော် ကျန်ကျူပင်က လီဇီယန်ကို သူတော်စင် သခင်မ အဖြစ် ရွေးချယ်လိုက်သည်ကို သိသောအခါ

လီလျှ ကောင်းကင်ဘုံ နန်းတော်မှ ထွက်သွားခဲ့သည်။

ချင်ယန်က လီဇီယန် အကြောင်းနှင့် ပက်သက်၍ ရှင်းရှင်းလင်းလင်း မသိပေ။

သို့သော် ထိုအချိန်တုန်းက ချင်ယန်၏ သုံးသပ်မှုအရ လီဇီယန်သာ မတော်တဆ အဖြစ်မျိုး မဖြစ်ခဲ့ပါက အဆင့် (၉) တန်ခိုးရှင် တစ်ယောက် မဖြစ်နိုင်လျှင်ပင် အဆင့် (၈) အထွတ်အထိပ် တန်ခိုးရှင်တစ်ယောက် ကျိန်းသေပေါက် ဖြစ်နိုင်သည်။

“မင်းကို ကူညီတာ မဟုတ်ဘူး...”

“လီလျှု သန့်ရှင်းမြို့ရဲ့ စည်းကမ်းကို ထိန်းသိမ်းနေတာ...”

လီဇီယန်၏ အမူအရာက အေးတိ အေးစက်နိုင်ပြီး စိတ်ထဲ ရှိသည့်အတိုင်း ပြောလိုက်ပုံ ရသည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ် လိုက်သည်။

ချူးဟူက ကျင်ဟောင်ရှုထံ စကားအနည်းငယ် အသံပို့လွှတ်ပြီး စည်းရုံးနေသည်။

ကျင်ဟောင်ရှုက သူ့ဒေါသကို မြိုချလိုက်ပြီး အေးစက်သော လေသံနှင့်.....

“ချင်ယန်.. မဟူရာ နတ်ဆိုးသခင် ဘယ်မှာလဲ.....”

ချင်ယန်က ကျင်ဟောင်ရှုကို ထူးဆန်းသော မျက်လုံးနှင့် ကြည့်လိုက်ပြီး....

"ဂိုဏ်းသခင်လေး.. သူက မင်းရဲ့ လက်အောက် ငယ်သားလေ... ဘာဖြစ်လို့ ငါ့ကို လာမေးနေတာလဲ....."

"ဂိုဏ်းသခင်လေး ... မင်း ပြောချင်တာက မနေ့ညက ငါ့ဆီ မဟူရာ နတ်ဆိုးသခင်ကို လွှတ်လိုက်တယ်လို့ ပြောချင်တာလား..... ဒီလို ဆိုရင်တော့ မီးလျှံကြီးဂိုဏ်းကို သတိထားမှ ရတော့မယ်... နည်းနည်းလေး စကားများတာနဲ့ လူသတ်မယ့် ကောင်တွေပဲ...."

ပတ်ဝန်းကျင်တွင် လူအများကြီး ရှိနေပြီး သူတို့ကို စောင့်ကြည့်နေသဖြင့် ကျင်ဟောင်ရှု၏ မျက်နှာ အမူအရာက ရုပ်ဆိုးသွားသည်။

လူသတ်ရန် အတွက် မဟူရာ နတ်ဆိုးသခင်တို့ အဖွဲ့ကို စေလွှတ်ခဲ့သည်။ သို့သော် ဒီကိစ္စကို တရားဝင် ချပြ၍ မရပေ။

“ဟွန့်...”

ချူးဟူက အေးစက်စွာ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး....

"ဂိုဏ်းသခင်လေးက.... ဒီလို ကိစ္စကို ဘယ်လိုလုပ်ပြီး လုပ်မှာလဲ..... မဟူရာ နတ်ဆိုးသခင်က မင်းနဲ့ ဆက်သွယ်ချင်လို့ လူနည်းနည်းလေး ခေါ်ပြီး ထွက်သွားတာ။ ဂိုဏ်းသခင်လေးက မင်း လက်အောက်ငယ်သား လောင်လန်နာကို ငွေပေးပြီး ဝယ်ချင်နေတယ်။ ဒါပေမဲ့ သူတို့က ညတွင်းချင်း ပြန်မလာလို့ ဂိုဏ်းသခင်လေးက သူတို့အတွက် စိုးရိမ်နေတယ်...."

“လက်ထောက် မြို့သခင်လီ.... မြို့စည်းကမ်း ဖောက်ဖျက်ခဲ့လို့ အချိန်တန်ရင် ဒဏ်ကြေး ဘယ်လောက်ကျကျ ပေးဆောင်ပါ့မယ်”

“အခုတော့ ဒီအဘိုးအိုက ချင်ယန်ကို မေးချင်တယ်..... မဟူရာ နတ်ဆိုးသခင် ဘယ်မှာလဲ...”

ချူးဟူ ပြောပြီးနောက် လူများက စိတ်အား ထက်သန်စွာ ဆွေးနွေး နေကြသည်။ ကျင်ဟောင်ရှု ဖြစ်ပျက်နေသော ပုံစံကြောင့် မဟူရာ နတ်ဆိုးသခင် သေဆုံးသွားမည်ကို ကြောက်နေမိသည်။

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး....

“ဂိုဏ်းသခင်လေး.. သူတို့က လူ လိုက်သတ်နေတာလား.....”

ကျင်ဟောင်ရှုက သုန်မှုန် နေသော မျက်နှာ အမူအရာနှင့် ပြန် စိုက်ကြည့်နေသည်။

တစ်ဖက်လူက လိုရင်း မရောက်ဘဲ ဝေ့ဝိုက်နေသဖြင့် သူ့ မျက်နှာပေါ်တွင် ဒေါသစိတ်များ ပြည့်နှက်နေသည်။

ကျင်ဟောင်ရှုက ဒေါသ ထွက်နေသော လေသံနှင့်.....

“မင်း ဘာပြောချင်တာလဲ...”

ကျင်ဟောင်ရှု အလွန်အမင်း ဒေါသ ထွက်နေသည်။

“ဂိုဏ်းသခင်လေး၊ မနေ့ညက ဒီအဘိုးကြီးရဲ့ သား သေသွားတယ်။ ဘာဖြစ်လို့ အသတ်ခံရတယ် ဆိုတာ ရှင်းရှင်းလင်းလင်း မသိသေးဘူး.. ပြီးတော့ မနေ့ညက ဒီအဘိုးကြီးရဲ့ သားတစ်ယောက်ပဲ မတော်တဆ ဖြစ်သွားတာ မဟုတ်ဘူး။

စုံစမ်းကြည့်လိုက်တော့ မနေညက သေသွားတဲ့ လူတွေ မနည်းဘူး... ဘာဖြစ်လို့ အသတ်ခံရတာလဲ ဆိုတာ ဘယ်သူမှ ရှင်းရှင်းလင်းလင်း မသိကြဘူး။ သူတို့ထဲမှာ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်တွေ အများကြီး ပါနေတယ်..."

ထိုအချိန်တွင် အခြားလူ တစ်ယောက်ကလည်း မနေနိုင်တော့ဘဲ....

"လက်ထောက် မြို့သခင်လီ..... ငါတို့ရဲ့ သုံးသပ်ချက်ကတော့ လှုပ်ရှားတဲ့လူက ဓမ္မကလေးငယ် နယ်ပယ် ဖြစ်နိုင်တော့

ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်ခိုးရှင်တွေနဲ့ ပူးပေါင်း လုပ်ဆောင်တယ်လို့ ထင်တယ်။ သေချာတာတော့ ပူးပေါင်း လုပ်ဆောင်မှုထဲမှာ ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်တွေ ပါနေတာ သေချာတယ်...”

လီဇီယန်နှင့် လီလျှူ သန့်ရှင်းမြို့ တစ်မြို့လုံး၏ သံယသ မျက်လုံးများက ကျင်ဟောင်ရှုအပေါ် ကျရောက်သွားသည်။

“ဒီဂိုဏ်းသခင်လေးကို သံသယ ဝင်နေတာလား....”

"မဟူရာ နတ်ဆိုးသခင် သေသွားပြီ...."

ကျင်ယောင်ရှုက ဒေါသတကြီး ပြောလိုက်ရင်း သူ့လက်ထဲတွင် မဟူရာ နတ်ဆိုးသခင် အသက်ကျောက်စိမ်း ကဗျည်းတိုင် အပိုင်းအစများ ပေါ်လာသည်။

"ဒါက အသက်ကျောက်စိမ်း ကဗျည်းတိုင်ပဲ..."

လူအုပ်ထဲမှ လူတစ်ယောက်က လှောင်ပြောင်သော လေသံနှင့်....

“အသက်ကျောက်စမ်း ကဗျည်းတိုင်ကို ဖျက်ဆီးလိုက်တာက ဂိုဏ်းသခင်လေး အတွက် ဘာမှမဟုတ်ဘူး. ဒါက မဟူရာ နတ်ဆိုးရဲ့ အသက်ကျောက်စိမ်း ကဗျည်းတိုင်လည်း ဟုတ်ချင်မှ ဟုတ်လိမ့်မယ်။ ဂိုဏ်းသခင်လေး ဒီလို လုပ်ပြတာက ငါတို့ရဲ့ ဉာဏ်ရည်ကို စော်ကား လိုက်တာပဲ...’

“ဂိုဏ်းသခင်လေး..... မင်းပြောသလို မဟူရာ နတ်ဆိုးသခင် သေသွားတယ် ဆိုရင် ချင်ယန်တို့ကိုလည်း သံသယ ရှိတယ်. ကျန်းစွန်းရှန်းက ဓမ္မကလေးငယ် နယ်ပယ် ရောက်နေပြီး သူလည်း

ဒီမှာ ရှိနေတယ်။ သူ့မှာလည်း လူသတ်သမား ခေါင်းဆောင်လိုမျိုး ခွန်အားရှိတယ်။ မနေ့ညက ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင်သာ လှုပ်ရှားရင် ငါတို့ အိပ်ပျော်ရင်း အသတ်ခံရပြီး ဘာဖြစ်လို့ သေသွားမှန်းတောင် သိလိုက်မှာ မဟုတ်ဘူး...”

လူတိုင်းက တစ်ယောက် တစ်ပေါက် ပြောဆိုနေကြသည်။

တန်ခိုးရှင် အများစု၏ အမြင်တွင် မဟူရာ နတ်ဆိုးသခင်နှင့် အခြားလူများက လူသတ်ရန် ထွက်သွားခြင်း ဖြစ်နိုင်သည်။ ကျင်ဟောင်ရှုက

ချင်ယန်နှင့် အခြားလူများကို ဒုက္ခပေးနိုင်အောင် တမင်သက်သက် အာရုံ ပြောင်းနေခြင်း ဖြစ်လိမ့်မည်။

ကျင်ဟောင်ရှုက အလွန် ဒေါသထွက်ပြီး သွေးအန်ချင်လာသည်။

“လူတိုင်းပဲ.... တိတ်တိတ်လေး နေပေးကြပါ.....”

ချူးဟူက အော်ဟစ်လိုက်သည်။ ဒီတစ်ကြိမ်တွင် သူ ကျင့်ကြံခြင်းအဆင့် ဓမ္မကလေးငယ် နယ်ပယ်

အဆင့် (၅) အော်ရာကို အပြည့်အဝ ထုတ်လွှတ်လိုက်ရာ လူတိုင်း တိတ်ဆိတ် သွားကြသည်။

“လက်ထောက် မြို့သခင်လီ..... မင်းရဲ့ ကြီးကြပ်မှုနဲ့ ချင်ယန်ကို စိတ်ညှို့ပြီး စစ်ဆေးပေးဖို့ တောင်းဆို ချင်ပါတယ်.....”

“တကယ်လို့ မဟူရာ နတ်ဆိုးသခင်က ချင်ယန် လက်ထဲမှာ သေသွားရင် သူတို့ကို ဖမ်းခေါ်သွားမယ်။ တကယ်လို့ ငါတို့ဘက်က မှားရင် ချင်ယန်ကို ပြန်တောင်းပန်ပြီး လျှော်ကြေးပေးမယ်....”

ချူးဟူက လေးနက်စွာ ပြောလိုက်သည်။

ချူးဟူက ချင်ယန်ကို သံသယ ရှိနေသေးသည်။

အခန်း(၃၃၅) - ရှေးစေတီ ကျွန်း

“ချင်ယန်.... မင်း ဘယ်လို ထင်လဲ.....”

လီဇီယန်က ချင်ယန်ကို ကြည့်ပြီး မေးလိုက်သည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး....

“လက်ထောက် မြို့သခင်လီ.... ငါ သဘော မတူနိုင်ဘူး....။ တကယ်လို့ သေဆုံးမှုက ငါနဲ့

ပက်သက်တယ်လို့ သူတို့မှာ သက်သေ ရှိနေရင် ငါ ပူးပေါင်း ပေးနိုင်တယ်။ ခု သူတို့က ရန်လိုနေတာ... သက်သေလည်း မရှိဘူး။ ဘာဖြစ်လို့ သူတို့နဲ့ ပူးပေါင်းပြီး စိတ်ညှို့ ခံရမှာလဲ....."

"မင်းပြောတဲ့ လျှော်ကြေးကိုလည်း စိတ်မဝင်စားဘူး..."

ကျင်ဟောင်ရှုက လှောင်ပြောင်သော လေသံနှင့်.....

"ချင်ယန်... မင်းက လိပ်ပြာမလုံလို့ မဟုတ်လား...."

"လိပ်ပြာ မလုံလို့....."

ချင်ယန်က လှောင်ပြောင်သော လေသံဖြင့်.....

"ဂိုဏ်းသခင်လေး..... မင်းရဲ့ ဗိုလ်ကျမှုကို မခံတာနဲ့ လိပ်ပြာမလုံဘူး ဖြစ်သွားရောလား..... စိတ်ညှို့ ခံလိုက်ရင် အချိန် အတိုင်းအတာ တစ်ခုအထိ ကျင့်ကြံခြင်းအဆင့် တိုးတက်မှု အပေါ်မှာ အနည်းနဲ့အများ သက်ရောက်မှု ရှိတယ်။ ဒါကို ဂိုဏ်းသခင်လေးကျင် သိရဲ့လား..."

ကျင်ယောင်ရှု ဘေးနားမှ လူတစ်ယောက်က အော်ဟစ်လိုက်ပြီး.....

"ချင်ယန်.... ဆင်ခြေ ဆင်လက်တွေ ပေးမနေနဲ့။ စိတ်ညှို့ခံရရင် အကျိုး သက်ရောက်မှုက နည်းနည်းလေးပဲ ရှိတယ်။ အများဆုံး နှစ်လ၊ သုံးလလောက်ပဲ တိုးတက်မှု နှေးသွားမှာ။ မင်းကိုယ်မင်း ဂိုဏ်းသခင်လေးလို ပါရမီရှင် တစ်ယောက်လို့ ထင်နေတာလား..... နှစ်လ၊ သုံးလလောက်က မင်းအပေါ် ဘယ်လောက်တောင် သက်ရောက်မှု ရှိမှာ မဟုတ်လို့လဲ....."

ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်ကို ကျင်ဟောင်ရှုနှင့် အခြားလူများ မသိကြပေ။

မနေ့တုန်းက ကျင်ဟောင်ရှုနှင့် ချင်ယန်တို့ စကားများ ခဲ့ကြသော်လည်း သူတို့၏ အမြင်တွင် ချင်ယန် အကြောင်းကို လေးလေးနက်နက် စုံစမ်းရန် မလိုအပ်ဟု သတ်မှတ်ထားခဲ့သည်။

စုံစမ်းလျှင်ပင် ကျင်ဟောင်ရှုနှင့် အခြားလူများက သိရှိရန် ခက်ခဲလှသည်။ ချင်ယန်၏ ခွန်အားအမှန်ကို လူနည်းငယ်ကသာ သိရှိကြသည်။

မနေ့တုန်းက အကဲဖြတ်မှုတွင် ချင်ယန်တို့ သုံးယောက်က ယွမ်ဟူ နယ်ပယ် အဆင့် (၂) ကျင့်ကြံခြင်း အဆင့်ကိုသာ ပြသထားခဲ့သည်။ ထိုခွန်အားက ဇကာတင် စာရင်းထဲ ပါဝင်ရန် လုံလောက်နေသည်။

"လက်ထောက်မြို့ သခင်လီ.. တကယ်လို့ သူတို့မှာ သက်သေ မရှိရင် သူတို့နဲ့ စကား မပြောချင်တော့ဘူး"

ချင်ယန်က လီဇီယန်ကို ကြည့်ပြီး ပြောလိုက်သည်။

လီဇီယန်က ခေါင်းညိတ်လိုက်ပြီး.....

“ဂိုဏ်းသခင်လေး ကျင်..... လီလျှူ သန့်ရှင်းမြို့မှာ လီလျှူ သန့်ရှင်းမြို့ရဲ့ စည်းကမ်းတွေ ရှိတယ်။ တကယ်လို့ အတင်းအကျပ် ရှာဖွေချင်တယ်ဆိုရင် သက်သေပြပါ။ ဒီနေရာက သီသန့် အိမ်ရာတစ်ခုပါ။ ခွင့်ပြုချက် မရှိရင် ဝင်ရောက်ခွင့် မရှိဘူး....”

လီဇီယန်က အေးစက်စွာ ပြောလိုက်သည်။

ချူးဟူက အသံပို့လွှတ် လိုက်ပြီး.....

“ဂိုဏ်းသခင်လေး... စကား အများကြီး မပြောနဲ့တော့.... လူငယ် သိုင်းပညာ ညီလာခံက မကြာခင် စတော့မှာ။ ချင်ယန်တို့က ရှေးစေတီ ကျွန်းပေါ်ကို ဝင်မှာပဲ။ ရှေးစေတီကျွန်းကို စောင့်ကြည့်နေတယ် ဆိုပေမဲ့ စောင့်ကြည့်လို့ မရတဲ့ နေရာတွေ အများကြီး ရှိလိမ့်မယ်။ အဲ့နေရာမှာ ဂိုဏ်းသခင်လေး အခွင့်အရေးယူပြီး လှုပ်ရှားလို့ ရတယ်....”

ကျင်ဟောင်ရှု၏ မျက်လုံးက ဒေါသစိတ်ကြောင့် မီးဝင်းဝင်း တောက်လာသည်။ ရှေးစေတီ ကျွန်းပေါ်တွင် ချင်ယန်ကို သတ်နိုင်သည်။

"လူတိုင်းပဲ.. မနေ့ညက သေဆုံးသွားတဲ့ လူတွေက မဟူရာ နတ်ဆိုးသခင်နဲ့ ဘာမှ မဆိုင်ဘူး..."

"မီးလျှံဂိုဏ်းရဲ့ ဂိုဏ်သိက္ခာနဲ့ တိုင်းတည်ပြီး ငါ အာမခံတယ်...."

ကျင်ဟောင်ရှုက လေးနက်သော လေသံနှင့်.....

“လက်ထောက် မြို့သခင်လီ..... အခု လက်ရှိတော့ ငါတို့မှာ သက်သေ မရှိသေးဘူး။ ဒါပေမဲ့ အချိန်တန်ရင် သက်သေက ကျိန်းသေပေါက် ရှာတွေ့မှာပါ။ အဲ့အချိန်ကျရင် လက်ထောက် မြို့သခင်လီက မျှမျှတတ လုပ်ဆောင် ပေးမယ်လို့ မျှော်လင့်ပါတယ်....”

“ချင်ယန်..... မင်းကို စောင့်ကြည့်နေမယ်....”

ကျင်ဟောင်ရှုက ချင်ယန်ကို အေးစက်သော မျက်လုံးများနှင့် စိုက်ကြည့်ပြီးနောက် လှည့်ထွက်

သွားသည်။ သူ့လက်အောက် ငယ်သားများလည်း ထွက်သွားသည်။

လီဇီယန်က မျက်မှောင် ကြုတ်လိုက်ပြီး....

“ချင်ယန်.... ရှေးစေတီကျွန်းထဲကို မင်း မဝင်တာ ပိုကောင်းလိမ့်မယ်။ ဒီလိုမှ မဟုတ်ရင် မင်းအတွက် အသက်အန္တရာယ် ရှိတယ်...”

ထိုကဲ့သို့ ပြောပြီးနောက် လီဇီယန်က မျက်စိတစ်မှိတ် အတွင်း ပျောက်ကွယ် သွားသည်။

“ကျူဝမ်..... ရှေးစေတီကျွန်းကို ငါတို့ သွားနေတဲ့ အချိန်ကျရင် အိမ်ထဲကနေ အပြင်မထွက်နဲ့.....”

“လူအိုကြီးရှန်း... မင်းက အိမ်ထဲမှာ အထိုင်နေပေးပါ...’

ချင်ယန်က အကြံ ပေးလိုက်သည်။

ရှောင်ကျူဝမ်နှင့် အခြားလူများ၊ ကျန်းစွန်းရှန်းတို့က ခေါင်းညိတ် လိုက်ကြသည်။

ချင်ယန်၊ လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က ရှေးစေတီ ကျွန်းသို့ သွားရန် ထွက်ခွာ သွားကြသည်။

.....

ရှေးစေတီကျွန်းက လီလျှူ သန့်ရှင်း မြို့ထဲတွင် တည်ရှိသည့် ကျွန်းတစ်ကျွန်း ဖြစ်သည်။ ဧရိယာ စတုရန်း ကီလိုမီတာ (၂,၀၀၀) ခန့် ကျယ်ဝန်းပြီး မြင့်မားသော အပင်ကြီးများက ထူထဲစွာ ပေါက်ရောက် နေသည်။

ထို့အပြင် ကျွန်းပေါ်တွင် နတ်ဆိုးသားရဲ အများကြီး ရှိနေသေးသည်။

သို့သော် ရှေးစေတီကျွန်းကို ကြီးမားသော အစီအရင်ကြီးနှင့် ဖုံးအုပ် ထားသောကြောင့် နတ်ဆိုးသားရဲများကို မမြင်နိုင်ပေ။ ထို့ကြောင့် အတွေ့အကြုံ ခံစားရန် အကောင်းဆုံး နေရာတစ်ခု ဖြစ်နေသည်။

“လူတိုင်းပဲ အာရုံစိုက်ပေးပါ။ မကြာခင် ရှေးစေတီ ကျွန်းကို ရောက်တော့မယ်.....”

“တကယ်လို့ အသက်အန္တရာယ် ကြုံလာရင် မင်းတို့ရဲ့ ရှေးစေတီ အဆောင်ကို ဆုတ်ဖြဲလိုက်ပါ။ ဒါဆိုရင် အစီအရင်ရဲ့ အကာအကွယ်ကို ချက်ချင်း

ရလိမ့်မယ်။ ပြီးရင်တော့ အစီးအရင် စွမ်းအားနဲ့ ရှေးစေတီ ကျွန်း အပြင်ဘက်ကို ထုတ်ပေးလိမ့်မယ်....”

“အဆောင်ကို အသုံးပြုလိုက်တာနဲ့ ထုတ်ပယ်ခံရပြီ ဆိုတဲ့ အဓိပ္ပါယ်ပဲ...”

ကြီးမားသော မိုးပုံ လေကြီးပေါ်တွင် တစ်ခေါင်းလုံး ဆံပင်ဖြူနေသော အဘိုးအိုက ကျယ်လောင်စွာ အော်ပြောရင်း ရှင်းပြနေသည်။ ထိုအဘိုးအိုက လီဇီယန်ထက် ပိုမို သန်မာသည်။ သူက လီလျှူ ကောင်းကင်ဘုံ နန်းတော်၏

လက်ထောက် နန်းတော် သခင်ပင်။ လူငယ် သိုင်းပညာ ညီလာခံကို လက်ထောက် နန်းတော်သခင်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်းက လုံလောက်နေသည်။

“အခု ရှေးစေတီ ကျွန်းပေါ်မှာ အထူး နံပါတ်ပြား တစ်သောင်းရှိတယ်။ ဒါတွေကို ရှေးစေတီ ကျွန်းတစ်ခုလုံးမှာ နေရာဖြန့်ပြီး ချထားတယ်။ မင်းလက်ထဲမှာ နံပါတ်ပြား ဘယ်လောက် ရှိလဲဆိုတဲ့ အပေါ် မူတည်ပြီးတော့ နောက်ဆုံး အဆင့်ကို ဆုံးဖြတ်ပေးမယ်။ ကံကောင်းကြပါစေ...”

တစ်ခေါင်းလုံး ဆံပင်ဖြူနေသော အဘိုးအို၏ စကားဆုံး သွားသည့်အချိန်တွင် မိုးပျံလှေက ရှေးစေတီကျွန်း အပြင်ဘက် မီတာ (၂၀/၃၀) အကွာသို့ ရောက်ရှိလာသည်။

ဝေါင်း...

တောကြီး မျက်မည်းထဲမှ နတ်ဆိုးသားရဲ့ တစ်ကောင်၏ ဟိန်းဟောက်သံ ထွက်ပေါ်လာပြီး ထိုနတ်ဆိုးသားရဲက မိုးပျံလှေကို တိုက်ခိုက်ရန် မိုက်မဲစွာ ပြေးထွက်လာသည်။

“လူတိုင်းပဲ.... လှေပေါ်က ဆင်းကြပါ...”

တစ်ခေါင်းလုံး ဆံပင်ဖြူနေသော အဘိုးအို၊ ကလေးလေးနက်နက် ပြောလိုက်သည်။

ရုတ်တရုတ် ဆိုသလို လှေပေါ် ပါလာသည့် လူတစ်သောင်းက တစ်ယောက်ပြီး တစ်ယောက် ခုန်ချ သွားကြသည်။ အခြေခံအားဖြင့် ထိုလူများ ယွမ်ဟူနယ်ပယ်သို့ ရောက်နေကြသည်။ သို့သော် လူအများစုက ယွမ်ဟူ နယ်ပယ် အဆင့် (၁) သို့ ရောက်ရုံသာ ရှိပြီး ပိုနည်းသော လူများက ယွမ်ဟူနယ်ပယ် အဆင့် (၂) ၊ အဆင့် (၃) ရောက်နေကြသည်။ ကျန်းရီ၏ ကျင့်ကြံခြင်း

အဆင့်က ယွမ်ဟူ နယ်ပယ် အဆင့် (၅) ဖြစ်နေသဖြင့် သူတို့ကြားတွင် တော်တော်လေး ကောင်းမွန်နေသည်။

ထုံးစံအတိုင်း ကျင်ယောင်ရှု ကဲ့သို့ အထွတ်အထိပ် ပါရမီရှင်များက ကျန်းရီထက် အများကြီး ပိုကောင်းပြီး ဟွာဝမ်ရိုထက် ပိုမြင့်ကာ ယွမ်ဟိုင် နယ်ပယ် အဆင့် (၉) တွင် ရှိနေကြသည်။

ယခုလက်ရှိတွင် ဟွာဝမ်ရို၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင် နယ်ပယ် အဆင့် (၈) ဖြစ်နေပြီ။

“ချင်ယန်.... ဒီဂိုဏ်းသခင်လေး... ဒေါ သထွက်သွားတဲ့ အကျိုးဆက်ကို မင်း သိစေရမယ်..”

ကျင်ဟောင်ရှု၏ အေးစက်သော အသံက ချင်ယန် စိတ်ထဲတွင် ပေါ်လာသည်။

သူက တန်ခိုးရှင် အများကြီး ခေါ်လာပြီး မီးလျှံဂိုဏ်းမှ တန်ခိုးရှင် နှစ်ဆယ့်သုံးယောက် ပါလာသည်။ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် (၁၀) ယောက်ပါလာပြီး ကျန်သည့်လူများက ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များ ဖြစ်ကြသည်။

သူတို့၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၉) တွင် ရှိနေကြသည်။

ထို့အပြင် အသက် ကန့်သတ်ချက်က (၃၀) ဖြစ်သည်။ သြဇာ ကြီးမားသော အင်အားစုများမှ ဆင်းသက်လာသည့် ပါရမီရှင်များတွင် တန်ခိုးရှင် အများကြီး ပါလာခြင်းက ပုံမှန်သာ ဖြစ်သည်။

“သွားမယ်..”

ချင်ယန်၊ ဟွာဝမ်ရိုနှင့် လောင်လန်နာတို့လည်း ခုန်ချလိုက်ကြသည်။

“ချင်ယန်တို့ အဖွဲ့ရဲ့ ရုပ်ပုံကို ဖော်လိုက်.....”

ရှေးစေတီကျွန်း အနီးရှိ မျှော်စင် တစ်ခုပေါ်တွင် ကျန်ကျူပင်က အေးအေးဆေးဆေး ပြောလိုက်သည်။ သူ့ရှေ့တွင် ကြီးမားသော သလင်းကျောက် အလုံးကြီး တစ်ခု ရှိနေသည်။ ထိုသလင်းကျောက် အလုံးကြီးကို ရှေးစေတီ ကျွန်းဘက်မှ အစီအရင်နှင့် ချိတ်ဆက်ထားသည်။

ကြီးမားသော အစီအရင်ကြီးကို အစီအရင် သေးသေးလေးများနှင့် ချိတ်ဆက်ထားသဖြင့် ပြင်ပ

ကမ္ဘာမှ အတွင်းပိုင်းရှိ အခြေအနေကို မြင်နေရသည်။

ထုံးစံ အတိုင်းပင်..... ရှေးစေတီ ကျွန်းက ဧရိယာ ကိလိုမီတာ (၂,၀၀၀) ကျယ်ဝန်းသဖြင့် ထုတ်ဖော် မပြသနိုင်သည့် နေရာများစွာ ရှိနေသေးသည်။

“ဟုတ်ကဲ့...”

ကျန်ကျူပင် ရှေ့တွင် ရှိနေသော လူတစ်ယောက် အမှန်တကယ် လေးစားသော လေသံနှင့် ပြန်ဖြေလိုက်သည်။ သူက ထိုကဲ့သို့ ပြောရင်း

ချက်ချင်း လုပ်ဆောင်လိုက်ရာ အစီအရင် စွမ်းအားက ချင်ယန်တို့ သုံးယောက်၏ ရှေးစေတီ အဆောင်ကို အာရုံ ခံလိုက်သည်။ ရှေးစေတီ အဆောင်က ချင်ယန်တို့၏ တည်နေရာကို ဆုံးဖြတ် ပေးနိုင်သည်။

မကြာခင် သလင်းကျောက် အလုံးပေါ်တွင် ကြည်လင် ပြတ်သားသော ရုပ်ပုံများ ပေါ်လာသည်။

ထိုရုပ်ပုံက သစ်ပင်ကြီး အနီးအနားတွင် ရှိနေသော ချင်ယန်တို့၏ ရုပ်ပုံပင်။ ထိုသစ်ပင်ပေါ်တွင် အထူး စည်းတံဆိပ်ကို ရေးဆွဲ

ထားသဖြင့် သစ်ပင် ပတ်လည် မီတာ တစ်ရာအတွင်းက ရုပ်ပုံများကို အာရုံခံနိုင်သည်။ ရုပ်ပုံထဲတွင် သစ်ပင်နှင့် မီတာ အနည်းငယ် ကွာဝေးသော နေရာမှ ချင်ယန်တို့၏ ရုပ်ပုံကို ဖော်ပြထားသည်။

ချင်ယန်၏ မျက်လုံးက တလက်လက် တောက်ပလာသည်။ အစီအရင် စတင် လိုက်သည်နှင့် ချင်ယန်၏ အကဲဆတ်လွန်းသော မသိစိတ်ကြောင့် တစ်ခုခု ထူးဆန်း နေသည်ဟု ခံစားလိုက်ရသည်။

ဟွာဝမ်ရိုး၏ ကျင့်ကြံခြင်း အဆင့်က ချင်ယန်ထက် အဆင့်နှစ်ဆင့် မြင့်နေသော်လည်း ဟွာဝမ်ရိုနှင့် လောင်လန်နာတို့က မည်သည့် အရာကိုမှ မခံစားရပေ။

မနေ့ညတွင် ချင်ယန်က ယွမ်ဟိုင် နယ်ပယ် အဆင့် (၆) သို့ ရောက်ရှိခဲ့သည်။ ယနေ့တွင် ယွမ်ဟိုင်နယ်ပယ် အဆင့် (၇) သို့ တက်လှမ်းနိုင်သော်လည်း တရားဝင်တော့ မရောက်သေးပေ။

“ဝမ်ဖူ..... ချင်ယန် နောက်ကလူက ဘယ်သူလို့ ထင်လဲ....”

ကျန်ကျူပင်က အသံပို့လွှတ်ပြီး မေးလိုက်သည်။

အခုလက်ရှိတွင် ဝမ်ဖူက ကျန်ကျူပင်နှင့် အတူတူ ရှိနေသည်။

“နန်းတော်သခင်.... ဒီလက်အောက် ငယ်သားက ဘယ်လို သိမှာလဲ။ ဒါပေမဲ့ ချင်ယန် နောက်မှာ တန်ခိုးရှင် တစ်ယောက် ရှိနိုင်တဲ့ ဖြစ်နိုင်ချေက များနေတယ်။ ဒီလိုမှ မဟုတ်ရင် ချင်ယန်က ဒီလောက် ရဲတင်းနေမှာ မဟုတ်ဘူး။

ကျင်ယောင်ရှုနဲ့လည်း ထိပ်တိုက် ရင်ဆိုင်ဖို့ မကြောက်ဘူး....."

ကျန်ကျူပင်က တောက်ပနေသော မျက်လုံးများနှင့် ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး.....

"ကျင်ယောင်ရှု လက်ထဲမှာ ချင်ယန် သေမယ်လို့ ထင်လား....."

"နန်းတော်သခင်.. ဒါက ပြောရခက်တယ်။ ချင်ယန်တို့က ကျွန်းပေါ် လာရဲတယ် ဆိုတော့ သူတို့မှာ ဝှက်ဖဲတော့ ရှိမှာပဲ...."

“ဒါပေမဲ့ ကျင်ယောင်ရှုမှာ ပစ္စည်းကောင်း အများကြီး ပါလာမှာ သေချာတယ်။ အပေါ်ယံ ကြည့်ရင်တော့ ချင်ယန်တို့မှာက လူ သုံးယောက်တည်း..... ကျင်ယောင်ရှုမှာ နှစ်ဆယ့် သုံးယောက်.. တခြား တန်ခိုးရှင်တွေလည်း ကူညီ ပေးအုံးမယ်လို့ ခန့်မှန်းမိတယ်..”

အခန်း(၃၃၆) - အိမ်ထဲ ခိုးဝင်ချင်တာလား

“ချင်ယန် .. ရပ်လိုက်စမ်း.....”

ချင်ယန်တို့ အဖွဲ့ ရှေးစေတီ ကျွန်းထဲဝင်ပြီး သိပ်မကြာခင် အေးစက်သော အသံတစ်ခုက သူတို့ နားထဲ ရောက်လာသည်။

လူတော်တော် များများက ချင်ယန်နောက်သို့ အမြန် ပြေးလိုက် လာကြသည်။

ချင်ယန်တို့ နောက်ကို အမဲလိုက်လာသော လူအုပ်ထဲတွင် အစွမ်း အထက်ဆုံးက ယွမ်ဟိုင် နယ်ပယ် ဖြစ်ပြီး ကျန်လေးယောက်က ယွမ်ဟူ နယ်ပယ်သာ ရှိနေသည်။ သူတို့ အော်ရာနှင့် ဝတ်စားဆင်ယင်မှု အရ တူညီသော အင်အားစု တစ်ခုတည်းမှ မဖြစ်နိုင်ပေ။

သို့သော်လည်း သူတို့ ငါးယောက်အဖွဲ့က မဆိုးလှပေ။ အား အနည်ဆုံးလူက ယွမ်ဟူ နယ်ပယ် အဆင့် (၄)တွင် ရှိနေသည်။

“ဘာကိစ္စလဲ.....”

ချင်ယန်က ရိုးရိုးရှင်းရှင်း ပြန် မေးလိုက်သည်။

ဤနေရာတွင် သူတို့ကို အာရုံခံနေသည့် လူများ ရှိနေသေးကြောင်း ချင်ယန်က သတိထားမိသည်။

ဒီနေရာကို စောင့်ကြည့် နေနိုင်သည့်လူက လီလျှူ ကောင်းကင်ဘုံ နန်းတော်၏ အဆင့်အတန်း အမြင့်ဆုံး ကျန်ကျူပင်သာ ဖြစ်နိုင်သည်။

“ချင်ယန်.... လောင်လန်နာကို ထားခဲ့မယ်ဆိုရင် မင်း သွားလို့ ရတယ်....”

ဦးဆောင်လာသော ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်က မောက်မာစွာ ပြောဆိုလိုက်သည်။

ချင်ယန်တို့ကို လိုက်မီလာသည့် လူများက ဝမ်းသာပီတိ ဖြစ်နေကြသည်။ ကျင်ဟောင်ရှုက လောင်လန်နာကို တောင်းဆို ထားသည်။ လောင်လန်နာကို ဖမ်းပြီး ကျင်ဟောင်ရှုထံ ပို့လိုက်မည် ဆိုလျှင် သူတို့က ကျင်ဟောင်ရှု၏ လူများ ဖြစ်သွားနိုင်သည်။

ဟွမ်ဟိုင်နယ်ပယ် ကျင့်ကြံခြင်း အဆင့်က တော်တော်လေး အားကောင်းသော်လည်း

ကျင့်ကြံခြင်းအဆင့် မြင့်မားလာသည်နှင့် အမျှ ကုန်ကျစရိတ်ကလည်း အမှန်တကယ် မြင့်မားလာသည်။

ယွမ်ဟိုင် နယ်ပယ်သို့ ရောက်သွားသောအခါ စိတ်ဝိညာဉ် ကျောက်တုံး သို့မဟုတ် ကျင့်ကြံရေး ပစ္စည်းတစ်ခုခုကို အသုံးပြုပြီး မကျင့်ကြံပါက ကျင့်ကြံသော အကျိုး သက်ရောက်မှုက မရှိသလောက် ဖြစ်သွားသည်။

ထို့အပြင် လက်နက်များ၊ ဆေးများ စသည်ဖြင့် နေရာတကာတွင် ကုန်ကျစရိတ်များ ပတ်လည် ဝိုင်းနေသည်။

အကယ်၍ ကျင်ဟောင်ရှု၏ လက်အောက် ငယ်သား ဖြစ်လာမည် ဆိုပါက အကျိုးခံစားခွင့် အလွန် ကောင်းသွားလိမ့်မည်။

“မင်းက လောင်လန်နာကို ဖမ်းချင်တယ် ဆိုတော့ ဒူးထောက်ပြီး ကျင်ယောင်ရှု ဖင်ကို နမ်းချင်လို့လား...”

ချင်ယန်က လှောင်ပြောင်ပြီး ပြောလိုက်သည်။

“ခွေးမသား.... ချင်ယန်..... စကားကို ဘယ်လို ပြောနေတာလဲ.....”

“လောင်လန်နာကို မြန်မြန် ပေးစမ်း.... ငါတို့ကို အတင်းအကြပ် လုပ်ရအောင် ဖိအား မပေးနဲ့.....”

“မင်း ငယ်ပါသေးတယ်ကွာ..... သူတို့နှစ်ယောက် အပေါ် မင်း ကောင်းပေးနိုင်သလောက် ငါတို့ လည်း ကောင်းပေး နိုင်ပါတယ်။ မင်းဟာက အရမ်းကြီးတယ်လို့ လာမပြောနဲ့နော်.....”

“ချင်ယန်... ဒါက အိပ်မက် မဟုတ်ဘူးနော်..... တကယ် သေသွားလိမ့်မယ်.....”

ထိုလူများက တော်တော်လေး မောက်မာ နေကြသည်။

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး.....

“မင်းတို့ရဲ့ ပင်ကိုယ် ပါရမီက တော်တော်လေး ကောင်းပါတယ်။ မင်းတို့ရဲ့ လေသံကလည်း တိုင်းတစ်ပါး လေသံ မဟုတ်ဘူး။ လီလျှု ကောင်းကင်ဘုံ နန်းတော်က မီးလျှံကြီးဂိုဏ်းထက် နိမ့်ကျ နေလို့လား..... လီလျှု ကောင်းကင်ဘုံ

နန်းတော်ထဲ ဝင်ကြပါလား... မီးလျှံကြီး ဂိုဏ်းထက် အများကြီး သာပါတယ်ကွာ....”

သုန်မှုန်နေသော ကျန်ကျူပင်၏ မျက်နှာပေါ်တွင် အပြုံး ပါးပါးလေးတစ်ခု ပေါ်လာပြီး သူ့စိတ်ထဲ၌ ‘ချင်ယန်က လီလျှု ကောင်းကင်ဘုံ နန်းတော်ကို အရမ်း ရန်စချင်တဲ့ပုံ မရှိဘူး’ ဟု တွေးလိုက်မိသည်။

ချင်ယန်က ကျန်ကျူပင် စောင့်ကြည့်နေကြောင်း သိနေသဖြင့် တမင်သက်သက် ပြောလိုက်သည်ကို ကျန်ကျူပင်က မည်ကဲ့သို့ သိနိုင်မည်နည်း.....

ထိုကဲ့သို့ မဟုတ်ပါက ဒီကောင်များနှင့် ပေါက်ကရ စကားပြောရင်း အချိန်ဖြုန်းနေမည် မဟုတ်ပေ။

ဘုန်း....

“မီးလျှံကြီးဂိုဏ်းထဲ ဝင်ဖို့ မင်းရဲ့ ခွင့်ပြုချက် ယူရအုံးမှာလား....”

“လူမြန်မြန် ပေးစမ်း..... ဒီလိုမှ မဟုတ်ရင် ငါတို့ မဆိုးမဆိုနဲ့နော်.....”

လူအချို့က လက်နက်များ ဆွဲထုတ်ပြီး တိုက်ခိုက်တော့မည် တကဲကဲ လုပ်နေကြသည်။ အချိန်ကြာသွားပါက အခြားလူများ ရောက်လာမည်ကို သူတို့ စိုးရိမ်နေကြသည်။

“ကောင်းပြီလေ... လောင်လန်နာကို မင်းတို့ဆီ ပေးလိုက်မယ်....”

“ဒါပေမဲ့ ယူနိုင်လား၊ မယူနိုင်ဘူးလား ဆိုတာ မင်းတို့ အရည်အချင်း အပေါ်မှာ မူတည်တယ်....”

ချင်ယန်က ပါးပါးလေး ပြုံးပြီး ပြောလိုက်သည်။

လောင်လန်နာက ခြေနှစ်လှမ်း ရှေ့တိုးပြီး သူမ ခါးကို ရုတ်တရတ် ဆွဲထုတ်လိုက်ရာ တောက်ပနေသော ခါးအလင်း တစ်ခုက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်ထံ တိုးဝင သွားသည်။

ယခုလက်ရှိတွင် လောင်လန်နာ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင် နယ်ပယ် အဆင့် (၃) ဖြစ်နေသည်။ သူမတွင် နတ်သူငယ် သွေးမျိုးဆက်လည်း ရှိနေသောကြောင့် သူမ၏ ခွန်အားကို ပိုမို အားကောင်းနေသည်။

ထို့အပြင် ချင်ယန် ပေးထားသော ကျင့်ကြံခြင်း ကျင့်စဉ် ၊ သိုင်းကျင့်စဉ်နှင့် သူမ လက်ထဲတွင် ရှိနေသော ဓါးက အလွန် ကောင်းမွန်နေသဖြင့် သူမ၏ တိုက်ခိုက်ရေး အစွမ်းက ယွမ်ဟိုင်နယ်ပယ် အဆင့် (၆) သို့မဟုတ် ထိုထက် ကျော်လွန်နေသည်။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် လူငယ်လေးက ယွမ်ဟိုင် နယ်ပယ် အဆင့် (၂) ရောက်ရုံသာ ရှိသေးသည်။

“မင်း....”

လောင်လန်နာ၏ ဓါးချက်က အလွန်လျင်မြန်သည့် အပြင် လောင်လန်နာက သူ့ကို သတ်လိမ့်မည်ဟု လုံးဝ မမျှော်လင့် ထားခဲ့ပေ။ အစွမ်းကုန် ခုခံ ကာကွယ် ခဲ့သော်လည်း လောင်လန်နာ၏ ဓါးက အဆိပ်ပြင်းသော မြွေတစ်ကောင်ကဲ့ သို့ သူ့လည်ပင်းထဲ တိုးဝင်သွားသည်။

လောင်လန်နာ၏ ထက်ရှလှသော ဓါးသွားက သူ့လည်ပင်းကို ချက်ချင်း ဖြတ်တောက်ပစ်လိုက်သည်။ တစ်ချိန်တည်းမှာပင်

ဓါးချက်နှင့်အတူ ပါလာသော ဓါးစွမ်းအင်က လူငယ်လေး၏ လည်ပင်းမှ သွေးကြောများ၊ အရိုးများ စသည့် အရာများကို မွှေနှောက် ဖျက်ဆီး သွားသည်။

ယခုကိစ္စတွင် လူငယ်လေးက သေချင်၍ ဖင်ယားခြင်း သို့မဟုတ် လောင်လန်နာကို အထင်သေး ခဲ့ခြင်းကလည်း တစ်စိတ်တစ်ပိုင်း ပါဝင်နေသည်။

“မကောင်းတော့ဘူး..”

“ပြေး.. လွတ်အောင်ပြေး...”

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် လေးယောက်က သေးထွက်ကျ မတတ် ကြောက်လန့်သွားပြီး လောင်လန်နာ၏ မျက်နှာကိုပင် စေ့စေ့ မကြည့်ရဲတော့ချေ။ သူမ၏ ခွန်အားက သန်မာလွန်းနေသည်။

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က ချင်ယန်၏ လက်အောက် ငယ်သားများ ဖြစ်ကြသည်။ သူတို့၏ အမြင်အရ လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ ခွန်အားက ယွမ်ဟူ နယ်ပယ်တွင်သာ ရှိနေသင့်သည်။

ယွမ်ဟိုင်နယ်ပယ် ရောက်နေပါလျက်နှင့် အဘယ်ကြောင့် ချင်ယန်၏ လက်အောက် ငယ်သား လုပ်နေရသနည်း.....

ကျင်ဟောင်ရှုကဲ့သို့ လူမျိုး၏ လက်အောက် ငယ်သား တစ်ယောက် လုပ်သင့်သည်။

"ဘာတွေ စဉ်းစားနေတာလဲ...."

"ကိုယ့်ကိုယ်ကိုယ် အဆုံးသတ်လိုက် ရုံပါပဲ...."

ဟွာဝမ်ရိုး၏ အပြုံး၊ ဟွာဝမ်ရိုး၏ ရယ်မောသံများက မှော်ဆန်သော အသံတစ်ခု ကဲ့သို့

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် လေးယောက်၏ စိတ်ထဲ စီးဆင်းသွားသည်။ သူတို့၏ လှုပ်ရှာမှုများက ရုတ်တရက် ရပ်တန့်သွားသည်။

နောက်ထပ် အခိုက်အတန့်တွင် လက်နက် တစ်ခုက သူတို့ ခန္ဓာကိုယ်ထဲ ရက်ရက် စက်စက် ထိုးဖောက် ဝင်ရောက်သွားသည်။

အဆူးများပင်...

“မင်း.....”

ပြင်းထင်နေသော နာကျင်မှု ဝေဒနာကြောင့် အသိစိတ် ပြန်ဝင်လာသော်လည်း သေဆုံးတော့မည် ဖြစ်သဖြင့် အလွန် စိတ်ဓါတ် ကျသွားသည်။

“သိမ်းလိုက်.....”

ချင်ယန်က အလောင်း အနည်းငယ်ကို တစ်ချက်တည်းဖြင့် ဖမ်းသိမ်းလိုက်သည်။ သူတို့ ခန္ဓာကိုယ်ထဲတွင် လျှုဝမ် စုပ်ယူနိုင်သည့် စွမ်းအင်များ ပါဝင်နေသည်။

“သွားရအောင်.....”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

မကြာခင် ချင်ယန်တို့ အဖွဲ့ ထွက်သွားပြီး ကျန်ကျူပင် ကြည့်နေသော သလင်းကျောက် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။

“ဝမ်ဖူ.. မင်း ဘယ်လို ထင်လဲ...”

ဝမ်ဖူက ခတ္တာမျှ စဉ်းစားပြီးနောက်.....

“နန်းတော်သခင်.... ချင်ယန်က ငါတို့ လီလျူ ကောင်းကင်ဘုံ နန်းတော်ကို အရမ်းကြီး ရန်မလိုနေဘူး။ ဒါပေမဲ့ နန်းတော်သခင်ရဲ့

လျှို့ဝှက်ချက်ကို သိနေလို့ ကျင်ဟောင်ရှုက သူသေအောင် သတ်ပစ်လိုက်ရင် အကောင်းဆုံးပဲ...”

“ပြီးတော့... ချင်ယန် အနားမှာ ရှိတဲ့ အိမ်ဖော်တွေရဲ့ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် ရောက်နေတဲ့ ပုံပဲ။ သူ့နောက်ကွယ်က အစွမ်းထက်တဲ့ တန်ခိုးရှင်ရဲ့ ပံ့ပိုးကူညီမှုကို ရယူထားဖို့ မျှားတယ်”

ကျန်ကျူပင်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ထိုစဉ် ဝမ်ဖူ၏ နားရွက်များက လှုပ်သွားပြီး.....

“နန်းတော်သခင်... ချူးဟူတို့ အဖွဲ့က နေလကျွန်းပေါ် တိတ်တိတ်လေး ရောက်နေတယ်လို့ သတင်း ပို့လာပါတယ်။ ပစ်မှတ်က ချင်ယန်ရဲ့ အိမ်လို့ ခန့်မှန်းရတယ်....”

“လီဇီယန်၊ မရှိဘူး မဟုတ်လား....”

“အဲ့ဒီမှာ မရှိပါဘူး...”

“အရမ်း ကောင်းတယ်....”

ကျန်ကျူပင်က ချင်ယန်နှင့် ကျင်ဟောင်ရှုတို့ ပိုမို ပြင်းထန်စွာ တိုက်ခိုက်ရန် မျှော်လင့်နေသည်။

အကယ်၍ လီဇီယန်သာ နေလကျွန်းပေါ်တွင် ရှိနေမည် ဆိုပါက ချူးဟူတို့ အဖွဲ့ကို တားမည် ဖြစ်သောကြောင့် ချင်ယန်တို့ အဖွဲ့နှင့် ကျင်ဟောင်ရှုတို့ အဖွဲ့က ပြင်းပြင်းထန်ထန် တိုက်ခိုက် ကြတော့မည် မဟုတ်ပေ။

……

ချူးဟူက ချင်ယန်တို့ အိမ်အနားကို တိတ်တိတ်လေး ရောက်လာပြီး အိမ်ထဲ ခိုးဝင်ရန် လုပ်နေခြင်းပင်။

ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၅) ကျင့်ကြံခြင်းအဆင့်နှင့် အတူ ရတနာ အနည်းငယ် အသုံးပြုထားကြောင့် ချူးဟူက သူ့ကို ရှာမတွေ့နိုင်ဘူးဟု ယုံကြည်နေသည်။

ကျန်းစွန်းရှန်းက ဓမ္မကလေးငယ် အဆင့် ရောက်နေရုံသာ ရှိသေးသည်။ ကျန်းသည့် လူများကိုမူ ချူးဟူက မျက်လုံးထဲပင် မထည့်ချေ။

“တာအို မိတ်ဆွေချူး.... မဖိတ်ခေါ်ဘဲနဲ့ ဘာဖြစ်လို့ ဝင်လာတာလဲ....”

ကျန်းစွန်းရှန်းက အသံမြှင့်ပြီး အော်ဟစ်လိုက်သည်။ ချူးဟူ ခိုးဝင်လာသည်ကို သူက သတိ မထားမိသော်လည်း လျူဝမ်က အာရုံခံမိပြီး ကျန်းစွန်းရှန်းကို ချက်ချင်း အသိ ပေးလိုက်သည်။

လျူဝမ်၏ ဓမ္မကလေးငယ် အဆင့် (၃) ကျင့်ကြံခြင်း အဆင့်က ချူးဟူထက် အားနည်းခြင်း မရှိပေ။

ထို့အပြင် အစောင့်အရှောက် မွန်းစတား အပင် အနေဖြင့် လျှုဝမ်က ထိုကဏ္ဍတွင် အလွန် ထူးချွန်သည်။

ချူးဟူက သူ့ကိုယ်သူ ဖုံးကွယ်နိုင်ပြီ အထင်နှင့် အိမ်ထဲ တိတ်တိတ်လေး ဝင်ချင်နေသည်။

ချူးဟူ မျက်မှောင် ကြုတ်သွား၏။

'ကျန်းစွန်းရှန်းက ငါ့ကို ဘယ်လို ရှာတွေ့သွားတာလဲ...'

‘ကျန်းစွန်းရှန်း သိသွားပြီ အိမ်ထဲ ဝင်လာတော့....”

ချူးဟူသည် သူကိုယ်တိုင် တိုက်ရိုက် လှုပ်ရှားရန် မဖြစ်နိုင်တော့သဖြင့် ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်ခိုးရှင်ထံ အသံပို့လွှတ်ပြီး ပြောလိုက်သည်။ သူတို့က အိမ်နောက်ဖေး ဘက်မှ လှုပ်ရှားရန် အဆင်သင့် ဖြစ်နေကြသည်။

“ကျန်းစွန်းရှန်း.... မင်းရဲ့ ကျန်းစွန်း မိသားစုကို စဉ်းစားသင့်တယ်....”

ချူးဟူ၏ ရုပ်ပုံက ပေါ်လာသည်။ သူက အိမ်တံခါးအဝသို့ ရောက်သည်နှင့် ထုံးစံအတိုင်း ကျန်းစွန်းရှန်းလည်း ရောက်လာသည်။

"တာအို မိတ်ဆွေချူး... မင်းမှာလည်း မိသားစုတွေ ရှိပါတယ်။ မီးလျှံဂိုဏ်းကြီး တစ်ခုအနေနဲ့ မိသားစုတွေနဲ့ ခြိမ်းခြောက်တာ အဆင့်အတန်း နိမ့်ကျ လွန်းပါတယ်ကွာ....."

ကျန်းစွန်းရှန်းက ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

“ဒီအဘိုးကြီး မသေသေးဘူး။ ငါတို့ ကျန်းစွန်း မိသားစုကို ထိရဲ ထိကြည့်လေ.... မိုးကြိုး အတွဲလိုက် ပစ်ချတာထက် ပိုဆိုး သွားစေရမယ်....”

ချူးဟူက မျက်မှောင် ကြုတ်လိုက်ပြီ.....

“ကျန်းစွန်းရှန်း.... ချင်ယန်လို ကောင်မျိုးကို မင်းအသက် ရောင်းဖို့ တန်လို့လား...”

“ဘာလို့ မတန်ရမှာလဲ.....”

“ရှောင်ချင်က ဒီအဘိုးကြီး အသက်ကို ကယ်ခဲ့တာ....”

ထိုနေရာတွင် ကျန်းစွန်းရှန်းတို့ နှစ်ယောက် စကားပြောနေကြစဉ် ယွမ်ဒန် နယ်ပယ် တန်ခိုးရှင် နှစ်ယောက်က မိုးမခပင် စောင့်ကြပ်နေသော အိမ်ထဲ တိတ်တိတ်လေး ခိုးဝင် သွားကြသည်။ ချင်ယန်သည် လွန်ခဲ့သော ရက်ပိုင်းက အလွန် အလုပ်ရှုပ်နေသဖြင့် အိမ်ထဲတွင် အစီအရင်များ လုံးဝ မခင်းကျင်းထားခဲ့ပေ။ ထို့အပြင် အစီအရင် ခင်းကျင်းရန် အချိန်လည်း မရှိပေ။

“ပါချီ ပါချက်လေးတွေက ငါတို့ကို တားချင်သေးတယ်..”

"ရပ်လိုက်တော့ ... ပစ်မှတ်က ဒီအနားမှာပဲ....."

ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်ခိုးရှင် နှစ်ယောက်က တိတ်တိတ်လေး ဆက်သွယ်ပြောဆိုနေကြသည်။ သူတို့က ကျင့်ကြံနေသည့် အင်္ဂေ့အသက်ကို ထိတွေ့လိုက်ရပြီး ရှောင်ကျူဝမ်နှင့် အခြားလူများက ဒီနေရာတွင် ရှိနေပုံ ရသည်။

ဖောက်...

ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်ခိုးရှင် နှစ်ယောက်က လှုပ်ရှားရန် ရှေ့ဘက်သို့ ကျားခြောင်း

ချောင်းနေစဉ် သစ်မြစ်နှစ်ခုက လျှပ်စီးလက်သည့် အလား မြန်ဆန်စွာ ပျံသန်းလာသည်။

သစ်မြစ်များက မြေကြီးထဲမှ တိုးထွက်လာ တန်ခိုးရှင် တစ်ယောက်၏ ပေါင်ကြားမှ ထိုးဖောက်ကာ အထဲဝင် သွားသည်။

ရင်ဘက်ထဲအထိ တည့်တည့်မတ်မတ် ရောက်ရှိသွားသည်။

တန်ခိုးရှင်တို့၏ အသည်းနှလုံး ဖြစ်သော ဒန်တယ်က ထိုးဖောက် ခံလိုက်ရသည်။

"လူအိုကြီးချူး... ကယ်ပါအုံး..."

အခြား တန်ခိုးရှင် တစ်ယောက်က ကြောက်လန့်တကြား အော်ဟစ်ရင်း ထွက်ပြေးလာသည်။

သို့သော် သူ့အသံက လုံးဝ မထွက်ခဲ့ပေ။ အဝါရောင် ခပ်ဖျော့ဖျော့ အလင်းများက သူ့ခန္ဓာကိုယ် တစ်ခုလုံးတွင် ပေါ်လာပြီး သူ့အသံ မပြန့်သွားအောင် တားဆီးထားသည်။

အပြင် ပြန်မထွက်နိုင် အောင်လည်း တားဆီး ထားသေးသည်။

“လမ်း ဖယ်စမ်း...”

ထိုတန်ခိုးရှင်က ကြောက်ရွံ့စိတ်နှင့် အစွမ်းကုန် ကြိုးစားနေပြီး သိုင်းဝိညာဉ်ကိုလည်း ဆင့်ခေါ်ကာ ဓါးစိတ်ဆန္ဒကိုပင် အသုံးပြုလိုက်သည်။

ဘုန်း.....

ဓါးအလင်းက အဝါရောင် ဖျော့ဖျော့ အလင်းနှင့် တိုက်မိပြီး စူးရှသော အသံတစ်ခု ထွက်ပေါ်လာသည်။ သို့သော် ထိုအသံက အပြင်ဘက်သို့ မထွက်သွားသေးပေ။ အဝါရောင် ဖျော့ဖျော့ အလင်းကလည်း လုံးဝ မပြိုကွဲသွားခဲ့ပေ။

“တောက်စ်... ဘောပဲ..”

ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်ခိုးရှင်က စိတ်ထဲမှ အော်ဆဲလိုက်သည်။ သူ့လက်ထဲတွင် တိုက်ခိုက်ရေး အဆောင်တစ်ခု ချက်ချင်း ပေါ်လာသည်။ တစ်ခုမဟုတ်၊ နှစ်ခု.... နှစ်ခုလုံးက အဆင့် (၇) အဆောင်များ ဖြစ်နေသည်။

ဖောက်.....

နောက်ထပ် သစ်မြစ်တစ်ခု ထပ်ထွက်လာသည်။

သူ့မျက်လုံးက ရုတ်တရုတ် ပြူးထွက်လာသည်။ သူ၏ ခံစစ်စွမ်းရည်က အရင် သေသွားသော တစ်ယောက်လောက် မကောင်းပေ။ သစ်မြစ်က ဝမ်းဗိုက်မှ ထိုးဖောက် ဝင်ရောက်ပြီး ဦးခေါင်းနောက်ဘက်မှ ပြန်ထွက်သွားသည်။

ပြန်ထွက်လာသော သစ်မြစ် အပေါ်တွင် သွေးများနှင့် ဦးနှောက် အဖြူရောင် အနှစ်များ ရောထွေးပြီး စီးကျနေသည်။

ထို့နောက် အလောင်း နှစ်လောင်းကို များပြားလှသော သစ်မြစ်ကလေးများက ထိုးဖောက်

ဝင်ရောက်နေသည်။ နှစ်မိနစ် အတွင်း၌ အလောင်း နှစ်လောင်းက အရိုးသာ ကျန်ရစ်ခဲ့သည်။

မြေပေါ်မှ သွေးများကိုလည်း မည်သည့် အရာမှ မကျန်အောင် စုပ်ယူသွားသည်။

ထိုအချိန်တွင် ဒေါင်ဖန်ဟွမ်က တိတ်တဆိတ် ပေါ်လာပြီး အရိုးများကို ကောက်ယူကာ အထူး ပြုလုပ်ထားသော အရည်များ ထည့်ထားသည့် ပုံးကြီးတစ်ခုထဲ ပစ်ချလိုက်သည်။

အချိန်တိုလေး အတွင်းမှာပင် အရိုးများက မည်သည့်အရာမှ မကျန်အောင် အရည်ပျော်သွားသည်။

အခန်း(၃၃၇) - ချင်ယန် နောက်ကွယ်မှာ ဘယ်သူလဲ

"ဘာတွေ ဖြစ်နေတာလဲ...."

"မပြီးကြသေးဘူးလား...."

ချူးဟူက ကြိတ်ပြီး မျက်မှောင် ကြုတ်လိုက်သည်။ ကျန်းစွန်းရှန်းနှင့် စကား အချေအတင် ပြောဆိုနေသည်မှာ (၃) မိနစ်၊ (၅) မိနစ်ခန့် ရှိနေပြီး စိတ်ဝင်တစား လာရောက်

ကြည့်ရှုနေသည့် လူများလည်း အနည်းအကျဉ်း ရှိနေခဲ့ပြီ....

အထဲ ခိုးဝင်သွားသော ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်းခိုရှင် နှစ်ယောက်က ယခုအချိန်ထိ အကြောင်း မပြန်သေးပေ။

“တာအိုမိတ်ဆွေ ချူးဟူက ဒီထဲကို တော်တော်လေး စိတ်ဝင်စား နေတာပဲ...”

လီဇီယန်၏ အေးစက်သော အသံက ထွက်ပေါ်လာသည်။ သူမက အခြားနေရာသို့

ရောက်နေသော်လည်း ထိုသတင်းကို လက်ခံ ရရှိလိုက်သည်နှင့် အမြန်ဆုံး ပြန်ပြေး လာခဲ့ခြင်းပင်။

လီဇီယန်က လီလျူ သန့်ရှင်းမြို့၏ လက်ထောက် မြို့သခင်တစ်ယောက် ဖြစ်သဖြင့် ဒီမြို့ထဲတွင် လျင်မြန်စွာ ပုံသန်းရန် အထူး ခွင့်ပြုချက် ရရှိထားသည်။

“လက်ထောက် မြို့သခင်လီ... ငါက ဒီနေရာ လာပြီး တာအိုမိတ်ဆွေ ကျန်းစွန်းနဲ့ စကားပဲ ပြောနေတာပါ။ လီလျူ သန့်ရှင်းမြို့ရဲ့ စည်းကမ်းကို မချိုးဖောက်ထားပါဘူး....”

ချူးဟူက ပြန်အော်လိုက်သည်။

လီဇီယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“အိုး ဟုတ်တာပေါ့.... ပြောစရာ ရှိတာ ဆက်ပြောပါ..... ဒါပေမဲ့ စည်းကမ်း ချိုးဖောက်ရင် မင်းကို ကျိန်းသေပေါက် တားဆီးမယ်....”

“ဟွန့်...”

ချူးဟူက အေးစက်စွာ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး လျင်မြန်စွာ ထွက်ခွာသွားသည်။ ဒီနေရာကို လီဇီယန် ရောက်နေပြီ ဖြစ်သဖြင့်

ယွမ်ဒနယ် နယ်ပယ် အဆင့် (၉) တန်ခိုးရှင် နှစ်ယောက်က အလွယ်တကူ ပြန်မထွက်နိုင်တော့ပေ။

"လူအိုကြီးရှန်း.. မင်း အဆင်ပြေရဲ့လား..."

လီဇီယန်က ကျန်းစွန်းရှန်းနှင့် စကားပြောသောအခါ သူမ သဘာထားက ပိုမို ကောင်းမွန် လာသည်။ ယခင်က ကျန်းစွန်းရှန်းနှင့် ခင်မင် ရင်းနီးမှု သိပ်မရှိခဲ့သော်လည်း ကျန်းစွန်း မိသားစုနှင့် ပက်သက်လျှင် ခံစားချက် တော်တော်လေး ကောင်းမွန်သည်။ ကျန်းစွန်း

မိသားစုက ကောင်းမွန်သော မိသားစု အမျိုးအစားပင်...

“အဆင်ပြေပါတယ်.. ကျေးဇူး အများကြီး တင်ပါတယ်.... လက်ထောက် မြို့သခင် လီ...”

ကျန်းစွန်းရှန်းက ခေါင်းခါပြီး ပြန်ပြောလိုက်သည်။

လီဇီယန်က ခေါင်းတစ်ချက် ညိတ်ပြီး ပျောက်ကွယ် သွားသည်။ ကျန်းစွန်းရှန်း အပေါ် ဘက်လိုက်သော အပြုအမူမျိုး မလုပ်နိုင်ပေ။ ထိုကဲ့သို့ မဟုတ်ပါက မီးလျှံကြီးဂိုဏ်းနှင့်

ရင်ဆိုင်ရသောအခါ စကားပြောရန် ခက်ခဲသွားနိုင်သည်။

မျက်စိတစ်မှိတ် အတွင်း (၂၅) မိနစ် ကြာမြင့်သွားခဲ့သည်။

"ဘာဖြစ်လို့ မပြန်လာ သေးတာလဲ...."

ချူးဟူ၏ မျက်နှာ အမူအရာက တော်တော်လေး သုန်မှုန်နေသည်။ လီဇီယန်လည်း ပြန်ထွက်သွားပြီ.... အောင်မြင်သည် ဖြစ်စေ၊ ကျရှုံးသည် ဖြစ်စေ ယွမ်ဒန်နယ်ပယ် အဆင့် (၉) နှစ်ယောက်က ပြန်ထွက်လာ သင့်ပြီ.....

အသက်ကျောက်စိမ်း ကဗျည်းတိုင် ရှိပါက သူတို့ နှစ်ယောက်၏ သေခြင်း၊ ရှင်ခြင်း ဆုံးဖြတ်နိုင်သော်လည်း သူတို့ နှစ်ယောက်လုံးတွင် အသက်ကျောက်စိမ်း ကဗျည်းတိုင် လုံးဝ မရှိပေ။

ချူးဟူက ချင်ယန်၏အိမ်သို့ နောက်တစ်ကြိမ် ပြန်ရောက်လာသည်။ ဤတစ်ကြိမ်တွင် ခြံဝင်းထဲ မဝင်ဘဲ ကိုက်ပျောက်ရတနာ အသုံးပြုကာ လေထဲမှ ပျံဝဲပြီး ကျန်နေခဲ့သည်။

ချင်ယန်၏ အိမ်နှင့်ခြံဝင်းက တိတ်ဆိတ်ပြီး အေးချမ်း နေသည်။

အိမ်က ပျက်ဆီးထားခြင်း မရှိပေ။ ခြံဝင်းထဲရှိ သစ်ပင်၊ ပန်းများနှင့် မြက်ပင်များ အကောင်းတိုင်း ရှိနေပြီး တိုက်ခိုက်ထားသည့် လက္ခဏာမျိုး လုံးဝ မရှိပေ။

“အဆင့် (၇) ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင် နောက်တစ်ယောက် ထပ်ပုန်း နေသေးတာလား....”

ထိုအတွေးက ချူးဟူ စိတ်ထဲတွင် ရုတ်တရက် ပေါ်လာသည်။

ချူးဟူ၏ စိတ်ထဲတွင် ထိုအတွေး ပေါ်လာသည်နှင့် တိတ်ဆိတ် အေးချမ်းနေသော

ချင်ယန်၏ အိမ်နှင့်ခြံဝင်းက သူ့မျက်လုံးထဲတွင် ရုတ်တရက် ကြောက်စရာ ကောင်းလာသည်။ ခြံဝင်း တစ်ခုလုံးက ရန်သူ ရောက်လာမည့် အချိန်ကို ပါးစပ်ဖြဲပြီး တိတ်တိတ်လေး စောင့်ဆိုင်းနေသော ဧရာမ သားရဲကြီး တစ်ကောင်နှင့် တူလာသည်။

"မဟူရာ နတ်ဆိုးသခင်နဲ့ တခြား တန်ခိုးရှင်တွေက လုံးဝ မတိုက်ခိုက်ခဲ့ဘူး.... ပြန်လည် မထွက်သွား နိုင်ခဲ့ဘူး...."

"ဂိုဏ်းသခင်လေး ပေးလိုက်တဲ့ အမိန့်အတိုင်း လူသတ်ဖို့ ဒီနေရာကို လာမှာပဲ။ အမိန့်တိုင်း

ဆောင်ရွက်ရင်း ဒီနေရာမှာ သေသွားတာပဲ ဖြစ်သွားနိုင်တယ်.....”

ချူးဟူက တွေးလာသည်နှင့် အမျှ သူ့မျက်လုံးထဲတွင် ချင်ယန်၏ အိမ်က ပိုပြီး ကြောက်စရာ ကောင်းလာသည်ဟု ထင်လာသည်။

မဟူရာ နတ်ဆိုးသခင်က အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် တစ်ယောက်ပင်ေ....

ထို့အပြင် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် လေးယောက်လည်း ပါသွားသေးသည်။ သူတို့

အားလုံးက ဒီအိမ်ကြီးထဲတွင် တိတ်တိတ်လေး သေဆုံး သွားခဲ့သည်။ ဒီအိမ်ကြီးက မည်မျှ ကြောက်စရာ ကောင်းလိုက်သနည်း.....

ချူးဟူက ကိုယ်ပျောက် အစောင် အသုံးပြု ထားသော်လည်း အိမ်ကြီးထဲသို့ ခိုးဝင်ရဲခြင်း မရှိတော့ပေ။ သူနေထိုင်နေသည့် ရဲတိုက်ကို ပြန်သွားပြီး စောင့်ဆိုင်း နေလိုက်သည်။

နှစ်နာရီ ကြာသွားသော်လည်း ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်ခိုးရှင် နှစ်ယောက်က ပြန်မရောက် လာသေးပေ။

ချူးဟူ၏ မျက်နှာ အမူအရာက သုန်မှုန်နေသည်။ အခြေအနေ အရ ထိုတန်ခိုးရှင် နှစ်ယောက် သေဆုံးသွားခြင်းသာ ဖြစ်နိုင်တော့သည်။

ယခု တစ်ကြိမ်တွင် ကျင်ဟောင်ရှုက ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် (၁၂) ယောက်နှင့် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် အများကြီး ခေါ်ဆောင်လာခဲ့သည်။ ယခင်က လေးယောက် သေသွားသည်။ ယခုအခါ နှစ်ယောက် ထပ်သေသွားသည်။ ဒါသည် ကျင်ဟောင်ရှု ခေါ်ဆောင်လာသော ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်

အင်အားဏ၀် တစ်ဝက်တိတိ သေဆုံးသွားခြင်း ဖြစ်သည်။

ထို့အပြင် သေဆုံးသွားသော လူများက ထိုအုပ်စုထဲတွင် အစွမ်း အထက်ဆုံး လူများ ဖြစ်နေသေးသည်။

ယခင် သေဆုံးခဲ့သော တန်ခိုးရှင် လေးယောက်က ကျင့်ကြံခြင်းအဆင့် အလွန် မြင့်မားပြီး ယခု သေဆုံးသွားသည့် နှစ်ယောက်က ယွမ်ဒန်နယ်ပယ် အဆင့် (၉) တွင် ရှိနေသည်။

ချမ်ဂျူး အကယ်ဒမီ၏ ကျောင်းအုပ်ကြီး ကူချမ်ချင်းသည် ယခင်က ယွမ်ဒန်နယ်ပယ် အဆင့် (၉) သာ ရှိသည်။

ဤအဆင့် တန်ခိုးရှင်များကို မည်သူမဆို အလွန်တန်ဖိုး ထားကြသည်။ ထိုအဆင့် တန်ခိုးရှင် နှစ်ယောက် နောက်ထပ် မတော်တဆ ဖြစ်ပြီး သေဆုံးသွားသည်ကို ကျင်ဟောင်ရှု သိသွားလျှင် သွေအန် သွားလိမ့်မည်။

“မင်းတို့ကောင်တွေ ရဲတိုက်ထဲကနေ အပြင် မထွက်ရဘူး.....”

“အပြင်က လူတွေလည်း ပြန်ခေါ်လိုက်.....”

“လူတိုင်း သတိကပ်ထား....”

ချူးဟူက လေးလေးနက်နက် အမိန့်ပေးလိုက်သည်။ နောက်ထပ် မတော်တဆမှုများ ဖြစ်ပြီး တန်ခိုးရှင်များ ထပ်မံ သေဆုံးသွားမည်ကို သူကြောက် နေမိသည်။

“ဟုတ်...”

မီးလျှံကြီးဂိုဏ်းမှ တန်ခိုးရှင်များက တညီတညွှတ်တည်း ပြန် ဖြေလိုက်ကြသည်။

ရဲတိုက်တစ်ခုလုံး၏ ကာကွယ်ရေးကိုလည်း မြှင့်တင်ထားကြသည်။

ချူးဟူက သက်ပြင်း တချချ ဖြစ်နေသည်။

အချိန် သိပ်မကြာခင် ချူးဟူက ခပ်မြန်မြန် ပြန်ထွက်သွားပြီး ကောင်းဟောင်ခန်း၏ အိမ်ကို ရောက်လာခဲ့သည်။ ကောင်းဟောင်ခန်းနှင့် မီးလျှံကြီး ဂိုဏ်းက ဆက်ဆံရေး ကောင်းမွန်လှသည်။

သို့သော် ဆက်ဆံရေးက အဓိကအားဖြင့် ငွေနှင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

ကောင်းဟောင်ခန်းက မီးလျှံကြီး ဂိုဏ်းအတွက် နတ်သူငယ် သွေးမျိုးဆက် ပိုင်ဆိုင်ထားသည့် လူများနှင့် နတ်သူငယ်များကို ရှာဖွေပေးသည်။ မီးလျှံကြီး ဂိုဏ်းက ကောင်းဟောင်ခန်းကို အကျိုးအမြတ် ပြန်ပေးသည်။

“စီနီယာချူး ဒီရောက်လာတယ် ဆိုတော့ ဘာကိစ္စရှိလဲ မသိဘူး.....”

အိမ်ဖော်က လက်ဖက်ရည် လာချပေးပြီး နောက်ပြန် ဆုတ်သွားသောအခါ ကောင်းဟောင်ခန်းက ပြုံးရင်း မေးလိုက်သည်။

ချူးဟူက လေးနက်သော အမူအရာနှင့်.....

“အကြီးအကဲ ကောင်း..... ဒီတစ်ကြိမ် ငါ ရောက်လာရတဲ့ ကိစ္စက ချင်ယန်အကြောင်း သိချင်တယ်.... သူ့ရဲ့မူလ ဇစ်မြစ်က ဘာလဲ.....”

ကောင်းဟောင်ခန်းက ခေါင်းခါလိုက်ပြီး.....

“စီနီယာချူး.... ချင်ယန် ဘယ်နေရာက လာလဲ.... ငါ မသိဘူး။ ငါ့အတွက်ကတော့ ကျန်းစွန်းရှန်း... သူ့နောက် လိုက်နေလို့ သူ့ကို မစော်ကားနိုင်ဘူး။ လောင်လန်နာမှာ မှော်သွေးမျိုးဆက်

ရှိနေတဲ့အကြောင်း ဂိုဏ်းသခင်လေးကျင်ကို ပြောခဲ့ပြီးပြီ....."

"စိန်ယာချူး.. မင်းတို့ မီးလျှံဂိုဏ်းရဲ့ ခွန်အားနဲ့ ဆိုရင် ချင်ယန်ရဲ့ မူလဇစ်မြစ်ကို မေးစရာ လိုသေးလို့လား...."

ကောင်းဟောင်ခန်းက ထူးဆန်းနေသည်။

မဟူရာ နတ်ဆိုးသခင်နှင့် အခြားလူများကို ချင်ယန် သတ်ခဲ့သည်ဟု ကောင်းဟောင်ခန်းက မထင်ပေ။ ကျန်းစွန်းရှန်းတွင် ထိုမျှ ခွန်အား မရှိပေ။

ကောင်းဟောင်းခန်း၏ အမြင်တွင် မဟူရာနတ်ဆိုးသခင်နှင့် အခြားလူများက လူ အများကြီးကို သတ်ပြီး တတ်နိုင်သမျှ အမြန်ဆုံး ထွက်သွားခြင်းသာ ဖြစ်လိမ့်မည်။ မဟူရာနတ်ဆိုးသခင်က သိပ်ပြီး အကျင့်ကောင်းသည့် တန်ခိုးရှင် မဟုတ်ပေ။

ချူးဟူက မျက်မှောင် ကြုတ်လိုက်ပြီး....

“အကြီးအကဲကောင်း.. တကယ်လို့ မင်းသာ တစ်ခုခု သိထားရင် ငါတို့ မီးလျှံကြီးဂိုဏ်းက မင်းကို ဘယ်တော့မှ ဆိုးဆိုးရွားရွား မဆက်ဆံဘူး”

ယခုလေးတွင် ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်ခိုးရှင် နှစ်ယောက်က ချင်ယန် လက်ထဲတွင် သေဆုံး သွားနိုင်သည့် အကြောင်းနှင့် မဟူရာနတ်ဆိုး သခင်နှင့် အခြားလူများက ချင်ယန် အိမ်ထဲတွင် သေဆုံးသွားခြင်း ဖြစ်နိုင်သည့် သူ့ သုံးသပ်ချက်ကို ချူးဟူက ထုတ်မပြောခဲ့ပေ။ ပြောလိုက်ပါက နဂိုကတည်းက သိပ် မပြောချင်သည့် ကောင်းဟောင်ခန်း၏ ပါးစပ်က လုံးဝ ပိတ်သွားလိမ့်မည်။

ကောင်းဟောင်ခန်း နှုတ်ဆိတ်နေသည်။

ခတ္တမ္ပ ကြာသေသာအခါ ကောင်းဟောင်ခန်းက...

“အကြီးအကဲချူး..... အရင်တုန်းက ကူဒေါင်ရှိကို ချင်ယန်ဆီမှာ တွေ့ခဲ့ဖူးတယ်။ ချင်ယန်က ဆေးဘုရင် တစ်ယောက်၊ သူကလည်း ဆေးဘုရင် တစ်ယောက်ဆိုတော့ တစ်ခုခု သိမှာပဲ....”

ယခုလက်ရှိတွင် ကူဒေါင်ရှိက ချင်ယန်၏ အိမ်တွင် မရှိပေ။ လီလျူမြို့ထဲ၌ သူ့ကိုယ်ပိုင် အိမ်တစ်လုံး ရှိနေသည်။

“ကျေးဇူး အများကြီး တင်ပါတယ်...”

ချူးဟူ ပြန်ထွက်သွားသည်။

ကူဒေါင်ရှီ၏ နေရာက လျှို့ဝှက်ချက် မဟုတ်ပေ။ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်များ အတွက် ကူဒေါင်ရှီ နေရာက မစိမ်းပေ။

ဆယ်ငါးမိနစ် ကြာပြီးနောက် ချူးဟူက ကူဒေါင်ရှီ ရှေ့သို့ ရောက်လာသည်။

"ဆေးဘုရင်ကူ...."

ချူးဟူက အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်နေလျှင်ပင် ကူဒေါင်ရှီ

ကဲ့သို့ အစွမ်းထက်သည့် အဆင့် (၆) ဆေးဘုရင် အပေါ်တွင် ယဉ်ကျေးရသည်။

ကူဒေါင်ရှိက အဆင့် (၆) ဆေးဘုရင် ဖြစ်နေသည်မှာ နှစ်ပေါင်းများစွာ ကြာနေပြီ ဖြစ်သဖြင့် သူ ကူညီခဲ့သော ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်များက ရာနှင့်ချီပြီး မရှိလျှင်ပင် အနည်းဆုံး ဆယ်ဂဏန်းတော့ ရှိနိုင်သည်။

ယွန်ဒန်နယ်ပယ် တန်ခိုးရှင် အချို့က ပြဿနာ မရှိသော်လည်း သူ့ဆွေမျိုးနှင့် မိသားစုများကို ဒုက္ခ မပေးပါဘူးဟု အာမခံရန် ခက်ခဲလှသည်။

ယွမ်ဒန် နယ်ပယ် အောက်က ယွမ်ဟိုင်နှင့် ယွမ်ဟူ နယ်ပယ် တန်ခိုးရှင်များပင် ရှိနေသေးသည်။

လူမှုရေး ဆက်နွယ်မှုက အလွန် အားကောင်းလှသည် မဟုတ်ပါလား။

ယခု လက်ရှိတွင် ဒေါင်ဖန်ဟွမ်က ဓမ္မကလေးငယ် အဆင့်သို့ ရောက်နေသော်လည်း သူ့ လူမှုရေး အဆက်အသွယ်က ယခုလက်ရှိ ကူဒေါင်ရှိထက် အများကြီး နိမ့်ကျ နေသေးသည်။ အလုံးစုံ အင်အားအရ ဒေါင်ဖန်ဟွမ်က

အင်အားအပြည့် ထုတ်သုံးလျှင်ပင် ယခုလက်ရှိ ကူဒေါင်ရှီအား မယှဉ်နိုင်မည်ကို စိုးရိမ်ရသည်။

"တာဘို မိတ်ဆွေ ချူး... ဘာကိစ္စ ရှိလို့လဲ....."

ကူဒေါင်ရှီ၏ မျက်ခုံးများက အနည်းငယ် တွန့်ကွေးနေသည်။

ချူးဟူက လေးနက်သော အမူအရာနှင့်.....

"ဆေးဘုရင်ကူ..... အရင်တုန်းက ချင်ယန်နဲ့ အတူတူ ရှိနေခဲ့တယ် မဟုတ်လား..... မင်းနဲ့ ချင်ယန်တို့ တွေ့ဆုံဖူးတယ်လို့ ငါ ကြားထားတယ်။

ချင်ယန် အကြောင်း သိချင်တယ်။ ငါတို့ မီးလျှံကြီးဂိုဏ်းက ဆေးဘုရင်ကူ အပေါ် ဘယ်တော့မှ ဆိုးဆိုးရွားရွား ဆက်ဆံမှာ မဟုတ်ပါဘူး..... ဆေးဘုရင်ကူက ငါတို့ကို ပြောပြပေးဖို့ မျှော်လင့်ပါတယ်.....”

ကူဒေါင်ရှီ၏ စိတ်ထဲတွင် အနည်းငယ် စိတ်ကွက်သွားသည်။

‘ချင်ယန်အကြောင်း မေးချင်လို့ ချူးဟူက သူ့ဆီ အပြေးလာတာလား..’

ချင်ယန်က သူ့ဆရာပင်။

“တာအို မိတ်ဆွေချူး.. ကျေးဇူးပြုပြီး ပြန်သွားလိုက်ပါ...”

ကူဒေါင်ရှိက ဦးခေါင်းကို ချက်ခြင်း ပြန်နှင်လွှတ်လိုက်သည်။

ကူဒေါင်ရှိ၏ သဘောထားက အနည်းငယ် မှားယွင်းနေသဖြင့် ချူးဟူက ကြိတ်ပြီး မျက်မှောင်ကြုတ်နေ၏။

သူက အဆင့် (၇) ဓမ္မကလေးငယ် တန်ခိုးရှင် တစ်ယောက် ဖြစ်သလို မီးလျှံကြီးဂိုဏ်း၏

အဖွဲ့ဝင်လည်း ဖြစ်နေသေးသည်။ ဒါကိုပင် ကူဒေါင်ရှိက ရိုင်းစိုင်း နေသေးသည်။

“ဆေးဘုရင်ကူ.. မင်း ဘာပြောချင်တာလဲ...”

ချူးဟူ၏ မျက်နှာ အမူအရာက မည်းမှောင်နေသည်။

ကူဒေါင်ရှိက မကောင်းတတ်သော လေသံနှင့်....

“ပြောရမယ်ဆို... တာအို မိတ်ဆွေချူးကို ဒီနေရာက မကြိုဆိုဘူး... သွားပါတော့”

ဆရာဖြစ်သူ ချင်ယန်ကို သစ္စာ ဖောက်ရန်နှင့် မီလျှံကြီးဂိုဏ်းကို စော်ကားရန် ဒီနှစ်ခုကြားတွင် ကူဒေါင်ရှီက မီးလျှံကြီးဂိုဏ်းကို စော်ကားရန် ရွေးချယ်ခဲ့သည်။

ကူဒေါင်ရှီအတွက် အလွန် ရှင်းလင်းသည်။ ချင်ယန်၏ ဆေးဘုရင် အဆင့်အတန်းက အဆင့် (၇) ဆေးဘုရင် အဆင့်အတန်း ဖြစ်နိုင်ဖွယ် ရှိနေသည်။ ချင်ယန် အသက်အရွယ်နှင့် အဆင့် (၇) ဆေးဘုရင် ဖြစ်နေခြင်းက မည်သည့်အရာကို ကိုယ်စား ပြုသနည်း.....

ပထမအချက်မှာ နောင်တစ်ချိန်တွင် ချင်ယန်က အဆင့် (၈) ဆေးကေရာ၏ တစ်ယောက် ဖြစ်လာလိမ့်မည်။ ဒီအတွက် သည်းထိတ် ရင်ဖိုစရာ လုံးဝ မရှိပေ။

ဒုတိယ အချက်မှာ ချင်ယန် နောက်တွင် ထောက်ပံ့နေသော အစွမ်းထက် တန်ခိုးရှင် တစ်ယောက် မရှိဘဲ နေမည်လော.....

ထို့အပြင် ပြီးခဲ့သည့် ရက်ပိုင်း အတွင်းက ချင်ယန်၏ သင်ကြားပေးမှုကြောင့် အများကြီး တိုးတက်လာသည်ကို ကူဒေါင်ရှီ သိနေသည်။

ချင်ယန်က သူ့ကို တစ်နှစ်ခွဲအတွင်း အဆင့် (၇) ဆေးဘုရင် တစ်ယောက် ဖြစ်လာနိုင်သည်ဟု ပြောထားသေးသည်။

ယခုအခါ ကူဒေါင်ရှီက ထိုစကားနှင့် ပက်သက်၍ သံသယ မရှိတော့ပေ။ သူသာ ပိုကြိုးစားမည် ဆိုလျှင် ထိုမျှ အချိန်ကြာမည် မဟုတ်ပေ။

ယခု လက်ရှိတွင် မီးလျှံကြီးဂိုဏ်းကို ထွေထွေထူးထူး ကြောက်လန့်ခြင်း မရှိပေ။ လအနည်းငယ် အတွင်း အဆင့် (၇) ဆေးဘုရင်

အဆင့်ကို ရောက်နိုင်သည်။ မီးလျှံကြီးဂိုဏ်း ဒေါသထွက်လျှင် သူကလည်း ဒေါသ ထွက်နိုင်သည်။

"ဆေးဘုရင်ကူ.. နှုတ်ဆက်ပါတယ်."

ချူးဟူက အေးစက်သော မျက်နှာ အမူအရာနှင့် ပြန်ထွက်သွားသည်။ အခြေအနေအရ လေကုန် ခံနေစရာ မလိုတော့ပေ။

ပုံမှန်အတိုင်း ပြောရမည်ဆိုလျှင် ကူဒေါင်ရှီ၏ သဘောထားက ယခုကဲ့သို့ မဖြစ်နိုင်ပေ။ သို့သော် ကူဒေါင်ရှီက အလွန် သတိထားနေသဖြင့် ချင်ယန်၏ နောက်ခံက မရိုးရှင်း နိုင်တော့ချေ။

ယခုလက်ရှိတွင် ချူးဟူက မဆင်မခြင် မလုပ်ဆောင်ရဲတော့ဘဲ မီးလျှံကြီးဂိုဏ်းမှ ကျန်သည့် တန်ခိုးရှင်များ ရောက်လာမည့် အချိန်ကိုသာ စောင့်ဆိုင်း နေလိုက်သည်။

တန်ခိုးရှင် တစ်ယောက်ကို မီးလျှံကြီးဂိုဏ်းသို့ ပြန်လွှတ်ထားသည်။ ဒီနေရာနှင့် မီးလျှံကြီးဂိုဏ်းက သိပ်မကွာဝေးသဖြင့် စေလွှတ်လိုက်သော ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်က မီးလျှံကြီးဂိုဏ်းသို့ ပြန်ရောက်သွားရန် အချိန် သိပ်မကြာချေ။ သို့သော်

မိုးပုံ့သားရဲကို စီးလျှင်ပင် အသွားအပြန် ဆက်ရက်ခန့် ကြာမြင့်အုံးမည်။

အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင်က ဒီနေရာကို လာမည် ဆိုပါက မြန်မြန်ဆန်ဆန် ရောက်လာနိုင်သည်။ သို့သော် အခြားလူများပါ ပါလာမည် ဆိုပါက လဝက်ခန့် ကြာမြင့်နိုင်သည်။

အခန်း(၃၃၈) - ထောင်ချောက်များ

လူငယ် သိုင်းပညာ ညီလာခံ၏ ကြာချိန်က သုံးရက် ဖြစ်သည်။

ချင်ယန်က ပထမ နေရာနှင့် ထိပ်ဆုံး ဆယ်ယောက် နေရာအတွက် တိုက်ပွဲဝင်ရန် လုံးဝ မစဉ်းစားထားပေ။

သူတို့ သုံးယောက် ပေါင်းလိုက်မည် ဆိုပါက နေရာခွဲတမ်း ရှစ်ခု ရယူရန် လုံလောက်သည်။

ကျန်းစွန်းယုနှင့် ကျန်းရီကို နေရာနှစ်ခု ပေးလိုက်လျှင်ပင် ဆယ်နေရာသာ ရှိသေးသည်။

ချင်ယန်တို့ အဖွဲ့ထဲတွင် နှစ်ယောက်က အဆင့် (၂၁) မှ (၅၀) ကြားဝင်ပြီး တစ်ယောက်က အဆင့် (၁၁)မှ အဆင့် (၂၀) ကြားဝင်လျှင်ပင် လုံလောက်နေပြီ.....

ဒီကိစ္စက ချင်ယန်တို့ အဖွဲ့အတွက် မခက်ပေ။

ချင်ယန် မပါလျှင်ပင် လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က အဆင့် တစ်ခုခုကို အလွယ်တကူ ရရှိနိုင်သည်။

ဟွာဝမ်ရိုသာ အပြည့်အဝ အားစိုက်ထုတ်မည် ဆိုပါက ထိပ်ဆုံး သုံးနေရာထဲ ဝင်ရောက်ရန် ပြဿနာ မရှိပေ။

မသိလိုက်ဘဲ သုံးရက်မြောက်နေ့ မွန်းလွဲပိုင်းသို့ ရောက်လာပြီး နာရီ အနည်းငယ် ကြာလျှင် အကဲဖြတ်မှု ပြီးသွားတော့မည်။

ချင်ယန်တို့ အဖွဲ့က နံပါတ်ပြား (၆၀၀) ကျော် ရရှိထားသည်။ နံပါတ်ပြားက အကုန်လုံးပေါင်းမှ အပြား တစ်သောင်းသာ ရှိသည်။ သေချာသည်မှာ ထိုအထဲမှ နံပါတ်ပြား အချို့ကို သေချာပေါက်

ရှာမတွေ့နိုင်ပေ။ ချင်ယန်တို့ ရရှိထားသော နံပါတ်ပြားများနှင့်ပင် လျှို့ဝှက် နယ်မြေထဲ ဝင်ရောက်နိုင်မည့် နေရာခွဲတမ်း ဆယ်ခု ရရှိရန် လုံလောက်နေသည်။

“ငါတို့အဆင့်က တည်ငြိမ်သွားပြီ.....”

“ချင်ယန်ကို လိုက်ရှာပြီး စာရင်းရှင်းဖို့ အချိန်တန်ပြီ.....”

ကျင်ဟောင်ရှု၏ မျက်လုံးထဲတွင် သွေးအေး ရက်စက်သော အလင်းရောင်များ ပေါ်နေပြီး လူ့လက်ထဲတွင် ခြေရာခံ ရတနာတစ်ခု

ပေါ်လာသည်။ ထိုအကြောင်းကို တွေးနေရင်း ကျင်ယောင်ရှုက လောင်လန်နာ၏ အော်ရာကို တုပပြီး ထည့်သွင်းလိုက်သည်။

ချင်ယန် တို့အဖွဲ့ထဲတွင် လောင်လန်နာ၏ ကျင့်ကြံခြင်း အဆင့်က အနိမ့်ဆုံး ဖြစ်နေသဖြင့် ကျင်ယောင်ရှု၏ ရွေးချယ်မှုက မှန်ကန်နေသည်။

ဆယ်စက္ကန့်ကျော် ကြာပြီးနောက် ကျင်ဟောင်ရှု လက်ထဲမှ ရတနာက လင်းလက်လာသည်။ နောက်ဆုံးတွင် အလင်းရောင်များက အနီရောင် ဖျော့ဖျော့လေး သမ်းနေသည့် အလင်းတန်း အဖြစ်

ပြောင်းလဲသွားသည်။ ထို့နောက် ချင်ယန်တို့အဖွဲ့၏ တည်နေရာကို ညွှန်ပြနေသော မြှားတစ်ခုအဖြစ် ဖွဲ့စည်းသွားသည်။

"သွားမယ်..."

ကျင်ဟောင်ရှုက လေးနက်စွာ ပြောလိုက်၏။ တန်ခိုးရှင် နှစ်ဆယ်ကျော်က လျင်မြန်စွာ သွားနေကြသည်။ သူတို့ထဲတွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ဆယ်ယောက်ကျော် ပါဝင်နေသဖြင့် သူတို့အဖွဲ့၏ အလုံးစုံ အင်အားက တော်တော်လေး သန်မာလွန်းသည်။

ငါးမိနစ် ကြာပြီးနောက်....

“နောက်ဆုံးတော့ ရောက်လာပြီပဲ...”

ချင်ယန် မျက်နှာပေါ်တွင် အပြုံးပါးပါးလေး တစ်ခု ရှိနေပြီး လူသတ်ချင်စိတ်ကို အာရုံခံ မိနေသည်။

ကျင်ဟောင်ရှုနှင့် အခြားလူများက သူတို့၏ သတ်ဖြတ်ခြင်း စိတ်ဆန္ဒကို ဖုံးကွယ်ရန် အတတ်နိုင်ဆုံး ကြိုးစားထားသော်လည်း သူတို့ အဖွဲ့က ချင်ယန်တို့ အဖွဲ့နှင့် တစ်ကီလိုမီတာ၊ နှစ်ကီလိုမီတာ ခန့်သာ ဝေးကွာသောကြောင့် ချင်ယန် မသိအောင် ဖုံးကွယ်ရန် မဖြစ်နိုင်ပေ။

"ချင်ယန်..... ကျင်ဟောင်ရှုနဲ့ တခြားလူတွေ ဒီဘက် ရောက်လာပြီလား..."

ချင်ယန်၏ မျက်နှာ အမူအရာက အပြောင်းအလဲကို သတိ ထားမိလိုက်သဖြင့် လောင်လန်နာက အသံပို့လွှတ်ပြီး မေးလိုက်သည်။

"အင်း..."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်ပြလိုက်သည်။

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ မျက်နှာပေါ်တွင် အပြုံးများ ပေါ်လာကြသည်။

ယခု နေရာတွင် ချင်ယန်က ထောင်ချောက် အများကြီး ပြင်ဆင်ထားသည့် အကြောင်းကို သူမတို့ နှစ်ယောက်က သိနေကြသည်။

ကျင်ဟောင်ရှုတို့ အဖွဲ့ ရောက်လာမည် ဆိုလျှင် ထောင်ချောက်များက ကျန်ဟောင်ရှုတို့ အဖွဲ့ကို သောက်သောက်လဲ သေသွားစေရန် လုံလောက်နေသည်။

“လူစုခွဲ... ထွက်မပြေးနိုင်အောင် ဝိုင်းထား....”

ကျင်ဟောင်ရှုတို့၏ လူနှစ်ဆယ်ကျော် အဖွဲ့က လျင်မြန်စွာ အဖွဲ့သုံးဖွဲ့ ခွဲလိုက်သည်။ ကျန်သည့် အဖွဲ့ နှစ်ဖွဲ့တွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်နှင့် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် သုံးယောက် ပါဝင်သည်။ ကျင်ဟောင်ရှု၏ အဖွဲ့တွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ငါးယောက်နှင့် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် ငါးယောက် ပါဝင်နေသည်။

ချင်ယန်၏ မျက်နှာ အမူအရာက ပြုံးဖြဲဖြဲ ဖြစ်နေပြီး လောင်လန်နာနှင် ဟွာဝမ်ရိုတို့ကလည်း တော်တော်လေး ယုံကြည်မှု ရှိနေကြသည်။

ချင်ယန်က ဒီအဖွဲ့၏ လူပ်ရှားမှုကို တော်တော်လေး သဘောကျ နေသည်။

“ လူတိုင်း သတိထား....”

အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်နေသော တန်ခိုးရှင်က ရုတ်တရက် ထအော်လိုက်သည်။ တစ်ခုခု မှားနေပြီဟု ခံစားလိုက်ရသည်။ သူတို့က

ထောင်ချောက် အစီအရင်ထဲ ကျရောက်သွားပုံ ရသည်။

ဖောက်.....

ဦးဆောင်လာသော ယွမ်ဟိုင် နယ်ပယ် တန်ခိုးက ထောင်ချက် အစီအရင်ကို ဖျက်ဆီးရန် လုပ်လိုက်စဉ် ကြီးမာသော လက်သည်းကြီးက မည်သည့် နေရာမှ ထွက်ပေါ်လာမှန်း မသိ ထွက်ပေါ်လာပြီး တိုက်ခိုက်လာရာ သူက ကာကွယ်ရန် အကောင်းဆုံး ကြိုးစားခဲ့သော်လည်း လက်သည်း ကုတ်ချက်

ချက်ချင်း ထိမှန်သွားကာ အရိုးတခြား၊ အသားတခြား ဖြစ်သွားသည်။

တိုက်ခိုက်လာသူက ချင်ယန်၏ ယွမ်ဒန် နယ်ပယ် အဆင့် (၉) ယန္တြာရား သားရဲကြီးပင်။ အလစ်ချောင်း တိုက်ခိုက်မှုနှင့် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်ကို အခက်အခဲ မရှိ သတ်ပစ် နိုင်ခဲ့သည်။

“ဘုန်း..”

နောက်ထပ် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်ကလည်း ခတ္တမျှသာ အသက်ရှင်

နှိုင်ခဲ့သည်။ ယန္တာရား သားရဲ၏ အမြီးက သူခေါင်းကို ကြမ်းကြမ်းတမ်းတမ်း ရိုက်ခွဲသွားသည်။

"ရန်သူ တိုက်ခိုက်နေပြီ.. ရန်သူ တိုက်ခိုက်နေပြီ...."

ယွမ်ဟူနယ်ပယ် တန်ခိုးရှင်က ကြောက်လန့်တကြား အော်ဟစ် လိုက်သည်။ သို့သော် ကံဆိုးသည်မှာ သူတို့ အော်ဟစ် သတိပေးသံများက အသုံး မဝင်တော့ပေ။

အစီအရင်များ တားဆီး ထားသောကြောင့် သူတို့၏ အော်ဟစ်သံများကို အခြားလူများက

မကြားနိုင်ကြပေ။ နှစ်စက္ကန့် မပြည့်ခင် သူတို့လည်း သေဆုံး သွားကြသည်။ သူတို့က အစွမ်းကုန် ကြိုးစားပြီး တိုက်ခိုက် ခဲ့သော်လည်း သူတို့၏ခွန်အားက အစီအရင် ဖျက်ဆီးရန် မလုံလောက်ခဲ့ပေ။

တစ်ချိန်တည်းမှာပင် နောက်တစ်ဖွဲ့မှ တန်ခိုးရှင် ငါးယောက်လည်း သေဆုံးသွားကြသည်။ ထောင်ချောက် အစီအရင်ထဲ သူတို့ ကျရောက်သွားသည့် အချိန်တွင် ငွေရောင် ဝံပုလွေဘုရင်၊ ခရမ်းရောင် မျက်လုံး မျောက်ဝံ

လူကြမ်းကြီးနှင့် မိုးကြိုးဖား နှစ်ကောင်က တိုက်ခိုက်ခဲ့ကြသည်။ ယခု လက်ရှိတွင် မိုးကြိုးဖား နှစ်ကောင်ပင် ယွမ်ဟိုင် နယ်ပယ် အဆင့် (၁) ရောက်နေကြသည်။

အမှန်တကယ်ဆို သေဆုံးသွားသော ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များ၏ သိုလှောင်လက်စွပ်ထဲ ပစ္စည်းကောင်းများနှင့် အဆင့် (၆) တိုက်ခိုက်ရေး ရတနာများ ရှိနေသည်။ သို့သော် အဖြစ်အပျက်က ရုတ်တရက် မြန်ဆန်လွန်းသဖြင့် လျင်မြန်စွာ သေဆုံး သွားခဲ့ကြခြင်း ဖြစ်သည်။

သူတို့၏ သိုလှောင် လက်စွပ်ကို ဖွင့်ပြီး ရတနာ ထုတ်ယူရန် အချိန် မရလိုက်ကြပေ။

ဖြစ်စဉ် အားလုံးက တစ်ကွန့်၊ နှစ်စက္ကန့်သာ ကြာမြင့်ခဲ့ပြီး သူတို့အားလုံးက စက္ကန့်ဝက်အတွင်း သေဆုံး သွားခဲ့ကြသည်။

“သတိထား...”

ကျင်ဟောင်ရှုက အော်ဟစ်လိုက်သည်။ သူတို့လည်း ထောင်ချောက် အစီအရင်ထဲ ကျရောက် သွားသည်။

ပန်းရောင် အခိုးအငွေ့များ ပြည့်နှက်နေသည့် အစီအရင် တစ်ခုပင်။

ကျင်ဟောင်ရှုနှင့် အခြားလူများ၏ မျက်နှာများက တည်ကြည် လာကြသည်။ တစ်ချိန်တည်းမှာပင် သူတို့ ခန္ဓာကိုယ်တွင်းရှိ ယွမ်ချီ စီးဆင်းမှုများ မြင့်တက်လာပြီး ယွမ်ချီနှင့် ကာကွယ်ရေး အစီအရင် ဖန်တီး လိုက်ကြသည်။

သို့သော်ငြားလည်း ကျင်ဟောင်ရှုနှင့် သူ့လူများ၏ မျက်နှာ အမှုအရာက ရုတ်တရုတ် ပျက်ယွင်း သွားကြသည်။

သူတို့ ခန္ဓာကိုယ်က တုန်ယင်လာပြီး အသိစိတ်က မှုန်ဝါးဝါး ဖြစ်လာသည်ဟု ခံစားလိုက်ရသည်။

“ဂိုဏ်းသခင်လေး .... သတိထား...”

“အဆိပ်....”

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်က အံကြိတ်ပြီး ပြောလိုက်သည်။

“ပါးစပ်ဟ....”

ကျင်ဟောင်ရှုက အော်ဟစ် လိုက်သည်။ ထိုကဲ့သို့ အော်ဟစ်နေရင်း အဆိပ်ဖြေ ဆေးလုံးများ

ထုတ်ယူပြီး သူ့လူများ၏ ပါးစပ်ထဲသို့ ပစ်ထည့်ပေးလိုက်သည်။

ထို အဆိပ်ဖြေဆေးက ရာပေါင်းများစွာသော အဆိပ်များကို အဆိပ် ဖြေနိုင်သော်လည်း ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက မည်သည့် အကျိုးသက်ရောက်မှုကိုမှ မခံစား ရသေးပေ။

“စုန်ချင်..... သူတို့ရဲ့ အခြေအနေကို ကြည့်ပြီး ပတ်ဝန်းကျင်ကို အာရုံစိုက်ထား....”

ကျင်ဟောင်ရှုက တင်းမာစွာ ပြောဆိုရင်း အဆောင်တစ်ခု ထုတ်ယူလိုက်သည်။ ဒါက အဆင့်

(၆) အဆောင် တစ်ခုပင်။ အဆောင်ကို ဖြဲလိုက်ရာ ကြီးမားသော ရေခဲလုံကြီး တစ်ခု ပေါ်လာသည်။ ထိုရေခဲလုံကြီးက အရာအားလုံးကို ချိုးဖျက်မည့် ဟန်နှင့် အလွန် လျင်မြန်စွာ ပျံသန်းသွားသည်။ သို့သော် ရေခဲလုံကြီးက အစီအရင်ကို ဖျက်ဆီးနိုင်ခြင်း မရှိဘဲ ပြန်ကန်ထွက်ကာ ပျောက်ကွယ်သွားသည်။

"ဘယ်လို ဖြစ်နိုင်မှာလဲ...."

ကျင်ဟောင်ရှုက မယုံကြည်နိုင် ဖြစ်နေသည်။ ရေခဲလုံ၏ တိုက်ခိုက်မှုက ယွမ်ဒန်နယ်ပယ် အဆင့်

(၇) တိုက်ခိုက်ရေး အစွမ်း ရှိနေသည်။ ပုံမှန်အားဖြင့် ဆိုလျှင် သာမန် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တစ်ယောက်ကို သတ်ဖြတ်ရန် လုံလောက်နေသည်။

ဘုန်း....

ကျင်ဟောင်ရှုက တွေဝေနေခြင်း မရှိဘဲ နောက်ထပ် အဆင့် (၆) အဆောင်တစ်ခု ထုတ်ပြီး ထပ်မံ အသုံးပြုလိုက်ရာ နောက်ဆုံး၌ အစီအရင်က ပြိုကွဲသွားသည်။

“ဂိုဏ်းသခင်လေးကို ကာကွယ်ကြ....”

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက မည်သည့် အရာမှ မလုပ်ဘဲ ပတ်ဝန်းကျင်ကို သတိကြီးကြီး ထားပြီး စောင့်ကြည့် နေကြသည်။ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် ငါးယောက်က ပတ်ဝန်းကျင် အခြေအနေကို စစ်ဆေး နေကြသည်။

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် ငါးယောက်က အဝေး ရောက်သွားသောအခါ သူတို့၏ ခန္ဓာကိုယ်က ခရမ်းရောင် ပြောင်းသွားကြ၏။

“စုန်ချင်... ဘာ ဆက်လုပ်ကြမလဲ.. ငါတို့ ဘာမှ မလုပ်ရသေဘူး.. အခြေအနေက ဒီလောက်ဆိုးနေပြီ...”

ကျန်ဟောင်ရှု၏ မျက်နှာ အမူအရာက တော်တော်လေး သုန်မှုန်နေသည်။

“ဂိုဏ်းသခင်လေး..... ဒါက ပြင်းထန်တဲ့ အဆိပ်မြူခိုးတွေပဲ... လူတော်တော် များများကို ကယ်တင်နိုင်သေးတယ်.. ဒါပေမဲ့ ယွမ်ဟူနယ်ပယ် တန်ခိုးရှင်တွေကတော့...”

စုန်ချင်က တော်တော်လေး မျက်မှောင် ကြုတ်နေသည်။

“ဂိုဏ်းသခင်လေး... တစ်ခုခုတော့ လွဲနေပြီ..”

“ဒီဘက်မှာ ဒီလောက် ရုတ်ရုတ်သဲသဲ ဖြစ်နေပေမဲ့ တခြား လမ်းကြောင်းက လူတွေက လုံးဝ တိတ်ဆိတ်နေတယ်....”

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်က ပြောလိုက်သည်။

ကျန်ဟောင်ရှုက မျက်နှာ ပျက်သွား၏။ အစီအရင်ကို နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ရသည်။ တိုက်ခိုက်မှု နှစ်ခုကလည်း ပျော့ပျောင်းခြင်း မရှိခဲ့ပေ။ တစ်ကီလိုမီတာ၊ နှစ်ကီလိုမီတာ မဆိုထားနှင့် ဆယ်ကီလိုမီတာ အကွာမှပင် သေချာပေါက် ကြားနိုင်သဖြင့် ကျန်သည့် အဖွဲ့များက သေချာပေါက် တုံ့ပြန်မှု ရှိသင့်သည်။

ယခုမူ လုံးဝ တိတ်ဆိတ်နေသည်။

ထို တိတ်ဆိတ်မှုကြောင့် ကျင်ဟောင်ရှု အနည်းငယ် ကြောက်လန့် သွား၏။

“ထွက်လာစမ်း....”

ကျင်ဟောင်ရှုရှေ့တွင် နတ်ဆိုး သားရဲများ ပေါ်လာသည်။ သူ့တွင် နတ်ဆိုး သားရဲများကို ထိန်းချုပ်နိုင်သော ရတနာ တစ်ခု ရှိနေသည်။ နတ်ဆိုး သားရဲများက ယွမ်ဟိုင် နယ်ပယ်တွင် ရှိနေပြီး သူတို့ထဲမှ တစ်ကောင်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ရောက်နေပြီး ကျန်သည့်

လေးကောင်ထဲတွင် အနိမ့်ဆုံး တစ်ကောင်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) ရှိနေသည်။

ကျန်ဟောင်ရှု၏ ရတနာက ချင်ယန်၏ နတ်ဆိုးထိန်း လက်စွပ်ထက် ပိုမို ကောင်းမွန်ခြင်း မရှိသော်လည်း ယခု လက်ရှိတွင် နတ်ဆိုးသားရဲ ငါးကောင် ထိန်းချုပ်ထားသဖြင့် ချင်ယန်၏ နတ်ဆိုးထိန်း လက်စွပ်က အများကြီး ပိုမို ကောင်းမွန်နေသည်။

အမှန်တကယ်ဆို ယခုလက်ရှိတွင် ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင် နယ်ပယ် အဆင့်

(၇) ရောက်နေပြီ ဖြစ်သောကြောင့် ပိုမို များပြားသော နတ်ဆိုး သားရဲများကို ထိန်းချုပ် နိုင်နေပြီ ဖြစ်သည်။

သို့သော် ချင်ယန်က သာမန် နတ်ဆိုး သားရဲများကို လိုချင် မက်မောခြင်း မရှိပေ။

ချင်ယန်က သန်မာမှု ကြီးထွားနိုင်သော သို့မဟုတ် အထူး စွမ်းရည်ရှိသော နတ်ဆိုး သားရဲများကိုသာ ထိန်းချုပ်ချင်သည်။ ထိုမှသာ နတ်ဆိုးသားရဲ ကျင့်စဉ်များကို သင်ပေးနိုင်မည် ဖြစ်သည်။ အကယ်၍ နောက်ပိုင်းတွင် တိုးတက်မှု

လိုက်မိခြင်း မရှိပါက သူတို့ကို စွန့်ပစ်ထားရလိမ့်မည်။

"ထွက်လာစမ်း...."

နတ်ဆိုးသားရဲ့ ငါးကောင် ပေါ်လာပြီ ဖြစ်သော်လည်း ကျင်ဟောင်ရှုက တလက်လက် တောက်ပနေသော မျက်လုံးများနှင့် ထပ်မံ အော်ဟစ်လိုက်သည်။ နောက်ထပ် အခိုက်အတန့်တွင် ပိုမို ကြီးမားသော နတ်ဆိုးသားရဲ့ တစ်ကောင် ပေါ်လာသည်။ ထို နတ်ဆိုးသားရဲ့က

ဒေါသထွက်နေခြင်း လုံးဝ မရှိပေ။ ဒါက ယန္တြာရား သားရဲ့ တစ်ကောင်ပင်.....

ထို့ပြင် နတ်ဆိုးသားရဲ့က ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၃) တွင် ရှိနေသည်။

အခန်း(၃၃၉) - ယန္တရား သားရဲကို ဆုံးရှုံးခဲ့ရပြီ

"ပြေးသွားပြီး ကိုက်ဖြဲလိုက်စမ်း....."

ကျင်ဟောင်ရှုက ဒေါသတကြီး အော်ဟစ်လိုက်သည်။

ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၃) နတ်ဆိုးသားရဲနှင့် နတ်ဆိုးသားရဲ ငါးကောင်က ချင်ယန်တို့ ရှိနေသည့် ဘက်သို့ ပြေးထွက်သွားကြသည်။ ယန္တရား သားရဲက

ဦးဆောင်ပြီး ပြေးလွှားနေသည်။ ယန္တရား သားရဲက အစီအရင်နှစ်ခုကို ကြမ်းကြမ်းတမ်းတမ်း ကိုက်ဖြုတ်ပြီး တစ်ခါတည်း ဖျက်ဆီးသွားသည်။ ချင်ယန် ခင်းကျင်ထားသော အစီအရင်များက ဖျက်ဆီးရန် ခက်ခဲလှသည်။ သို့သော် ယန္တရား သားရဲက ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၃) ဖြစ်နေသည်။

အချိန်တိုလေး အတွင်း၌ ယန္တာရား သားရဲနှင့် အစွမ်းထက်သော နတ်ဆိုးသားရဲ ငါးကောင်တို့က ချင်ယန်တို့နှင့် မီတာ သုံး၊ လေးရာသာ ဝေးကွာတော့သည်။

ထို အကွာအဝေးကို အဆင့် (၇) နတ်ဆိုး သားရဲများက အသက်ရှူချိန် တစ်ကြိမ်စာအတွင်း ဖြတ်သန်း သွားနိုင်သည်။

ဝေါင်း.....

နတ်ဆိုး သားရဲများက ချင်ယန် ခင်းကျင်း ထားသော နောက်ဆုံး အစီအရင်ကို တွေ့ပြီး ဒေါသတကြီး ဟိန်းဟောက် လိုက်သည်။

ထို အစီအရင်ကို ချင်ယန် ကိုယ်တိုင်ကိုယ်ကျ ထိန်းချုပ်ထားသလို လောင်လန်နာနှင့်

ဟွာဝမ်ရိုတို့ကလည်း သူမတို့၏ ခွန်အားများကို ထောက်ပံ့ ထားသေးသည်။

အစီအရင်ထဲတွင် မဟူရာ နတ်ဆိုး သခင်ထံမှ ရရှိထားသည့် အဆင့် (၇) ရတနာ နှစ်ခုကို ထည့်သွင်း အသုံးပြုထားသည်။

ယန္တရား နတ်ဆိုးသားရဲက အစီအရင် နှစ်ခုကို တစ်ခုပြီးတစ်ခု ဆက်တိုက် ဖျက်ဆီးခဲ့ပြီး ဖြစ်သည်။ ယခု တစ်ကြိမ်တွင်လည်း ယန္တရား နတ်ဆိုးသားရဲက ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ခဲ့ပြီး လက်သည်း

စွမ်းအားက ကြောက်စရာ ကောင်းလောက်အောင် ပျံသန်းသွားသည်။

ဘုန်း.....

ကြောက်စရာ ကောင်းသော ထိုစွမ်းအားက တောင်ကုန်း တစ်ခုကို တစ်စစီ ဖြစ်သွားအောင် ဖျက်ဆီးရန် လုံလောက်နေသည်။

သို့သော် ယခုတစ်ကြိမ် တိုက်ခိုက်မှုက ယခင်နှင့် မတူဘဲ အစီအရင်ကို ချက်ချင်း မဖျက်ဆီး နိုင်ခဲ့ပေ။

ဖောင်း.....

ယန္တရား သားရဲ နောက်တွင် ရှိနေသော ယွမ်ဟိုင်နယ်ပယ် သားရဲများထဲမှ တစ်ကောင်ကို ကြမ်းတမ်းသော တိုက်ခိုက်မှုတစ်ခုက ရုတ်တရက် တိုက်ခိုက်သွားသည်။

ရွှေရောင် လက်သီးတစ်လုံး ပေါ်လာပြီး ၎င်း၏ ဦးခေါင်းကို ထိမှန်သွားကာ ခေါင်းက တစ်ခါတည်း ပေါက်ကွဲသွားခြင်းပင်။

အသားစများလည်း တစ်စစီ ဖြစ်သွားသည်။

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့၏ မျက်လုံးထဲတွင် အံ့အောသင့် သွားသော အမူအရာများ ပေါ်လာသည်။

ယန္တရားသားရဲ တိုက်ခိုက်လိုက်သော အခါ လောင်လန်နာနှင့် ဟွာဝမ်ရိုတို့ ခံစားလိုက်ရသော ဖိအားက နည်းပါးခြင်း မရှိပေ။ အုံ့အောစရာ ကောင်းသည်မှာ သူမတို့ဘက်က လက်သီး စွမ်းအားကို ထုတ်ဖော်ခဲ့ခြင်း မဟုတ်သေးပေ။ ထို့ကြောင့် ဒီရွှေရောင် လက်သီးကြီးက မည်သည့်နေရာမှ ထွက်ပေါ် လာသနည်း.....

“ဘုန်း... ဘုန်း....”

အစီအရင်က တစ်ချက်နှင့် မပျက်ဆီးသွားသဖြင့် ယန္တာရား သားရဲက ဆက်လက် တိုက်ခိုက်နေသည်။

ၜင်း တိုက်ခိုက်ပြီးနောက် ရွှေရောင် လက်သီးနှစ်လုံး ထပ်ပေါ်လာပြီး ယွမ်ဟိုင်နယ်ပယ် နတ်ဆိုးသားရဲ နှစ်ကောင်ကို ဆက်တိုက် သတ်ပစ်လိုက်သည်။

"ချင်ယန်.... ဒီ အစီအရင်က ထူးဆန်းတယ်....."

လောင်လန်နာက အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး....

"ဒါက ပေါင်းစပ် အစီအရင်လေ..... တိုက်ခိုက်ခံရတဲ့ စွမ်းအားကို တိုက်ခိုက်ရေး

စွမ်းအားအဖြစ် ပြောင်းလဲနိုင်တယ်။ ယန္တြာရားသားရဲ တိုက်ခိုက်လိုက်တဲ့ စွမ်းအားက အစီအရင်ကို မဖျက်ဆီးနိုင်သရွေ့ သူ တိုက်ခိုက်လိုက်တဲ့ တိုက်ခိုက်ရေး အစွမ်းရဲ့ (၅၀) ရာခိုင်နှုန်းကို အစီအရင်ရဲ့ တိုက်ခိုက်ရေး စွမ်းအားအဖြစ် ပြောင်းလဲနိုင်တယ်....”

“ကံဆိုးတာက ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်က အားနည်း နေသေးတယ်။ အသုံးပြုထားတဲ့ ရတနာတွေကလည်း သိပ်မကောင်းဘူး.... ဒီလိုမှ မဟုတ်ရင် ပြောင်းလဲနိုင်တဲ့ နှုန်းက ပိုမြင့်အုံးမှာ...”

ချင်ယန် ရှင်းပြနေသည့် အချိန်တွင် ယန္တရားသားရဲက ဆက်လက် တိုက်ခိုက်နေခဲ့ပြီး နတ်ဆိုးသားရဲ နှစ်ကောင်ကို ရွှေရောင် လက်သီးက ထပ်မံ သတ်ပစ်လိုက်သည်။

တစ်ကီလိုမီတာ အကွာတွင် ရှိနေသော ကျင်ဟောင်ရှုက ကြောက်လန့်နေသည်။

ယန္တရား သားရဲနှင့် နတ်ဆိုးသားရဲ ငါးကောင် စေလွှတ်ထားခဲ့သည်။ ယခုအခါ ယန္တရားသားရဲ တစ်ကောင်သာ ထီးထီးကြီး ကျန်ခဲ့ပြီး ကျန်သည့် နတ်ဆိုးသားရဲ ငါးကောင်လုံး သေဆုံး သွားခဲ့ပြီ....

နတ်ဆိုးသားရဲ့ တစ်ကောင် သေဆုံးသွားတိုင်း ကျင်ဟောင်ရှုက နတ်ဆိုးသားရဲ့ကို ထိန်းချုပ်ထားသော ရတနာထံမှ ခံစားမိသည်။ တစ်ချိန်တည်းမှာပင် ဒဏ်ရာ အချို့လည်း ရရှိသွားသည်။ နတ်ဆိုးသားရဲ့ ငါးကောင်လုံး သေဆုံးသွားခြင်းက ကျင်ဟောင်ရှုကို ပြင်းထန်သော တန်ပြန် ဒဏ်ရာများ ရရှိ စေခဲ့သည်။

"ဂိုဏ်းသခင်လေး.. အမြန် ပြန်ဆုတ်ရအောင်...."

"ဂိုဏ်းသခင်လေး..... တစ်ခုခု လွဲနေပြီ..."

ကျင်ဟောင်ရှု ဘေးနားမှ တန်ခိုးရှင် နှစ်ယောက်က အသံပို့လွှတ်ပြီး ပြောလိုက်ကြခြင်းပင်။ ဒီနေရာတွင် ကျင်ဟောင်ရှု သေဆုံးသွားပါက ပျော်စရာကောင်းမည် မဟုတ်ပေ။

“နောက်မဆုတ်ဘူး....”

“ယန္တရား သားရဲကို မထားခဲ့နိုင်ဘူး...”

ကျင်ဟောင်ရှုက အေးစက်စွာ ပြောပြီး ယိုင်တိယိုင်တိုင် ထွက်သွားသည်။ ကျင်ဟောင်ရှုက လုံးဝ လက်မခံနိုင်ပေ။

ဘုန်း.. ဘုန်း.. ဘုန်း...

အစီအရင်ထဲတွင် ယန္တရား သားရဲက ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်။ ၎င်း၏ တိုက်ခိုက်မှုက ပိုမို မြန်ဆန်လာသည်နှင့် အမျှ ရွှေရောင် လက်သီးများကလည်း ပိုမို များပြားလာသည်။

တိုက်ခိုက်လာသည်နှင့် အမျှ ယန္တရား သားရဲ၏ တိုက်ခိုက်မှုကလည်း ပိုမို ပြင်းထန်လာခဲ့သည်။

တိုက်ခိုက်မှု ပြင်ထန်လေလေ၊ တိုက်ခိုက်မှု ပိုများလေလေ ဖြစ်နေပြီး စွမ်းအင် ကုန်ဆုံးမှုကလည်း ပိုမို များပြားလာသဖြင့်

အစီအရင်က တိုက်ခိုက်မှုကို ပိုမို ခံနိုင်ရည် ရှိလာသည်။

ချင်ယန်က စိတ်ထဲမှ လှောင်ရယ်နေသည်။ ကျင်ဟောင်ရှုနှင့် အခြားလူများ ဒီဘက်သို့ ပြေးလာမည် ဆိုပါက ကျင်ဟောင်ရှုသည် အဆင့် (၇) သို့မဟုတ် တစ်ခုခုကို အသုံးပြုပြီး အဆင့် (၇) ယန္တရား သားရဲကို ကယ်တင် နိုင်သေးသည်။ ယခုအခါ သူတို့ ထွက်သွားခြင်း မရှိသော်လည်း အနားကပ်ရန် ကြောက်လန့် နေကြသည်။

အခြား အဖွဲ့နှစ်ဖွဲ့ကလည်း တုံ့ပြန်မှု မရှိတော့ဘဲ ယန္တရား သားရဲနှင့် နတ်ဆိုးသားရဲ ငါးကောင်ကို စေလွှတ်လိုက်သော်လည်း ယန္တရား သားရဲ တစ်ကောင်သာ ကျန်တော့သည်။ ထို အခြေအနေမျိုးတွင် ကျင်ဟောင်ရှုနှင့် အခြားလူများ မကြောက်ပါက မည်သူက ကြောက်မည်နည်း.....

“ချင်ယန်.... ဒီ ယန္တရား သားရဲကို တန်ပြန်ထိန်းချုပ်လို့ မရဘူးလား... ပျက်ဆီးသွားရင် နှမျောစရာကြီး...”

လောင်လန်နာက အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ချင်ယန်က အနည်းငယ် ခေါင်းခါလိုက်သည်။ သူ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင် နယ်ပယ်သာ ရှိသေးသဖြင့် ခက်ခဲ လွန်းနေသေးသည်။

ယခုလက်ရှိ ယွမ်ဒန် နယ်ပယ်တွင် ရှိနေမည် ဆိုပါက ချင်ယန်အတွက် တစ်ရာ ရာခိုင်နှုန်း သေချာသော်လည်း ယခုအခါ ဖြစ်နိုင်ချေက (၁၀) ရာခိုင်နှုန်းထက် နည်းနေသည်။

ဒီယန္တရား သားရဲကို ရရှိရေးအတွက် (၁၀) ရာခိုင်နှုန်း မပြည့်သော ဖြစ်နေခြေလေးနှင့် စွန့်စားရန် မထိုက်တန်ပေ။ ကျင်ဟောင်ရှုနှင့် အခြားလူများက အချိန်မရွေး ရောက်လာနိုင်သည်။

“ဂိုဏ်းသခင်လေး.... မင်းရဲ့ ဘေးကင်းရေးက အရေးအကြီးဆုံးပဲ.....”

“ဂိုဏ်းသခင်လေး... ယန္တရား သားရဲပါ တစ်ခုခု ဖြစ်သွားရင် ငါတို့ပါ နောက်ပြန် မဆုတ်နိုင်မှာ ကြောက်ရတယ်...”

“ဂိုဏ်းသခင်လေး ဒီနေရာမှာ စောင့်ကြည့်ရေး အစီအရင်တွေ မရှိဘူး.. တကယ်လို့ ငါတို့ သေသွားရင် အပြင်ဘက်က သိမှာ မဟုတ်ဘူး.... ချင်ယန်က လူယုတ်မာပဲ.....”

“ဂိုဏ်းသခင်လေး..... ငါတို့ထဲမှာ လူငါးယောက်က မေ့နေပြီ.... သူတို့ အတွက်လည်း ထည့်စဉ်းစားဖို့ လိုသေးတယ်။ အချိန်မီ အပြင် ပြန်မထွက်နိုင်ရင် သူတို့ကို အချိန်မီ ဆေးမကုပေးနိုင်ဘဲ.....”

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက ကျန်ဟောင်ရှုကို ဝိုင်းဝန်း ဖျောင်းဖျ နေကြသည်။ ယခုလက်ရှိ အခိုက်အတန့်တွင် သူတို့ ငါးယောက်က အဆင်မခြင် မလှုပ်ရဲတော့ပေ။ ယွမ်ဟိုင်နယ်ပယ် နတ်ဆိုးသားရဲ ငါးကောင်က အချိန်တိုလေး အတွင်း သေဆုံး သွားခဲ့သည်။ သူတို့က ယွမ်ဟိုင် နယ်ပယ်တွင် ရှိသော်လည်း နတ်ဆိုးသားရဲ ငါးကောင်ထက် ပို အားနည်း နေသေးသည်။

ကျင်ဟောင်ရှု၏ မျက်နှာ အမူအရာက မည်းမှောင်နေသည်။ ယခု အချိန်တွင်

ထွက်ပြေးရပါက သူ့ မျက်နှာကို မည့်သည့် နေရာတွင် ထားရမည်နည်း.....

ဒီနေရာတွင် ဆက်နေပါကလည်း အန္တရာယ် များလွန်းလှသည်။

"သွားကြမယ်...."

နောက်ဆုံးတွင် ကျင်ဟောင်ရှုက အံတင်းတင်းကြိတ်ပြီး လှည့်ထွက် သွားသည်။ တစ်ချိန်တည်းမှာပင် နောက်ပြန်ဆုတ်ရန် အချက်ပြ လိုက်သည်။ ကျန်သည့် အဖွဲ့နှစ်ဖွဲ့ ရှိနေအုံးမည် ဆိုပါက သူ အချက်ပြသည်ကို မြင်ပြီး

နောက်ပြန် လာလိမ့်မည်။ အကယ်၍ ပြန်ဆုတ်လာခြင်း မရှိပါက သေဆုံးသွားခြင်းသာ ဖြစ်လိမ့်မည်။

"ဟေး... နောက်ပြန် ဆုတ်သွားပြီ....."

ချင်ယန်၏ မျက်လုံးများက တောက်ပလာသည်။

ကျန်ဟောင်ရှုနှင့် အခြားလူများ ဒီနေရာတွင် ရှိနေအုံးမည် ဆိုပါက ချင်ယန်က စွန့်စားပြီး ယန္တရား သားရဲကို ထိန်းချုပ်မည် မဟုတ်ပေ။ ယခုအခါ ကျင်ဟောင်ရှုတို့ အဖွဲ့ ထွက်သွားပြီ

ဖြစ်သဖြင့် ယန္တရာသားရဲကို ထိန်းချုပ်နိုင်ရန် ချင်ယန်တွင် အချိန် လုံလုံလောက်လောက် ရှိနေပြီ။

"မင်းတို့က ထွက်သွားပြီ ဆိုမှတော့ ဒီက ဆရာကြီးချင်က အားမနာတော့ဘူး....."

ချင်ယန်က အစီအရင်ကို ချက်ချင်း ထိန်းညှိလိုက်သည်။ ငါးမိနစ်ကြာသောအခါ အသစ် ချိန်ညှိထားသော ရွှေရောင် လက်သီးကြီး တစ်လုံး ပေါ်လာသည်။ ထို့နောက် ရွှေရောင် ကြိုးတစ်ခု ပေါ်လာကာ ထိုကြိုးက ယန္တရား သားရဲပေါ်

ကျရောက်သွားပြီး ယန္တရားသားရဲ လှုပ်ရှား၍ မရအောင် ထိန်းချုပ် လိုက်သည်။

ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၃) ယန္တရားသားရဲက အမှန်တကယ် အစွမ်းထက် သော်လည်း ခုနှစ်မိနစ်၊ ရှစ်မိနစ်ခန့် ကြာပြီးနောက် မလှုပ်ရှားနိုင်တော့ပေ။

ချင်ယန်က သူ့လက်ချောင်းကို ကိုက်ဖောက်ပြီး ယန္တာရား သားရဲ၏ နဖူးပေါ်သို့ သွေးတစ်စက် ပစ်လွှတ်လိုက်သည်။

ထို့နောက် ချင်ယန်က လက်များကို လျှင်မြန်စွာ လှုပ်ရှားပြီး ချိတ်ပိတ်ခြင်း နိယာမများကို တစ်ခုပြီးတစ်ခု ဖွဲ့စည်းကာ ယန္တရားသားရဲထံ ပစ်လွှတ်လိုက်သည်။ ယန္တရားသားရဲ နဖူးပေါ်မှ သွေးများက ယန္တရားသားရဲ၏ နဖူးထဲ ဖြည်းဖြည်းခြင်း စိမ့်ဝင်သွားသည်။

အဝေး တစ်နေရာသို့ ရောက်နေသော ကျင်ဟောင်ရှုက ရုတ်တရက် ရပ်တန့်သွားသည်။

“ဂိုဏ်းသခင်လေး... ဘာဖြစ်လို့လဲ...”

ကျင်ဟောင်ရှုက မည်းမှောင်နေသော မျက်နှာ အမူအရာနှင့်....

"တစ်ယောက်ယောက်က ယန္တရား သားရဲကို ထိန်းချုပ်နေပြီ....."

"ဂိုဏ်းသခင်လေး ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ..... ချင်ယန်မှာ ဒီလို စွမ်းရည်မျိုး မရှိပါဘူး... အဆင့် (၇) အစီအရင် သခင် တစ်ယောက်တောင် ယန္တရား သားရဲကို ထိန်းချုပ်ဖို့ တော်တော်လေး ခက်တယ်။ ချင်ယန်က အသက် ဘယ်လောက် ရှိသေးလို့လဲ...."

“ဂိုဏ်းသခင်လေး.. ဒီကိစ္စက အစကတည်းက ထူးဆန်းနေတယ်။ ချင်ယန်တို့ သုံးယောက်မှာ ဒီလောက် သန်မာတဲ့ ခွန်အားမျိုး မရှိနိုင်ဘူး.... သြဇာကြီးမားတဲ့ တစ်ယောက်ယောက်က ငါတို့ကို နောက်ကွယ်ကနေ တိုက်ခိုက်နေတာ ဖြစ်နိုင်တယ်....”

ကျင်ဟောင်ရှုက မျက်နှာ ပျက်သွားဏ ။ ဒီနေရာက လီလျှု ကောင်းကင်ဘုံ နန်တော်ဏ ပိုင်နက် နယ်မြေပင်။ အကယ်၍ တစ်ဖွဲ့ဖွဲ့က

တိုက်ခိုက် နေမည်ဆိုပါက လီလျှူ ကောင်းကင်ဘုံ နန်းတော်သာ ဖြစ်နိုင်သည်။

အကယ်၍ သူတို့ အားလုံး ဒီနေရာတွင် သေသွားခဲ့လျှင် လီလျှူ ကောင်းကင်ဘုံ နန်းတော်က နောက်လူ တစ်ယောက်ကို တရာခံ အဖြစ် လက်ညှိုး ထိုးပြလိမ့်မည်။

“ဂိုဏ်းသခင်လေး ... လူများတဲ့ နေရာ သွားရအောင်..... လီလျှူ ကောင်းကင်ဘုံ နန်းတော်က မီးလျှံကြီးဂိုဏ်းက လူတချို့နဲ့ ပူးပေါင်း ကြံစည်တာ ဖြစ်နိုင်တယ်။ တကယ်လို့

ဂိုဏ်းသခင်လေး တစ်ခုခု ဖြစ်သွားရင် လီလျှူ ကောင်းကင်ဘုံ နန်းတော်က အကျိုးအမြတ် အများကြီး ရသွားနိုင်တယ်.....”

တန်ခိုးရှင် တစ်ယောက် အသံပို့လွှတ်ပြီး ပြောလိုက်သည်။

“မြန်မြန်လုပ်.....”

ကျင်ဟောင်ရှုက အေးစက်စွာ ပြောလိုက်သည်။ ထိုကဲ့သို့ အဖြစ်အပျက်မျိုးက လုံးဝ မဖြစ်နိုင်ပါဘူးဟု သူလည်း ကံသေကံမ မပြောနိုင်ပေ။

ပြီးခဲ့သည် ရက်ပိုင်း အတွင်းက အဖြစ်အပျက်များက ထူးဆန်း လွန်းနေသည်။

အစ ပထမတွင် မဟူရာ နတ်ဆိုးသခင်နှင့် အခြားလူများက ရှင်းရှင်းလင်းလင်း မသိရဘဲ သေဆုံးသွားခဲ့သည်။ ထို့နောက် နောက်ထပ် အဖွဲ့ဝင် အချို့က မတော်တဆ ဖြစ်သွား ကြသေးသည်။ နတ်ဆိုးသားရဲ့ ငါးကောင်လည်း သေဆုံးသွားခဲ့ရသည်။

အကယ်၍ အဆင့် (၇) ဓမ္မကလေးငယ် အဆင့် ယန္တရား သားရဲ့ မရှိပါက သူတို့ထဲမှ

တစ်ယောက်ယောက်ပင် ယခုလက်ရှိ အချိန်၌ သေဆုံး သွားနိုင်သည်။ ထို့အပြင် ယန္တရား သားရဲကိုလည်း ဆန့်ကျင် ထိန်းချုပ်နေသေးသည်။

မူလ ပထမက ကျင်ဟောင်ရှုသည် ချင်ယန် အပေါ်တွင် တော်တော်လေး သံသယ ရှိနေခဲ့သည်. ။ ယခုအခါ ချင်ယန် အပေါ် ထားရှိသည့် ကျင်ဟောင်ရှု၏ သံသယများက ပျောက်ကွယ် သွားခဲ့ပြီ။ ချင်ယန်က အဌား ကိုယ်ဝန်ဆောင်သူ တစ်ယောက်သာ ဖြစ်နိုင်ပြီး ကျင်းစွန်းရှန်းကို

အဆင့်တက်အောင် လုပ်ပေးခဲ့သည့်လူက ချင်ယန် မဟုတ်နိုင်ပေ။ နာမည် ဝင်ယူခြင်းသာ ဖြစ်ရမည်။

ထိုအကြောင်း ပိုတွေးလာသည်နှင့် အမျှ ကျင်ဟောင်ရှုက ပိုမို တုန်လှုပ်လာသည်။

ကျင်ဟောင်ရှုက သာမန် လူတစ်ယောက် မဟုတ်ပေ။ မီးလျှံကြီးဂိုဏ်း၏ အနာဂါတ် ဂိုဏ်းချုပ် တစ်ယောက်ပင်။ သူ့နေရာကို လူမည်မျှက မျက်စောင်းထိုးနေလဲ ဆိုသည်ကို မသိနိုင်ပေ။

ငါးမိနစ်ခန့် ကြာပြီးနောက် ကျင်ယောင်ရှုတို့ အဖွဲ့က ချင်ယန်နှင့် ဝေးရာသို့ ထွက်သွားပြီး

နောက်ဆုံးတွင် လူစည်းကားနေသော နေရာသို့ ရောက်ရှိသွားသည်။ ကျင်ယောင်ရှုနှင့် ယန္တရား သားရဲကြားမှ အကွာအဝေးက ပိုမို ဝေးကွာ သွားသောကြောင့် ချန်ယန်က ယန္တရား သားရဲကို ထိန်းချုပ်ရန် ပိုမို လွယ်ကူလာသည်။

"ထိန်းချုပ် လိုက်စမ်း...."

ချင်ယန်က တိုးတိုးလေး အော်ဟစ်လိုက်သည်။ နောက်ဆုံးတွင် သူ၏ နတ်ဘုရား စွမ်းအား ပါဝင်သော ယွမ်ချီများက ယန္တရား သားရဲ၏ ဗဟိုအူတိုင်ထဲ စိမ့်ဝင်သွားသည်။ ထို့နောက်

ချင်ယန်၏ သွေးများက ဗဟိုအူတိုင်ထဲမှ နဂိုသွေးများကို အတင်းအကျပ် မောင်းထုတ်ပြီး အတင်းအကျပ် နေရာ ဝင်ယူလိုက်သည်။

ဖူး....

ထိုနေရာနှင့် ကီလိုမီတာ သုံးဆယ်ကျော်၊ လေးဆယ်ကြား ဝေးကွာသည့် နေရာတွင် ကျင်ဟောင်ရှု ပါးစပ်မှ သွေးများ အန်ထွက်သွားပြီး မျက်နှာက ဖြူဖျော့သွားသည်။ ကံကောင်းသည်မှာ သူတို့က သီးခြား အစီအရင်ကို ခင်းကျင်းထားသဖြင့် ကျန်သည့်လူများ မမြင်ခဲ့ကြပေ။

"လူယုတ်မာ...."

ကျင်ဟောင်ရှုက အဆင့် (၇) ကုသရေး ဆေးကို ပါးစပ်ထည့်ကာ စိတ်ဝိညာဉ် အရည်နှင့် သောက်လိုက်သဖြင့် ဒဏ်ရာအချို့က တည်ငြိမ်သွားသော်လည်း ယခင်အတိုင်း အသည်းနာနေသလို ယခင်အတိုင်း ဒေါသ ထွက်နေသေးသည်။ ယခုလေးတင် ယန္တရားသားရဲ ထိန်းချုပ်မှုက လုံးဝ ပျောက်ကွယ် သွားခဲ့ပြီ.....

"ဂိုဏ်းသခင်လေး.. ဒါက ပူးပေါင်း ကြံစည်မှုပဲ..."

“ဒီလို ပူးပေါင်း ကြံစည်မှုအောက်မှာ ငါတို့ရဲ့ အဓိက ပန်းတိုင်က ငါတို့ရဲ့ အသက်ကို ကယ်တင်ဖို့ပဲ.....”

လူတစ်ယောက်က ကျင်ဟောင်ရှုကို နှစ်သိမ့်ပေးနေသည်။

အခန်း(၃၄၀) - အဆင့် (၁) မိုးကြိုး စစ်ပွဲသခင်

"ချင်ယန်.... ဒီတစ်ခေါက် ကျင်ဟောင်ရှုကို စော်ကားလိုက်တာ ပြဿနာ ရှိလာနိုင်လား...."

လောင်လန်နာက အနည်းငယ် စိတ်ပူနေသည်။

မဟူရာ နတ်ဆိုးသခင် အကြောင်း မပြောနှင့်အုံး။ ယခုလေးတင် ကျင်ဟောင်ရှု၏ လူများထဲမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် လေးယောက်၊ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် ကိုးယောက်နှင့်

ယွမ်ဟိုင်နယ်ပယ် နတ်ဆိုးသားရဲ ငါးကောင်ကို သတ်ဖြတ်ခဲ့သည်။ ရတနား အများအပြားလည်း အသုံးပြုခဲ့ရသည်။

အရေး အကြီးဆုံး အရာမှာ ဓမ္မကလေးငယ် အဆင့် (၃) ယန္တရား သားရဲပင်.....

အဆင့် (၇) တန်ခိုးရှင် ဆိုပါက အဆင့် (၇) တန်ခိုးရှင် အားလုံးသည် အထွတ်အထိပ် ပုဂ္ဂိုလ်များ ဖြစ်ပြီး ဒေသတစ်ခု၏ ခေါင်းဆောင်၊ အာဏာရှင် တစ်ယောက် ဖြစ်သည်။ ထိုအဆင့် တန်ခိုးရှင်ဖြစ်စေ၊

ယန္တရားသားရဲ ဖြစ်စေ ဆုံးရှုံးသွားခြင်းက ဆုံးရှုံးမှု အလွန် ပြင်းထန်လွန်းလှသည်။

ထို့အပြင် အချို့ ကဏ္ဍများတွင် အဆင့် (၇) ယန္တရား သားရဲများက အဆင့် (၇) တန်ခိုးရှင်များထက် များစွာ သာလွန် နေသေးသည်။

အဆင့် (၇) တန်ခိုးရှင်များက သစ္စာဖောက်နိုင်သော်လည်း အဆင့် (၇) ယန္တရား သားရဲများက မည်သည့် အချိန်မှ သစ္စာ မဖောက်နိုင်ပေ။ သခင်အမိန့်ကို သစ္စာရှိရှိ လိုက်နာကြသည်။

လက်အောက် ငယ်သားများ ဆုံးရှုံး သွားခြင်းကြောင့် ကျင်ဟောင်ရှုက ထွေထွေထူးထူး အသည်းကွဲခြင်း မရှိသော်လည်း အဆင့် (၇) ယန္တရား သားရဲ ဆုံးသွားသည့် အတွက် တော်တော်လေး အသည်းကွဲ နေလောက်သည်။

“ဘာဖြစ်လဲ....”

ချင်ယန် တစ်ချက်ပြုံးပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

“ကျန်းစွန်းရှန်း ၊ ဒေါင်ဖန်ဟွမ်၊ လျူဝမ်တို့နဲ့ အဆင့် (၇) ယန္တရား သားရဲကို ထပ်ပေါင်းလိုက်ရင်

ငါတို့ဆီမှာ ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင် လေးယောက် ရှိနေပြီ.... ဒီလောက် အင်အားနဲ့ ဆိုရင် ငါတို့ကို အလွယ်တကူ ကိုင်တွယ်လို့ မရတော့ဘူး....."

လောင်လန်နာက.....

"ချင်ယန်... မီးလျှံကြီးဂိုဏ်းမှာ အဆင့် (၈) ဓမ္မခန္ဓာအဆင့် တန်ခိုးရှင် ရှိသေးတယ်။ အဲ့တန်ခိုးရှင်က အဆင့် (၇) တန်ခိုးရှင်တွေကို ခေါ်ပြီး ရောက်လာနိုင်တယ်နော်..."

ချင်ယန်က ခေါင်းခါလိုက်ပြီး.....

“မဟူရာ နတ်ဆိုးသခင် သေဆုံးသွား ကတည်းက မီးလျှံကြီးဂိုဏ်းကို သတင်းပို့ဖို့ လူတစ်ယောက် စေလွှတ်ထားမှာပဲ။ ဒီလို ဆိုရင်တောင် မီးလျှံကြီး ဂိုဏ်းက အဆင့် (၈) တန်ခိုးရှင်ကို လွှတ်လိုက်မှာ မဟုတ်ဘူး။ မီးလျှံကြီး ဂိုဏ်းမှာ အဆင့် (၈) တန်ခိုးရှင် နှစ်ယောက် ရှိတယ်။ တစ်ယောက်က မြေအောက် လှိုဏ်ဂူကို တိတ်တိတ်လေး စောင့်ကြပ်နေတယ်။ နောက် တစ်ယောက်က မီးလျှံကြီး ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပဲ....”

“ဂိုဏ်းချုပ်က လွယ်လွယ်နဲ့ ထွက်လာမှာ မဟုတ်ဘူး..... တကယ်လို့ ဒီနေရာမှာ တစ်ခုခု ဖြစ်သွားရင် မီးလျှံကြီးက ချက်ချင်း ပျက်ဆီး သွားလိမ့်မယ်။ ဂိုဏ်းချုပ်က အပြင်ထွက်လာချင်ရင် မီးလျှံကြီးမှာ ပူးပေါင်း ကြံစည်မှု ရှိ၊ မရှိ ထည့်သွင်း စဉ်းစားရအုံးမယ်”

ဟွာဝမ်ရိုက.....

“မဟူရာ နတ်ဆိုး သခင်နဲ့ ကျန်တဲ့လူတွေ သေသွားလို့ ဂိုဏ်းချုပ်က မထွက်လာရင်တောင် အခု

ကျင်ဟောင်ရှုက တော်တော်လေး ဆုံးရှုံးသွားပြီ မဟုတ်လား....”

“မဟုတ်ဘူး...”

ချင်ယန်က ခေါင်းခါလိုက်ပြီး...

“ဒီသတင်း ပြန်ရောက်သွားရင် မီးလျှံကြီးဂိုဏ်းရဲ့ ဂိုဏ်းချုပ်က ဂိုဏ်းထဲမှာ ပူးပေါင်း ကြံစည်မှု ရှိနေပြီဆိုတဲ့ အချက်ကို ပိုပြီး သံသယ ဖြစ်သွားလိမ့်မယ်..... ရာထူး မြင့်မားတဲ့ လူတစ်ယောက်ရဲ့ စကားလုံးနဲ့ လုပ်ရပ်တိုင်းက

မရေမတွက်နိုင်တဲ့ လူတွေနဲ့ ဆက်စပ်နေလို့ သေချာပေါက် အတွေး လွန်နေလိမ့်မယ်.....”

“တကယ်လို့ ကျင်ဟောင်ရှုသာ ဒီနေရာမှာ သေသွားမယ် ဆိုရင်တော့ မီးလျှံကြီး ဂိုဏ်းရဲ့ ဂိုဏ်းချုပ် ရောက်လာလိမ့်မယ်။ အခု လောလောဆယ်တော့ အဆင့် (၇) တန်ခိုးရှင် နှစ်ယောက်၊ သုံးယောက် နဲ့ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် အချို့ စေလွှတ်လိုက်ဖို့ များတယ်။ ဒါနဲ့ စကားမစပ်... တချို့ နည်းလမ်းတွေနဲ့ လီလျှ

ကောင်းကင်ဘုံ နန်းတော်ကို ဖိအား ပေးလိမ့်မယ်....."

"ငါတို့သာ အင်အား အားနည်းနေမယ် ဆိုရင်တော့ တတ်နိုင်သမျှ အမြန်ဆုံး ထွက်ပြေးတာ အကောင်းဆုံးပဲ.. အခုတော့ သိပ်ပြီး စိတ်ပူနေစရာ မလိုတော့ဘူး...."

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က ဖြည်းဖြည်းခြင်း ခေါင်းညိတ် လိုက်ကြသည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး....

“တကယ်လို့ အားလုံး အဆင်ပြေသွားမယ် ဆိုရင်တော့ မီးလျှံကြီး ဂိုဏ်းက တန်ခိုးရှင်တွေ မရောက်သေးခင် ငါတို့ လျှို့ဝှက် နယ်မြေထဲက ပြန်ထွက် နိုင်လိမ့်မယ်။ အခြေအနေ မကောင်းရင်လည်း လီလျှူ သန့်ရှင်းမြို့က ထွက်သွားရုံပဲပေါ့....”

ချင်ယန်၏ အမြင်အရ ပြဿနာ တစ်ခု ဖြစ်လာနိုင်ချေက အလွန် နည်းပါးသည်။ ထိုကဲ့သို့ ဖြစ်နေပြီ ဆိုမှဖြင့် အဘယ်ကြောင့် ရန်မစရဲ ရမည်နည်း.....

ထို့အပြင် ယခု တစ်ကြိမ်တွင် ကျင်ဟောင်ရှုဘက်မှ စပြီး သူ့ကို လာရှာခဲ့ခြင်း ဖြစ်သည်။ အကယ်၍ သူတို့ဘက်မှ ပြန်လည် မတိုက်ခိုက်ရဲလျှင် လွတ်မြောက်အောင် ထွက်ပြေးရမည် မဟုတ်ပါလော.....

အဆင့် (၇) ယန္တရား သားရဲက အလွန်မြန်ဆန် လွန်းလှသဖြင့် သူတို့သာ ထွက်ပြေးမည် ဆိုပါက သေခြင်း အဆုံးသတ်သာ ရှိသည်။ အကယ်၍ သူတို့သာ ထွက်ပြေးကြမည် ဆိုပါက

ကျင်ဟောင်ရှုနှင့် အခြားလူများက သူတို့ကို အနိုင်ကျင့်၍ ရသည်ဟု ထင်သွား ကြလိမ့်မည်။

ထိုအခါ လီလျှု ကောင်းကင်ဘုံ နန်းတော်ကလည်း တစ်ခုခု လှုပ်ရှား လာနိုင်သည်။

ယခုနေရာတွင် လီလျှု ကောင်းကင်ဘုံ နန်းတော်မှာ တန်ခိုးရှင် အများကြီး ရှိနေသည်။ အကယ်၍ ချင်ယန်တို့ကို ပျော့ပြောင်းသော ပန်းသီးတစ်လုံးဟု ထင်သွားပါက ကျန်ကျူပင်က ယဉ်ကျေးနေမည် မဟုတ်ပေ။ သူတို့ကို

သတ်ဖြတ်ရန် တန်ခိုးရှင်များ စေလွှတ်လာနိုင်သည်ဟု ချင်ယန်က ခန့်မှန်းထားသည်။

“တော်ပြီ..... အများကြီး မတွေးနဲ့.... မြန်မြန်လေး လေ့ကျင့်ကြ....”

ချင်ယန်က ပြုံးပြီး ပြောလိုက်သည်။ ယခုလက်ရှိတွင် တော်တော်လေး စိတ်အေးနေသည်။ ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က အန္တရာယ်မည်မျှများများ ကြုံတွေ့ခဲ့ရလဲ ဆိုသည်ကို တွက်ပင်မတွက်ကြည့် နိုင်တော့ပေ။ ယခုလက်ရှိ

အဖြစ်အပျက်များက သူ့အတွက် ကလေးကစား နေသလောက်သာ ရှိသည်။

လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က ခေါင်းညိတ်လိုက်ကြသည်။

တစ်နေ့တာ၏ လက်ကျန် နေ့တစ်ဝက်က လျင်မြန်စွာ ကုန်ဆုံးသွားသည်။ ထိုအခါမှ ကျင်ဟောင်ရှုနှင့် အခြားလူများသည် ရင်ထဲမှ အပူလုံးကြီး ကျသွားပြီး အပြင်ထွက်ရန် စောင့်ဆိုင်း နေကြသည်။

လီလျူ သန့်ရှင်မြို့တွင် ဓမ္မကလေးငယ် အဆင့် (၅) တန်ခိုးရှင် ချူးဟူ ရှိနေသဖြင့် အသတ်ခံရနိုင်ချေ နည်းပါးသည်။ မတော်တဆ သေဆုံးနိုင်ချေလည်း တော်တော်လေး နည်းပါးသွားလိမ့်မည်။

“ပြိုင်ပွဲဝင် အားလုံး.... ရှေးစေတီ အဆောင်ကို ချိုးဖျက်ပြီး အပြင် ပြန်ထွက်နိုင်ပြီ...”

ကျယ်လောင်သော အသံတစ်ခုက ရှေးစေတီ ကျွန်းတစ်လုံးသို့ ပျံ့နှံ့သွားသည်။

ရှေးစေတီ ကျွန်းပေါ်တွင် အလင်းတန်းများ တစ်ခုပြီး တစ်ခု ပေါ်လာသည်။ ထို အလင်းတန်းများက ပုံရိပ် တစ်ခုစီကို သယ်ဆောင်လာသည်။ အစီအရင် စွမ်းအားနှင့် ရှေးစေတီ ကျွန်းပေါ်မှ လူတိုင်းကို ဆွဲထုတ်လိုက်သည်။

ထုံးစံအတိုင်း ချင်ယန်တို့ အဖွဲ့ကလည်း ရှေးစေတီ အဆောင်ကို ဆုတ်ဖြဲပြီး ပျံထွက်လာကြသည်။

ဆယ်စက္ကန့် အနည်းငယ် ကြာပြီးနောက် လူတိုင်းက မိုးပျံလှေကြီး ဆိုက်ကပ်ထားသည့် ရင်ပြင် တစ်ခုပေါ်တွင် ဆင်းသက် လိုက်ကြသည်။

“ကြည့်ရတာ လူ ရာဂဏန်းလောက် နည်းသွားတယ် ထင်တယ်..... “

“ လူ ခုနှစ်ရာ၊ ရှစ်ရာလောက် နည်းသွားတာပဲ... သေဆုံးမှုနှုန်းက အရင်ကထက် ပိုများတယ်...”

“ဒီတစ်ကြိမ် ပြိုင်ဆိုင်မှုက တော်တော်လေး ပြင်းထန်တာပဲ.....”

လူတိုင်းက တက်တက်ကြွကြွ ဆွေးနွေးနေကြသည်။ ရှေးစေတီ ကျွန်းထဲသို့ လူပေါင်းတစ်သောင်း ဝင်သွားခဲ့သော်လည်း ယခုအခါ တော်တော်များများက ပြန် မထွက်လာကြပေ။

“ဂိုဏ်းသခင်လေး.. ချင်ယန်တို့အဖွဲ့ ဒီမှာ....”

ကျင်ဟောင်ရှု၏ လက်အောက် ငယ်သားတစ်ယောက်က သတိပေးလိုက်သည်။

ကျင်ဟောင်ရှုက မှုန်ကုတ်ကုတ် မျက်လုံးနှင့် ချင်ယန်တို့ကို လှမ်းကြည့်လိုက်သည်။

ချင်ယန်က ကျင်ဟောင်ရှု အကြည့်ကို သတိထားမိပြီး ခေါင်းတစ်ချက် ပြန်ညှိတ်ပြကာ ပါးပါးလေး ပြုံးပြလိုက်သည်။

ကျင်ဟောင်ရှု၏ မျက်လုံးက ဒေါသစိတ်ကြောင့် မီးဝင်းဝင်း တောက်နေသည်။

ဒီနေရာသို့ ရောက်မလာခင်က အခြား အဖွဲ့နှစ်ဖွဲ့ ပိတ်မိ နေမလားဟု တွေးနေခဲ့မိသေးသည်။ ယခုအခါ လုံးဝ ပြန်မထွက်လာသဖြင့် ပိတ်မိနေခြင်း မဟုတ်ဘဲ လုံးဝ သေဆုံးသွားပြီ ဖြစ်ကြောင်း သေချာသွားခဲ့ပြီ.....

လူနှစ်ဆယ်ကျော်လာပြီး တစ်ဝက်ကျော် သေဆုံးသွားခဲ့ခြင်းပင်။

ထို့အပြင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် ငါးယောက်ကလည်း မေ့မြော နေသေးသည်။ သူတို့က မသေသေးသော်လည်း အဆိပ်ဖြေဆေး တိုက်ခဲ့သည့် တိုင်အောင် တုံ့ပြန်မှု လုံးဝ မရှိခဲ့ပေ။

ယခု ကိစ္စက ပူပေါင်းကြံစည်မှု တစ်ခု ဖြစ်ပြီး ချင်ယန်က ငါးစာသာ ဖြစ်နေလျှင်ပင် ကျင်ဟောင်ရှု၏ မျက်လုံးထဲ၌ ချင်ယန်တို့အဖွဲ့က သေကို သေရမည်။

“လူတိုင်းပဲ.. မိုးပေါ်လေပေါ် တက်ကြပါ.....”

လက်ထောက် နန်းတော်သခင်၊ တစ်ခေါင်းလုံး ဆံပင်ဖြူနေသော အဘိုးက ပြောလိုက်သည်။

ရုတ်တရက် ဆိုသလို လူတိုင်းက မိုးပျံလေပေါ် တက်သွားကြသည်။

မိုးပျံလေကြီးက ပျံသန်းသွားပြီး မိနစ် အနည်းငယ် ကြာပြီးနောက် လူ သန်းပေါင်းများစွာ စုဝေးနေသည့် လီလျူ သန့်ရှင်းမြို့ရှိ ရင်ပြင်ကြီးသို့ ပြန်ရောက် လာကြသည်။

"အစ်ကိုလီ.... နံပါတ်တစ် ဘယ်သူ ဖြစ်မယ်လို့ ထင်လဲ...."

"ထုံးစံအတိုင်း ငါတို့ လီလျှူ သန့်ရှင်းမြို့ရဲ့ နံပါတ်တစ် ပါရမီရှင် မိုးကြိုး စစ်ပွဲသခင်ပဲ ဖြစ်မှာပေါ့....."

"လွဲကျန်က ကျင်ဟောင်ရှုထက် ပိုသန်မာတယ်...."

"ဓါးတစ်ထောင်ဂိုဏ်းနဲ့ ဆေးဘုရင် နန်းတော်က ပါရမီရှင်တွေလည်း နံပါတ်တစ် နေရာ ရနိုင်ပါတယ်....."

“ချင်ယန်က ထိပ်တန်း အယောက်တစ်ရာ ထဲဝင်မယ်လို့ မင်း ထင်လား...”

“သူ အသက်ရှင်နေအုံးမလား ဆိုတာက မေးခွန်း ထုတ်စရာပဲ။ ဂိုဏ်းသခင်လေးကျင်က သူ့ကို လွှတ်ပေးမှာ မဟုတ်ဘူး...”

ရင်ပြင်ထဲ၌ လူတော်တော် များများက ဆွေးနွေး နေကြပြီး ချူးဟူ၏ မျက်လုံးထဲတွင် မျှော်လင့်နေသော အရိပ်အယောင်များ ပေါ်နေသည်။ ဒီနေရာတွင် ကျင်ဟောင်ရှုထံမှ သတင်းကောင်း ကြားရမည်ဟု မျှော်လင့်နေသည်။

မိုးပျံလှေက ဆင်းသက်ခဲ့ပြီ ဖြစ်သော်လည်း လူတိုင်းက ချက်ချင်း မဆင်းကြသေးပေ။

“အထူး နံပါတ်ပြား မရလာတဲ့ လူတွေက မိုးပျံလှေပေါ်က ဆင်းပေးပါ....”

တစ်ခေါင်းလုံး ဆံပင်ဖြူနေသော အဘိုးအို့က လေထဲ ပျံသန်းပြီး တည်ကြည် လေးနက်သော လေသံနှင့် ပြောလိုက်ရာ လူခုနှစ်ထောင်ကျော် ရှစ်ထောင်ခန့်က မိုးပျံလှေပေါ်မှ ပျံဆင်းသွားကြသည်။ သူတို့ထဲမှ အချို့က နံပါတ်ပြားကို အမှန်တကယ် ရခဲ့သော်လည်း အခြားလူများကို

ပေးခဲ့ကြသည်။ တစ်ခု၊ နှစ်ခုသာ ဖြစ်၍ အမှတ်ကောင်းကောင်း ရရန် မဖြစ်နိုင်ပေ။

အဆုံးတွင် မိုးပျံ လှေပေါ်၌ လူတစ်ထောင်ခန့်သာ ကျန်ရစ်ခဲ့သည်။ သူတို့ထံမှ ထိပ်ဆုံး အယောက် တစ်ရာကသာ လျှို့ဝှက် နယ်မြေထဲ ဝင်ရောက်ခွင့် ရကြလိမ့်မည်။ အဆင့် ကောင်းကောင်း တစ်ခုရပါက အကျိုးအမြတ်များ ရရှိနိုင်သည်။ ထိုကဲ့သို့ မဟုတ်ပါက အချိန်ဖြုန်းရုံ သက်သက်သာ ဖြစ်နေလိမ့်မည်။

“မင်းတို့ ရထားတဲ့ နံပါတ်ပြားတွေ ထုတ်လိုက်ပါ....”

တစ်ခေါင်းလုံး ဆံပင်ဖြူနေသော အဘိုးအို၊ ကလေးနက်စွာ ပြောလိုက်ပြီး သူ့အကြည့်များက ချင်ယန်နှင့် လူတစ်ထောင်လုံးပေါ် ဖြတ်ပြေးသွားသည်။

မိုးပုံ လှေအောက်ရှိ သန်းပေါင်း များစွာသော လူများကလည်း ချင်ယန်နှင့် လူတစ်ထောင်တို့ကို စိုက်ကြည့် နေကြသည်။ လီလျှု သန့်ရှင်းမြို့ရှိ

လူတော်တော်များ များက ဒီဘက်ခြမ်းမှ အခြေအနေကို အာရုံစိုက် နေကြသည်။

ချင်ယန်က သူတို့ ရထားသော နံပါတ်ပြားများကို ထုတ်ယူလိုက်ကြသည်။

ချင်ယန် ထုတ်ယူလိုက်သော နံပါတ်ပြားက သုံးရာခန့် ရှိပြီး လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က တစ်ယောက်ကို (၁၅၀) စီ ထုတ်ယူ လိုက်ကြသည်။

ချင်ယန်က အသတ်ခံရသော တန်ခိုးရှင်များ၏ သိုလှောင် လက်စွပ်များကို ဖွင့်ခဲ့သည်။ ထိုအထဲတွင် ရတနာများ အများကြီး ပါသော်လည်း နံပါတ်ပြား

တစ်ခုမှ မပါခဲ့ပေ။ ရရှိခဲ့သော နံပါတ်ပြား အားလုံးကို ကျင်ဟောင်ရှုက သိမ်းဆည်းထားခြင်း ဖြစ်နိုင်သည်။

မကြာခင် စာရင်းကို ကြေငြာတော့မည်။

မမျှော်လင့်စွာနှင့် ချင်ယန်က အဆင့် (၁၂) သတ်မှတ်ခံရပြီး လောင်လန်နာနှင့် ဟွာဝမ်ရိုတို့က အဆင့် (၃၀) ကျော် သတ်မှတ် ခံရသည်။

အဆင့် (၁) မိုးကြိုး စစ်ပွဲသခင်....

အဆင့် (၂) ကျင်ဟောင်ရှု.....

အဆင့် (၃) ခါးတစ်ထောင်ဂိုဏ်းမှ လူငယ်တစ်ယောက်.....

သူတို့ သုံးယောက်ပေါင်း နံပါတ်ပြား အရေအတွက် တစ်ထောင်ကျော်သည်။

"ဘာပဲ...."

အဆင့် သတ်မှတ်ချက် ကြေငြာလိုက်သည်နှင့် ကျင်ဟောင်ရှုက စိတ်ထဲမှ အော်ဆဲလိုက်သည်။ ပထအဆင့် ရပါက မျက်နှာကို အနည်းငယ် ကယ်တင်နိုင်သော်လည်း ယခုအခါ ပထမနေရာ မရခဲ့ချေ။

"မိုးကြိုး စစ်ပွဲသခင်...."

"အခုအချိန်မှာ ဒီကောင် ရူးသွပ်နေသေးလား မသိဘူး..."

ချင်ယန် မျက်နှာပေါ်တွင် အပြုံးပါးပါးလေး တစ်ခု ရှိနေသည်။ ထိုအချိန်တုန်းက လဲ့ကျန်နှင့် တစ်ကြိမ်ထက်မက တိုက်ခိုက်ခဲ့ဖူးသည်။ ဒီကောင်က သူ့လက်ထဲတွင် ဆယ်ခါထက် မနည်း ရှုံးနိမ့်ခဲ့သော်လည်း လဲ့ကျန်က ပိုမိုသန်မာ လာခဲ့သည်။ ချင်ယန်က လဲ့ကျန်နှင့် တစ်ကြိမ်

တိုက်ခိုက်လိုက်တိုင်း လဲ့ကျန်၏ ခွန်အားက အများကြီး တိုးတက် လာသည်ကို ခံစားမိခဲ့သည်။

ထိုအချိန်တုန်းက ချင်ယန်သည် လဲ့ကျန်၏ ဓါးသွေးကျောက် ဖြစ်ခဲ့သည်။ သူ့ခွန်အားက အနှေးနှင့် အမြန်ဆိုသလို ချင်ယန်ကို ကျော်လွန်သွားလိမ့်မည်။

ချင်ယန်က လဲ့ကျန်ကို တန်ဖိုး ထားနေဆဲ ဖြစ်သည်။ အကယ်၍ ထိုအတိုင်း ဆက်သွားပါက လဲ့ကျန်နှင့်သူ မိတ်ဆွေ ဖြစ်သွားနိုင်သည်ဟု ခံစားမိခဲ့သော်လည်း လဲ့ကျန်က အစွမ်းထက်သော

ရှေးဟောင်း အမွေအနှစ်ထဲ ဝင်ရောက်သွားခဲ့ပြီး ထိုအထဲတွင် သေဆုံး သွားခဲ့သည်။

ထိုအချိန်တုန်းက လဲ့ကျန်၏ ကျင့်ကြံခြင်း အဆင့်မှာ ဓမ္မခန္ဓာနယ်ပယ် အဆင့် (၉) ရောက်နေခဲ့သည်။ အကယ်၍ ရှေးဟောင်း အမွေအနှစ်ထဲမှ အကျိုးအမြတ်များ ရလာမည် ဆိုပါက အဆင့် (၉) ကောင်းကင်ဘုံ အဆင့် မဟာကေရာ၏ တစ်ပါး ဖြစ်လာနိုင်ဖွယ် ရှိသည်။

တစ်ချိန်တုန်းက ချင်ယန်က အဆင့် (၉) တိုက်ပွဲ တိုက်ခိုက်နေခဲ့သည့် အချိန်တွင်လည်း လဲ့ကျန်က

သူ့ကိုယ်သူ သရဏာဂုဏ်တင်ပြီး ချင်ယန်ကို ကူညီပေးရန် ရောက်လာ ခဲ့သေးသည်။

ချင်ယန်၏ အကြည့်ကို ခံစားမိသဖြင့် လဲ့ကျန်ကလည်း ပြန်လှည့် ကြည့်လာသည်။

အခန်း(၃၄၁) - မြို့သခင် လွဲရှင်းဟန်

“မင်းက ကျင်ဟောင်ရှုရဲ့ လူတွေကို သတ်လိုက်တာလား... လုပ်တာ ကောင်းတယ်.....”

မိုးကြိုးစစ်ပွဲ သခင်၏ အသံက ချင်ယန် စိတ်ထဲတွင် ရုတ်တရက် ထွက်ပေါ်လာသည်။

လွဲကျန်က နံပါတ်ပြား တစ်ထောင်ကျော်ကို သူကိုယ်တိုင် ရှာဖွေခဲ့ခြင်း ဖြစ်သည်။

ကျင်ဟောင်ရှုကမ္ဘ သူ့လူများက သူ့အတွက် နံပါတ်ပြားရအောင် ရှာပေးခဲ့ခြင်း ဖြစ်သည်။

မိုးကြိုး စစ်ပွဲသခင်၏ ပြောစကားကြောင့် ချင်ယန်၏ အမှုအရာ ပြောင်းလဲသွားခြင်း မရှိပေ။

“စိတ်ဝင်စား စရာပဲ.....”

လဲ့ကျန်၏ နှုတ်ခမ်းထောင့်က တွန့်ကွေးပြီး တစ်ချက် ပြုံးသွားသည်။

“ဂိုဏ်းသခင်လေး... ဘာဖြစ်နေတာလဲ.....”

ထိုအချိန်တွင် ချူးဟူက ကျင်ဟောင်ရှု အနားရောက်သွားသည်။

ကျင်ဟောင်ရှု မျက်နှာက အနည်းငယ် သုန်မှုန်နေပြီး ချူးဟူက မယုံကြည်နိုင်စွာ ကြည့်နေသည်။

သွားတုန်းက လူ (၂၀) ကျော် ပါသွားသော်လည်း ပြန်လာသောအခါ လူတစ်ဝက်သာ ပြန်ပါလာပြီး ထိုအထဲမှ ငါးယောက်ကို ထမ်းပိုး ထားရသေးသည်။

"လူအိုကြီးချူး..... အပြင်ထွက်ပြီး စကားပြောရအောင်....."

ကျင်ဟောင်ရှုက လေးနက်စွာ ပြောပြီးနောက် သူတို့ အဖွဲ့က ခပ်သွက်သွက်လေး ထွက်ခွာ သွားကြသည်။ ကျင်ဟောင်ရှုက အဆင့် (၂) ရသော်လည်း ဒီနေရာတွင် ဆက်နေချင်စိတ် မရှိတော့ပေ။

"ဂိုဏ်းသခင်လေး.... ဘာတွေ ဖြစ်နေတာလဲ... ကျန်တဲ့လူတွေ ကရော....."

ကျင်ဟောင်ရှုက အံကြိတ်ပြီး ခေါင်းခါလိုက်သည်။

ချုံးဟူ စိတ်ထဲတွင် အေးစက်သွားသလို ခံစားလိုက်ရသည်။ ကျင်ဟောင်ရှု အနားမှ

လူတော်တော်များများ သေဆုံး သွားခဲ့ပြီ။ အကယ်၍ ဒီအချိန်တွင် ကျင်ဟောင်ရှုသာ သေဆုံးသွားမည် ဆိုပါက နောက်ဆက်တွဲ အကျိုးဆက်က ဆိုးဝါး သွားလိမ့်မည်။

"လူအိုကြီးချူး... ဘာဖြစ်လို့ တစ်ယောက်တည်း ရောက်နေတာလဲ...."

ကျင်ဟောင်ရှုက စဉ်းစားမရ သဖြင့် မေးလိုက်သည်။

ချူးဟူက ခါးသီးနေသော အမူအရာနှင့်.....

"ဂိုဏ်းသခင်လေး... အပြင်ဘက်မှာ ပြဿနာ တချို့ ရှိနေတယ်. ဒီနေရာမှာ ကျန်ခဲ့တဲ့ ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်ခိုးရှင် နှစ်ယောက် သေသွားလို့ ..... တခြား တန်ခိုးရှင်တွေ တစ်ခုခု ဖြစ်သွားမှာ စိုးရိမ်ပြီး ကျန်တဲ့ လူတွေကိုတော့ ရဲတိုက်မှာ စောင့်ကြပ် ခိုင်းထားတယ်....."

"ဘာ....."

ကျင်ဟောင်ရှုသည် နှလုံးက အောင့်တက်လာသဖြင့် ဘယ်ဘက် ရင်အုံကို ဆုပ်ကိုင်လိုက်ရသည်။

ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်ခိုးရှင် နှစ်ယောက်က တော်တော်လေး အရေးပါသည်။ ထို နှစ်ယောက်၏ တန်ဖိုးက ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၃) ယန္တရား သားရဲထက် နိမ့်ကျခြင်း မရှိပေ။

ဖူး.....

ကျင်ဟောင်ရှုက မူလ ဒဏ်ရာကို ရတမျှားနှင့် ဖိနှိပ်ထားခဲ့ခြင်း ဖြစ်သည်။ ထို သတင်းကို

ကြားသောအခါ ကျင်ဟောင်ရှု ပါးစပ်မှ သွေးများ အန်ထွက်လာသည်။

"ဂိုဏ်းသခင်လေး....."

ချူးဟူက ကျင်ဟောင်ရှု၏ အတွင်းဒဏ်ရာ တည်ငြိမ်သွားအောင် ကူညီ ပေးလိုက်သည်။

"ပြန်မယ်....."

ကျင်ဟောင်ရှုက အံကြိတ်ပြီး ပြောလိုက်သည်။ မြို့အတွင်း ခွင့်ပြုထားသော အရှိန်နှင့် ရဲတိုက်သို့ အမြန် ပြန်သွားကြသည်။

ခဏအကြာ ချူးဟူသည် ကျင်ဟောင်ရှုပြောသည့် ကျွန်းပေါ်မှ အခြေအနေကို ကြားလိုက်ရသည်။

ကျင်ဟောင်ရှု၏ မျက်နှာက မည်းမှောင်နေသည်။ သူ မသေခဲ့တာပဲ ရှိသည်။ ယွမ်ဟိုင်နယ်ပယ် နတ်ဆိုးသားရဲ ငါးကောင် သေပြီး ယန္တရား သားရဲ သိမ်းယူခြင်း ခံလိုက်ရသည်။

“လူအိုကြီးချူး.... ချင်ယန်က ဒီလို စွမ်းရည်မျိုး ရှိနိုင်ပါ့မလား.....”

“ဒီကိစ္စက ပူးပေါင်း ကြံစည်မှု တစ်ခုလို့ ငါတို့ သံသယ ဖြစ်နေတယ်....”

ကျင်ဟောင်ရှုက အေးစက်စွာ ပြောလိုက်သည်။

ချူးဟူကလည်း ခေါင်းညိတ်လိုက်သည်။ ယွမ်ဒန်နယ်ပယ် အဆင့် (၉) တန်ခိုးရှင် နှစ်ယောက်တိတ်တဆိတ် ပျောက်ကွယ်သွား ကတည်းက သူကလည်း ထိုကဲ့သို့ သံသယ ဝင်နေခြင်းပင်။ ယခုအခါ ကျင်ဟောင်ရှုနှင့် အခြားလူများကလည်း ထိုအတိုင်း ခံစားနေရသည်။

“ယန္တရား သားရဲက အစီအရင်ထဲ ပိတ်မိသွားတယ်။ ကျန်တဲ့ လူတွေကိုလည်း အစီအရင်တွေက သုတ်သင် ရှင်းလင်းလိုက်တယ်။

ချင်ယန်နဲ့ တခြားလူတွေက ဒီလောက် အစွမ်းထက်တဲ့ အစီအရင်တွေကို အချိန်တိုလေး အတွင်း ခင်းကျင်းဖို့ မဖြစ်နိုင်ဘူး....”

ချူးဟူက လေးနက်စွာ ပြောလိုက်သည်။

ချင်ယန်က ဆေးဆရာ တစ်ယောက် ဖြစ်နေပြီ သဖြင့် အစီအရင်ပိုင်းတွင် ဤမျှ ကျွမ်းကျင် နိုင်ပါမည်လော.....

ထို့အပြင် အချိန်က တိုတောင်း လွန်းလှသည်။ ချင်ယန်က အဆင့် (၆) အဆောင်ဘုရင် ဖြစ်နေလျှင်ပင် အလွန် နောက်ကျ သွားလိမ့်မည်။

ချင်ယန်က အဆင့် (၇) အဆောင်ဘုရင် ဖြစ်နေမည့် အချက်ကိုမူ ချူးဟူနှင့် အခြားလူများက တွေးပင် မတွေးခဲ့ကြပေ။ ဒါသည် သာမန်လူများ၏ အသိဉာဏ်ထက် ကျော်လွန်သွားခဲ့ပြီ.....

ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်က အားမနည်းသော်လည်း ငယ်ငယ် ရွယ်ရွယ်နှင့် အဆင့် (၆) ဆေးဘုရင် တစ်ယောက် ဖြစ်နေပြီ ဖြစ်သဖြင့် ဆေးတာအို အပိုင်းတွင် တော်တော်လေး ပါရမီ ပါသည်။ ဒါကိုပင် အစီအရင် အပိုင်း၌

အားကောင်း နေအုံးမည် ဆိုပါက မည်ကဲ့သို့ ဖြစ်နိုင်မည်နည်း……

“ငါလည်း ဒီလိုပဲ ထင်တယ်…..”

“ငါတို့ မီးလျှံကြီးဂိုဏ်းမှာ အပြင်လူနဲ့ ပူးပေါင်းနေတဲ့ တန်ခိုးရှင် တစ်ယောက် ရှိကိုရှိ ရမယ်…

“ငါ့စိတ်ထဲမှာတော့ ညီလေးကို ပြေးမြင် နေမိတယ်…”

ကျင်ဟောင်ရှုက အံကြိတ်ပြီး ပြောလိုက်သည်။ သူ့ တစ်ဝမ်းကွဲ ညီကလည်း ပင်ကိုယ်ပါရမီ အလွန်ကောင်းသည်။ အကယ်၍ သူသာ တစ်ခုခု ဖြစ်သွားမည် ဆိုပါက ဂိုဏ်းသခင်လေး ရာထူးက သူ့ တစ်ဝမ်းကွဲညီထံ ရောက်ရှိ သွားလိမ့်မည်။

“ဂိုဏ်းသခင်လေး... လျှို့ဝှက် နယ်မြေက မနက်ဖြန် ဖွင့်တော့မယ်.... မင်း ဝင်အုံးမှာလား....”

“ဝင်မယ်.. ဘာဖြစ်လို့ မဝင်ရမှာလဲ....”

ကျင်ဟောင်ရှုက အေးစက်သော လေသံနှင့်.....

“လျှို့ဝှက် နယ်မြေထဲ ဝင်သွားရင် ငါက ယွမ်ဒန် နယ်ပယ်ကို သေချာပေါက် ရောက်သွားလိမ့်မယ်။ လူအိုကြီးချူး... ငါ့ဆီက ရတနာ တော်တော်များများ ကုန်သွားပြီ.... မင်းဆီက ရတနာ နည်းနည်းလောက် ငါ့ကိုပေးပါ။ ပြီးမှ တိုက်ခိုက်ရေး ရတနာနဲ့ ကာကွယ်ရေး ရတနာတွေ ပြန်ဝယ်လိုက်.....”

ချူးဟူက ခေါင်းညိတ်လိုက်သည်။ သူ့က အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်နေသဖြင့် လျှို့ဝှက် နယ်မြေထဲသို့

မဝင်နိုင်ပေ။ သို့သော်လည်း လိုလိုပိုပို ရတနာများ ယူဆောင် လာခဲ့သည်။

"ဂိုဏ်းသခင်လေး..... ဟို ချင်ယန်က....."

"အရင်ဆုံးတော့ ဒီကောင့်ကို လွှတ်ထားလိုက်..... ဂိုဏ်းက တန်ခိုးရှင်တွေ ရောက်လာတာကို စောင့်မယ်....."

လျှို့ဝှက် နယ်မြေထဲမှ ပြန်ထွက်လာသည့် အချိန်တွင် ဂိုဏ်းက တန်ခိုးရှင်များ ရောက်နေလောက်ပြီဟု ကျင်ဟောင်ရှုက ခန့်မှန်း ထားသည်။ ဂိုဏ်းက အဆင့်မြင့် တန်ခိုးရှင်

နှစ်ယောက် သေချာပေါက် စေလွှတ်နိုင်ပြီး သူတို့ထဲမှ တစ်ယောက်က ချူးဟူထက် သေချာပေါက် ပိုမို သန်မာလိမ့်မည်။ ချင်ယန်၏ ပြဿနာကို ထိုအချိန်ကျမှ ကိုင်တွယ်လည်း နောက်ကျမည် မဟုတ်ပေ။

"လူအိုကြီးချူး... အရင်ဆုံး ငါ့ကိုယ်ငါ ပြန်ကုသရမယ်....."

"အဆိပ်မိထားတဲ့ ငါးယောက် အတွက်လည်း အဆိပ်ဖြေနိုင်မယ့် နည်းလမ်း ရှာပေးပါအုံး..."

ကျင်ဟောင်ရှုက စကားဝိုင်းကို ခပ်မြန်မြန် အဆုံးသတ်လိုက်ပြီး ဆေးကုသရန် ထွက်ခွာ သွားသည်။ မနက်ဖြန်ဆိုလျှင် လျှို့ဝှက် နယ်မြေထဲ ဝင်ရတော့မည်။ သူ့ဒဏ်ရာက အလွန် ပြင်းထန် နေသေးသည်။

သို့သော်လည်း ကျင်ဟောင်ရှုတွင် ပစ္စည်းကောင်း အများကြီး ရှိသေးသည်။ သူသာ ပြန်ကောင်းချင်စိတ် ရှိပါက တစ်ညအတွင်း ပြန်လည် ကောင်းမွန် လာနိုင်သည်။

……..

“ကျန်အာ..... ကျင်ဟောင်ရှုရဲ့ လူတော်တော် များများ သေသွားတယ် ဆိုတာ မင်း ဘယ်လိုသိတာလဲ....”

လီလျှု သန့်ရှင်းမြို့တွင်.....

ခရမ်းရောင် ဝတ်ရုံရှည် ဝတ်ဆင်ထားသော လူလတ်ပိုင်း အမျိုးသားက မေးလိုက်သည်။ သူ့ရှေ့တွင် လဲ့ကျန်က မတ်တပ်ရပ်နေပြီး ယခုအခါ အလွန် ရိုကျိုးနေသည်။

ခရမ်းရောင် ဝတ်ရုံရှည် ဝတ်ဆင်ထားသော လူလတ်ပိုင်း အမျိုးသားက လီလျှူ သန့်ရှင်းမြို့၏ မြို့သခင် လွဲရှင်းဟန် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် လွဲရှင်းဟန်က လီလျှူ ကောင်းကင် ဘုံနန်တော်၏ လက်ထောက် နန်းတော်သခင် လေးယောက်ထဲမှ တစ်ယောက်လည်း ဖြစ်နေသေးသည်။

လက်ထောက် နန်းတော်သခင် လေးယောက် ထဲတွင် နှစ်ယောက်က အဆင့် (၈) ဓမ္မခန္ဓာ အဆင့်ကို ရောက်ရှိ နေကြသည်။ လွဲရှင်းဟန်က

သူတို့ထဲမှ တစ်ယောက် မဟုတ်သော်လည်း သူ၏ တိုက်ခိုက်ရေး အစွမ်းက အဆင့် (၈) ဓမ္မခန္ဓာနယ်ပယ် လက်ထောက် နန်းတော်သခင် နှစ်ယောက်ထက် အားနည်းခြင်း မရှိသလို သူ့ သိုင်းဝိညာဉ်ကလည်း အလွန် ထူးခြားသည်။ မီးတောက်လုံးကြီး ကဲ့သို့ တောက်လောင်နေသော ကြီးမားသည် မီးလုံးကြီး တစ်လုံးပင်.....

လဲ့ကျန်က မည်မျှပင် ရူးသွပ်နေပါစေ ခရမ်းရောင် ဝတ်ရုံရှည် ဝတ်ဆင်ထားသော လူလတ်ပိုင်း အမျိုးသား အရှေ့တွင် စိတ်ဆိုး၍

မရပေ။ ခွန်အား ကွာခြားချက် ကြီးမားလွန်းသည်။ ပို အရေးကြီးသည်မှာ ဒါက သူ့အဖေပင်.....

"အဖေ.... မင်း ရုပ်ပုံကို မမြင်ဘူးလား...."

"မမြင်ဘူး... တချို့နေရာက မြင်ကွင်းတွေကို ကြည့်လို့ မရဘူး....."

လီလျှူ ကောင်းကင်ဘုံ နန်းတော်သည် ယခင်က ရှေးစေတီ ကျွန်းပေါ်တွင် တည်ရှိခဲ့သဖြင့် တစ်ကျွန်းလုံးကို စောင့်ကြည့်ရေး ပစ္စည်းများ တပ်ဆင် ထားခဲ့သည်။ ဂူအချို့မှလွဲ၍ မည်သည့် နေရာကိုမဆို မြင်တွေ့နိုင်သည်။

ယခုအခါ ရှေးစေတီကျွန်းကို သန်မာသော မိသားစုများ၏ လူငယ်မျိုးဆက် အချို့အတွက် အတွေ့အကြုံ ရှာဖွေသည့် နေရာအဖြစ် အသုံးပြု နေသည်။

သို့သော် လက်တွေ့ အသုံးချမှုက အလွန်တွင်ကျယ်ခြင်း မရှိသော်လည်း လာရောက်လေ့ကျင့်သူများက မရှားပေ။

နောက်ပိုင်းတွင် ရှေးစေတီ ကျွန်းတစ်ခုလုံးကို ထိန်းသိမ်းရသည့် ကုန်ကျစရိတ်က မနည်းပါးသဖြင့်

နေရာ တော်တော်များများကို ဖြည်းဖြည်းခြင်း စွန့်ပစ်ခဲ့သည်။

“အဖေ..... အခြေအနေကို ငါလည်း တိတိကျကျ မသိဘူး....”

“ကျင်ဟောင်ရှုတို့ အဖွဲ့က ခြေရာခံ ရတနာ အသုံးပြုပြီး ချင်ယန်ကို ပြဿနာ ရှာဖို့ သွားခဲ့ကြတယ်။ ဒါပေမဲ့ သူတို့ပဲ ဒုက္ခ ရောက်ခဲ့တယ်။ အဖေ.. ဒီကိစ္စမှာ ငါတို့ လီလျှူ ကောင်းကင်ဘုံ နန်းတော်နဲ့ ပက်သက် နေတာလား...”

လွဲရှင်းဟန်က ခေါင်းခါလိုက်ပြီး.....

“အဖေ သိသလောက်တော့. မပါဘူး.....”

လွဲကျန်၏ မျက်လုံးက တလက်လက် တောက်ပလာပြီး....

“အဖေ... လီလျှု ကောင်းကင်ဘုံ နန်းတော်က တကယ် မပါခဲ့ရင် စိတ်ဝင်စား စရာပဲ။ ချင်ယန်ရဲ့ ခွန်အားက ကျွန်တော်တို့ ခန့်မှန်းထားတာထက် ပိုမြင့်နိုင်တယ်။ ပြီးတော့ သူ့ဘက်က စတင်ဖို့လည်း သတ္တိရှိတယ်။ ချင်ယန်နောက်မှာ အစွမ်းထက်တဲ့ တန်ခိုးရှင် တစ်ယောက်ယောက် ရှိနေနိုင်တယ်.....”

“ကျန်အာ.... အချိန်တန်ရင် မင်းနဲ့ ချင်ယန်တို့က လျှို့ဝှက် နယ်မြေထဲကို အတူတူ ဝင်ရလိမ့်မယ်.....”

လဲ့ကျန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာပြီး.....

“အဖေ မပြောလည်း ချင်ယန်နဲ့ စကားပြောမှာပါ။ ဒါပေမဲ့ ကျွန်တော် ယွမ်ဒန် နယ်ပယ် ရောက်တဲ့ အချိန်မှ သူတို့နဲ့ စကားပြောမယ်....”

ယခုလက်ရှိတွင် လဲ့ကျန်ကလည်း ကျင်ဟောင်ရှုကဲ့သို့ပင် ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ရောက်နေသည်။ ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) သာ ရှိသဖြင့် လဲ့ကျန်ထက် အားနည်း နေသေးသည်။

ထို့အပြင် ချင်ယန်က ကုသိုလ်စွမ်းအား အများကြီး အသုံးပြုထားကြောင်း သိထားရမည်။ လဲ့ကျန်၏ ပင်ကိုယ် ပါရမီက ယခုလက်ရှိ ချင်ယန်ထက် သာလွန် နေသည်။

“မိသားစု ခေါင်းဆောင်.. ဆေးဘုရင်ချင်ကလာတွေ့ နေပါတယ်...

ထိုစဉ် ဘဏ္ဍာထိန်းအိုကြီးက အခန်းထဲ ဝင်လာပြီး အရိုအသေပေးကာ အကြောင်းကြား လိုက်သည်။

“ဘယ်က ဆေးဘုရင်ချင်လဲ.....”

လဲ့ရှင်းဟန်က ခတ္တာမျှ အံ့အောသင့်သွားပြီး အချိန်ခဏ ကြာသည့်အထိ စဉ်းစားမရ ဖြစ်နေသည်။

“မိသားစု ခေါင်းဆောင်၊ အခု တလောကမှ အကဲဖြတ်မှု အောင်မြင်ထားတဲ့ ဆေးဘုရင် ချင်ယန်ပါ...”

“သူလား....”

လဲ့ရှင်းဟန်က အနည်းငယ် ထူးဆန်းနေသည်။

‘ချင်ယန်က လာလုပ်ဖို့ ငါ့ကို လာရှာတာလဲ...’

မည်သို့ပင် ဆိုစေကာမူ ချင်ယန်က ဆေးဘုရင် တစ်ယောက် ဖြစ်နေသေးသည်။ သူ့ကို

လာတွေ့သည် ဆိုပါက လက်ခံ တွေ့ဆုံရန် လိုအပ်နေသေးသည်။

"ညှဉ့်ခန်းထဲမှာ စောင့်ခိုင်းထားလိုက်...."

လွဲရှင်းဟန်က ညွှန်ကြားလိုက်သည်။

ဘဏ္ဍာထိန်းအိုကြီးက ပြန် ထွက်သွားသည်။

လွဲကျန်က တော်တော်လေး စိတ်ဝင်စားနေသော လေသံနှင့်.....

“အဖေ... အရင်တုန်းက ချင်ယန်နဲ့ ဆုံဖူးတယ်... ဒီကောင်က တော်တော်လေး စိတ်ဝင်စားဖို့ ကောင်းတယ်....”

အခန်း(၃၄၂) - ကျင့်စဉ်တစ်ဝက် ပေးမယ်

ညှဉ့်ခန်းထဲတွင်.....

ချင်ယန်က လဲ့ရှင်းဟန်နှင့် လဲ့ကျန်တို့ မရောက်လာခင် အချိန် အနည်းငယ် ကြာအောင် စောင့်ဆိုင်း နေခဲ့သည်။

"မြို့သခင်လဲ့....."

ချင်ယန်က မတ်တပ်ထရပ်ပြီး လက်နှစ်ဖက်ကို ခွက်ပုံစံ အုပ်မိုးကာ နှုတ်ဆက်လိုက်သည်။

“ဆေးဘုရင်ချင်... ဒီက မြို့သခင်ကို ဘာဖြစ်လို့ လာတွေ့တာလဲ မသိဘူး.....”

လဲ့ရှင်းဟန်က ပြုံးပြီး ပြန်ပြောလိုက်သလို လဲ့ကျန်ကလည်း လက်နှစ်ဖက်ကို ခွက်ပုံစံ အုပ်မိုးပြီး ပြန်နှုတ်ဆက် လိုက်သည်။

ခွန်အား အရာဆိုလျှင် သူ့ခွန်အားက ချင်ယန်ထက် အများကြီး သာလွန်သည်ဟု လဲ့ကျန်က ယုံကြည်သော်လည်း ချင်ယန်က အဆင့် (၆) ဆေးဘုရင် တစ်ယောက် ဖြစ်နေသောကြောင့် သူ့ အထောက်အထားကို စွန့်လွှတ် လိုက်ရသည်။

ယခုလက်ရှိတွင် လဲ့ကျန်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ဖြစ်ပြီး သူ၏ ကိုယ်ပိုင် အောင်မြင်မှုများက အဆင့် (၆) ဆေးဘုရင် တစ်ယောက်နှင့် နှိုင်းယှဉ်လျှင် ကွာခြားမှု သိပ်မရှိပေ။

“မြို့သခင်လဲ.. ငါ ရောက်လာတယ် ဆိုတာက မင်းနဲ့ ညှိနှိုင်းစရာ တစ်ခု ရှိလို့ပါ……”

သူတို့ သုံးယောက်လုံး ထိုင်ပြီးနောက် ချင်ယန်က ပြောလိုက်သည်။

“အို…… ဘယ်လို အရာများလဲ မသိဘူး…”

လွဲရှင်းဟန်က အနည်းငယ် စိတ်ဝင်စားသွားသည်။

ချင်ယန်က.....

"မြို့သခင်လွဲ... မင်းရဲ့ ပင်ကိုယ်ပါရမီက အရမ်းကောင်းတယ်။ သိုင်ဝိညာဉ်ကလည်း အရမ်းသန်မာတယ်။ ဒါပေမဲ့ မင်းရဲ့ ကျင့်ကြံခြင်းကျင့်စဉ်က အဆင့် (၈) ဓမ္မခန္ဓာ နယ်ပယ် ရောက်ဖို့ မလုံလောက်ဘူး... ငါ ပြောတာ မှန်တယ် မဟုတ်လား....."

လဲ့ရှင်းဟန် မျက်မှောင် ကြုတ်သွား၏။ ယခုဆိုလျှင် သူက အသက် (၆၀) ပင် မပြည့်သော်လည်း ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၉) ရောက်နေပြီ။ ထိုအဆင့်ကို လွန်ခဲ့သော နှစ်ပေါင်းများစွာက ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ ယခုနှစ် တလျှောက်တွင် နည်းလမ်းပေါင်း များစွာ တွေးတော ကြံဆခဲ့ပြီး သူ့ တိုက်ခိုက်ရေး အစွမ်းက တိုးတက် လာသော်လည်း ဓမ္မကလေးနယ်ပယ် အဆင့် (၉) တွင် ပိတ်မိ နေသေးသည်။

သို့သော် လွဲရှင်းဟန်က ကျင့်ကြံခြင်း ကျင့်စဉ်တွင် ပြဿနာ ရှိသည်ဟု မထင်ပေ။

“ဆေးဘုရင်ချင်... ငါ့အဖေရဲ့ ကျင့်ကြံခြင်း ကျင့်စဉ်က အဆင့် (၈) ဓမ္မခန္ဓာ နယ်ပယ် အထိ ရောက်အောင် မလေ့ကျင့်နိုင်ဘူးဆိုတာ ဘာကို အခြေခံပြီး ပြောတာလဲ.....”

လွဲကျန်က လေးနက်စွာ ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"မြို့သခင်လဲ့မှာ ကိုယ်ပိုင် အတွေ့အကြုံ ရှိပါတယ်။ မြို့သခင်လဲ့... နေ့စဉ်နေ့တိုင်း မွန်းမတက်ခင် အချိန်မှာ မင်း ခန္ဓာကိုယ်က တုန်တက်လာတယ် ။ ဒီခံစားချက်က အခုအချိန်မှာ မပြင်းထန်သေးပေမဲ့ မြို့သခင်လဲ့က ခံစားမိတယ် မဟုတ်လား...."

လဲ့ရှင်းဟန်က အနည်းငယ် မျက်နှာ ပျက်သွားဏ်။

ချင်ယန်က စကားက မှန်ကန်နေသည်။

လဲ့ရှင်းဟန်က ဒီ ပြဿနာကို ရှာဖွေရန် အဆင့် (၇) ဆေးဘုရင် နှစ်ယောက်နှင့် တွေ့ခဲ့သော်လည်း

မည်သည့် ပြဿနာမှ မရှိဘဲ သွေးထဲတွင် စွမ်းအင် အလွန် ပြည့်ဝနေသည်ဟုသာ ပြန်ပြော ခဲ့ကြသည်။

“ဆေးဘုရင်ချင်း.... မင်းပြောတာ မှန်ပါတယ်... ငါ့ဆီမှာ ရုပ်ပိုင်းဆိုင်ရာ ပြဿနာ တစ်ခု ရှိပါတယ်.....”

လွဲရှင်းဟန်က ရှောင်ရှားခြင်း မရှိဘဲ သူ့ပြဿနာကို ဝန်ခံလိုက်သည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး....

"မင်း ခန္ဓာကိုယ်မှာ ပြဿနာ မရှိသလို မင်းရဲ့ ကျင့်ကြံခြင်း ကျင့်စဉ်မှာလည်း ပြဿနာ မရှိဘူး..... မင်းက မင်းရဲ့ ကျင့်စဉ်ကို အခုအချိန်ထိ လေ့ကျင်ခဲ့တယ်။ အခုထိတော့ ပြဿနာ မရှိသေးပေမဲ့ ဆက်လေ့ကျင့်သွားမယ် ဆိုရင် ပြဿနာ ရှိလာလိမ့်မယ်။ မင်းရဲ့ သိုင်းဝိညာဉ်က လောင်ကျွမ်းနေတဲ့ နေမင်း..... ဒီ သိုင်းဝိညာဉ်က မင်းကို အဆင့်တူ တန်ခိုးရှင်တွေထက် တိုက်ခိုက်ရေး အစွမ်း အများကြီး ပိုမြင့်စေတယ်။ ခု မင်းရဲ့

သိုင်းဝိညာဉ်က အခုလက်ရှိ လေ့ကျင့်နေတဲ့ မင်းရဲ့ ကျင့်စဉ်နဲ့ မကိုက်ညီဘူး……”

“နေ့စဉ်နေ့တိုင်း မွန့်တည့်ချိန်ဆိုရင် မင်း သိုင်းဝိညာဉ်ရဲ့ စွမ်းအားက ပိုပြီး တက်ကြွ လာလိမ့်မယ်။ အဲ့ အချိန်ဆိုရင် မင်းရဲ့ စိတ်ဝိညာဉ်ကို လောင်ကျွမ်းပြီး ထွက်ပြေးချင်တဲ့ စိတ်တွေ ပေါ်လာလိမ့်မယ်…….”

“တုန်ယင်သလို ဖြစ်နေတဲ့ မင်းရဲ့ ခံစားချက်ကလည်း ဒီက ဆင်းသက်လာတာပဲ….”

“ဒါကြောင့် ဓမ္မခန္ဓာ နယ်ပယ် ရောက်တဲ့အထိ လေ့ကျင့်လို့ မရတာပေါ့။ ရေရှည်ကျရင် မင်းစိတ်ဝိညာဉ်မှာ ပြဿနာ ကြီးကြီးမားမား ဖြစ်ပြီး မင်းက ဟင်းသီးဟင်းရွက် ဖြစ်သွားလိမ့်မယ်”

လဲ့ရှင်းဟန်နှင့် လဲ့ကျန်တို့ နှစ်ယောက်လုံး မျက်နှာပျက် သွားကြသည်။

“ဆေးဘုရင်ချင်... ငါ့တို့ကို ကြောက်အောင် တမင်သက်သက် ခြောက်နေတာလား.....”

လဲ့ကျန်က လေးလေးနက်နက် ပြောပြီး ချင်ယန်က သေသေချာချာ စိုက်ကြည့်လိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်...

“တကယ်လို့ မြို့သခင်လဲက မယုံဘူး ဆိုရင်လည်း ငါ သွားတော့မယ်...”

“ကျန်အာ.... စကားကျွံအောင် မပြောနဲ့....”

လဲ့ရှင်းဟန်က.....

“ဆေးဘုရင်ချင်.... ဒီပြဿနာကို ဘယ်လို ဖြေရှင်း ရမှာလဲ...”

“အရမ်း ရိုးရှင်းပါတယ်... ကျင့်ကြံခြင်း ကျင့်စဉ် ပြောင်းလိုက်ရုံပဲ....”

လွဲရှင်းဟန်က မျက်မှောင် ကြုတ်သွား၏။ ဒီအချက်ကို သူ မစဉ်းစားမိဘဲ နေမည်လော..... သို့သော် ပြောသလောက် မလွယ်ပေ။

ယခုလက်ရှိ ကျင့်စဉ်က လုံးဝ အားနည်းခြင်း မရှိဘဲ အဆင့် (၈) ကျင့်စဉ်တစ်ခု ဖြစ်နေသည်။ အဆင့် (၉) ကျင့်စဉ်ကို မည်သည့်နေရာက ရနိုင်မည်နည်း..... ဒီအဆင့် ကျင့်စဉ်ကို လေလံတင် ရောင်းချမည် ဆိုပါကလည်း ဈေးနှုန်းက အလွန်မတရား မြင့်နေအုံးမည်။ အကယ်၍ သူ့ကံဇာတာ မကောင်းပါက

မဝယ်နိုင်ဘူးဟု လွဲရှင်းဟန်က ခန့်မှန်းထားသည်။ ထို့အပြင် သူက အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် တစ်ယောက်သာ ဖြစ်သေးသည်။

"ဆေးဘုရင်ချင်... ဒီမြို့သခင်က ရယ်စရာ ကောင်းနေလို့လား...."

လွဲရှင်းဟန်က လေးနက်စွာ ပြောလိုက်သည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး.....

"မဟုတ်ပါဘူး.... မြို့သခင်လွဲ.. အခုလက်ရှိ ငါ့လက်ထဲမှာ ကျင့်စဉ်တစ်ဝက် ရှိတယ်။ ကျန်တဲ့

ရတနာတွေနဲ့ ထောက်ပံ့ပြီး လေ့ကျင့်လိုက်မယ် ဆိုရင် မြို့သခင်လဲ့က အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ်ကို ဆယ်ရက်အတွင်း နောက်တစ်ကြိမ် ပြန်ရောက်မယ်လို့ အာမခံတယ်။ မြို့သခင်လဲ့က စမ်းကြည့်ချင်လား.....”

လဲ့ရှင်းဟန် ကဲ့သို့ အဆင့်မျိုးတွင် ကျင့်ကြံခြင်း ကျင့်စဉ်ကို ပြောင်းလဲရန် မလွယ်ကူသလို ကျင့်ကြံခြင်း အဆင့်ကလည်း အချိန် အတိုင်းအတာ တစ်ခုအထိ နိမ့်ကျ သွားလိမ့်မည်။

ဒီကိစ္စက ပုစွန်၊ ဂဏန်းများ အရေခွံလဲသည့် ပုံစံနှင့် ဆင်တူသည်။ ၎င်းတို့က အခွံလဲပြီးနောက် ပိုမို ကြီးထွား လာနိုင်သော်လည်း အခွံလဲပြီးပြီးခြင်းတွင် ပျော့ပြောင်း နူးညံ့နေကာ တိုက်ခိုက်ရေး စွမ်းအား တော်တော်လေး လျှော့နည်း သွားသည်။

“ကျင့်စဉ် တစ်ဝက် ဟုတ်လား...”

လဲ့ရှင်းဟန်က စဉ်းစားမရ ဖြစ်သွားသည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး...

“အခုတော့ ငါ့လက်ထဲမှာ ကျင့်စဉ်တစ်ဝက်ပဲ ရှိသေးတယ်။ ဒါပေမဲ့ မြို့သခင်လဲ့က ငါ့ကို နည်းနည်းလောက် ကူညီပေးရင် နောက်ဆက်တွဲ ကျင့်စဉ် ငါပေးမယ်.....။ မြို့သခင်လဲ့ မင်းရဲ့ ပင်ကိုယ်ပါရမီက အရမ်း ကောင်းပါတယ်။ ကျင့်စဉ် အပြည့်အစုံနဲ့ ကျင့်ကြံလိုက်မယ် ဆိုရင် အဆင့် (၉) ကောင်းကင်ဘုံ အဆင့်ရောက်အောင် ကူညီ ပေးလိမ့်မယ်....”

လဲ့ရှင်းဟန်၏ အသက်ရှူသံက မြန်ဆန်သွားသည်။ ထိုကဲ့သို့ ကျင့်စဉ်က အဆင့် (၉) ကျင့်စဉ်သာ ဖြစ်ရမည်။

ယခုလက်ရှိ ကျင့်စဉ်က အဆင့် (၈) ရောက်၊ မရောက် မသေချာသေးသော်လည်း အဆင့် (၉) အတွက် လုံးဝ မျှော်လင့်ချက် မရှိကြောင်း လဲ့ရှင်းဟန် သိနေသည်။

“ဒီလိုဆိုရင် မင်းက ဘာဖြစ်လို့ မြို့သခင်ကို လာတွေ့တာလဲ မသိဘူး....”

လဲ့ရှင်းဟန်တွင် သံသယ အနည်းငယ် ရှိနေသည်။

ချင်ယန်က .....

“မြို့သခင်လဲ.. ဒီကျင့်စဉ်က အခုလက်ရှိ မင်းကျင့်စဉ်ထက် ပိုကောင်းတယ်။ အချိန်တန်ရင် ကျင့်စဉ်က အလုပ်ဖြစ်လား၊ မဖြစ်ဘူးလား ဆိုတာ မင်း သိမှာပဲ ။ မင်း စမ်းကြည့်မှာဘဲ မဟုတ်လား”

“မင်းကို လာရှာတယ် ဆိုတာကလည်း ပထမ တစ်ချက်အနေနဲ့ မင်းရဲ့စရိုက်က မဆိုးဘူး..... ဒုတိယ အချက်က မင်းရဲ့ သိုင်းဝိညာဉ်က ဒီကျင့်စဉ်နဲ့ အရမ်း လိုက်ဖက်နေတယ်....”

ချင်ယန်က လဲ့ရှင်းဟန်ကို မဟာနေမင်း ဇကရာဇ်ကျင့်စဉ်အား ပေးချင်နေသည်။

ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က ထိုကျင့်စဉ်ကို လေ့ကျင်ပြီး ခြေလှမ်းတစ်ဝက် အုပ်စိုးသူ အဆင့်အထိ ရောက်ရှိခဲ့သည်။

အမှန်ပင်... လဲ့ရှင်းဟန်ကို ပေးမည့် ကျင့်စဉ်က မဟာနေမင်း ဇကရာဇ်သုတ္တန်၏ ပြည့်စုံသော ပုံစံ မဟုတ်ဘဲ ရိုးရှင်းသော ပုံစံသာ ဖြစ်သည်။ ယခုလက်ရှိတွင်လည်း ရိုးရှင်းသော ထိုပုံစံ၏ တစ်ဝက်သာ ဖြစ်သည်။

“ဆေးဘုရင်ချင်က ဒီမြို့သခင်နဲ့ အပေးအယူ လုပ်ချင်တာလား.....”

လွဲရှင်းဟန်က လေးနက်စွာ ပြောလိုက်သည်။

အကယ်၍ ချင်ယန် ပြောသည့်စကားက အမှန်သာ ဖြစ်နေမည် ဆိုပါက ဒီကျင့်စဉ်က အဆင့် (၉) ကျင့်စဉ်သာ ဖြစ်ရမည်။ သို့သော် မည်သည့် တန်ဖိုးနှင့် ပေးချရမည် ဆိုသည်ကို လွဲရှင်းဟန် မသိသေးပေ။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်...

"မြို့သခင်လဲ့..... အရမ်း ရိုးရှင်းပါတယ်။ မင်း လက်ခံတယ်ဆိုရင် ငါက မင်းသူဌေး ဖြစ်လာမယ်။ တစ်နှစ်အတွင်း ငါ့စကားကို နားထောင်ရမယ်....."

"ဒါပေါ့..... မြို့သခင်လဲ့ကို တမင်သက်သက် အရှက်ကွဲအောင် မလုပ်ဘူး။ မြို့သခင်လဲ့က မသိစေချင်ဘူး ဆိုရင်လည်း ဒီကိစ္စကို ဖုံးကွယ် ထားပေးပါမယ်...."

လဲ့ရှင်းဟန်၏ မျက်ခုံးက တော်တော်လေး တွန့်ကွေးနေသည်။

လဲ့ကျန်က ချင်ယန်ကို စိုက်ကြည့်နေသည်။

‘ချင်ယန်က သူ့အဖေကို တစ်နှစ် နောက်လိုက် လုပ်ခိုင်းနေတယ်.... ဒီကောင် ရဲတင်းလွန်းတယ်...’

“ဆေးဘုရင်ချင်..... မင်းကျင့်စဉ်ကို ကျင့်ကြံမယ်ဆိုရင် အဆင့် (၈) ဓမ္မခန္ဓာ နယ်ပယ်ကို ရောက်ဖို့ ဘယ်လောက် ကြာမယ်ထင်လဲ.....”

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်....

“မြို့သခင်လဲ..... မင်းရဲ့ စုစည်းမှုက တော်တော်လေး ကောင်းနေပြီ။ ကျင့်စဉ်ပြောင်းပြီး ပြင်းပြင်းထန်ထန် လေ့ကျင်လိုက်ရင် သုံးလအတွင်း အဆင့် (၈) ဓမ္မခန္ဓာ နယ်ပယ်ကို ကျိန်းသေပေါက်

ရောက်လိမ့်မယ်။ တကယ်လို့ အရင်းအမြစ် ပိုသုံးရင် နှစ်လအတွင်း အဆင့် (၈) ဓမ္မခန္ဓာ နယ်ပယ် ရောက်ဖို့ဆိုတာ မဖြစ်နိုင်စရာ မရှိဘူး....”

“အဖေ.. နားမထောင် မနေနဲ့.....”

လွဲကျန်က မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။

‘အဆင့် (၈) ဒီလောက် မြန်မြန် ဆန်ဆန် ရောက်မယ်လို့ ပြောနေတာ လိမ်ဆင်ကြီးပဲ မဟုတ်လား....’

လွဲရှင်းဟန်က တော်တော်လေး မျက်မှောင် ကြုတ်နေသည်။ သူက လွဲကျန်ကို သူပြဿနာ အကြောင်း မပြောခဲ့သော်လည်း သူ့ပြဿနာက ပိုမို ပြင်းထန်လာသည်ကို ရှင်းရှင်းလင်းလင်း ခံစားမိနေသည်။

“ဆေးဘုရင်ချင်..... တစ်နှစ်ပဲနော်.....”

“တကယ်လို့ မင်းရဲ့ ကျင့်စဉ်မှာ ပြဿနာ ရှိနေရင် ထည့်တွက်မှာ မဟုတ်ဘူး.....”

လွဲရှင်းဟန်က လေးလေးနက်နက် ပြောလိုက်သည်။

ချင်ယန် တစ်ချက်ပြုံးပြီး ခေါင်းညိတ်လိုက်ကာ……

“ဒါပေါ့….. တကယ်လို့ မြို့သခင်လဲ့ကလက်ခံရင် ပြင်းပြင်းထန်ထန် ကျိန်ဆိုရမယ်….

လဲ့ရှင်းဟန်က အသက် ခပ်ပြင်းပြင်းလေးရှူလိုက်သည်။ တစ်နှစ်က အချိန် သိပ်မကြာပေ။

အနာဂါတ်တွင် အဆင့် (၉) ကောင်းကင်ဘုံ အဆင့် ရောက်နိုင်ပြီး နှစ်လ၊ သုံးလအတွင်း အဆင့် (၈) ဓမ္မခန္ဓာ အဆင့်သို့ ရောက်မည်ဆိုပါက ထိုက်တန်သည်။

ချင်ယန်ထံမှ ကျင့်ကြံခြင်း ကျင့်စဉ် ရရှိရန် ချင်ယန်ကို သတ်ပစ်မည်ဟူသော အတွေးကို လွဲရှင်းဟန်က လုံးဝ မစဉ်းစားခဲ့ပေ။ ပထမ တစ်ချက်က သူက ထိုကဲ့သို့ လူမျိုး မဟုတ်ပေ။

ဒုတိယအချက် ချင်ယန်နှင့် ပက်သက်ပြီး အသေးစိတ် အချက်အလက်ကို ရှင်းရှင်းလင်းလင်း မသိသေးသလို ချင်ယန်က ဤကဲ့သို့ ကျင့်စဉ်တစ်ခုကို ထုတ်ပေးနိုင်နေသဖြင့် ချင်ယန် နောက်တွင် ကြီးမားသော ပုဂ္ဂိုလ်ကြီး တစ်ယောက် ရှိနေနိုင်သည်။

ထို့အပြင် ကျင့်စဉ် တစ်ဝက်သာ သူ့လက်ထဲ ရှိသည်ဟု ပြောထားပြီး ကျန်တစ်ဝက်က သူ့လက်ထဲ မရှိဘူးဟု ပြေားထားသေးသည် မဟုတ်ပါလော……

“ဆေးဘုရင်ချင်.. မင်းငါ့ကို စိတ်ပျက်အောင် မလုပ်ဖို့ မျှော်လင့်ပါတယ်….”

“ငါ လဲ့ရှင်းဟန်က ငါ့ဝိညာဉ်နဲ့ တိုင်တည်ပြီ…….”

မကြာခင် လဲ့ရှင်းဟန်က ပြင်းပြင်းထန်ထန် ကျိန်ဆိုလိုက်သည်။

"ဆေးဘုရင်ချင်..... ကျင့်ကြံခြင်း ကျင့်စဉ်ကရော....."

လွဲရှင်းဟန်က ပြင်းပြင်းထန်ထန် ကျိန်ဆိုပြီးနောက် ချင်ယန်ကို စိုက်ကြည့်ကာ မေးလိုက်သည်။ ကျင့်ကြံခြင်း ကျင့်စဉ် မရှိလျှင် သို့မဟုတ် အမှိုက်ကျင့်စဉ် ဖြစ်နေမည် ဆိုပါက ချင်ယန်ကို လုံးဝ မလွှတ်ပေးပေ။

"ကျင့်စဉ်ကို တိုက်ရိုက် လွှဲပေးမယ်...."

"မြို့သခင်လွဲ.. မခုခံနဲ့...."

ချင်ယန်က လွဲရှင်းဟန်၏ ခေါင်းပေါ် လက်တင်လိုက်သည်။

လွဲရှင်းဟန်က ဓမ္မကလေးငယ် အဆင့် (၉) တန်ခိုးရှင်၊ လီလျှူ သန့်ရှင်းမြို့၏ မြို့သခင်၊ လီလျှူ ကောင်းကင်ဘုံ နန်းတော်၏ လက်ထောက် နန်းတော်သခင်။ သာမန် လူတစ်ယောက်က ယခု လုပ်ရပ်မျိုးကို လုပ်ဆောင်ရဲမည် မဟုတ်ပေ။

ချင်ယန် နောက်တွင် အစွမ်းထက်သော ပုဂ္ဂိုလ် တစ်ယောက် ရှိကို ရှိရမည်ဟု သူက ယုံကြည်နေသည်။

ချင်ယန်၏ မျက်နှာက နယ်မြေကို အုပ်စိုးထားသော အုပ်စိုးသူ တစ်ယောက် ကဲ့သို့ တည်ငြိမ်နေပြီး အကြောက်အလန့် လုံးဝ မရှိသည်ကို လဲ့ရှင်းဟန် မြင်နေရသည်။

အခန်း(၃၄၃) - ဒီကျင့်စဉ်က ကောင်းတာထက် ပိုတယ်

"စိတ်လျှော့ထား...."

ချင်ယန်က လေးလေးနက်နက် ပြောလိုက်သည်။ အချက်အလက်များက လွဲရှင်းဟန်၏ စိတ်ထဲ လျင်မြန်စွာ စီးဝင်သွားသည်။

လွဲရှင်းဟန်၏ ကျင့်ကြံခြင်း အဆင့်က ဓမ္မကလေးငယ်နယ်ပယ် အဆင့် (၉)

ရှိနေသောကြောင့် သတင်း အချက်အလက်လက်ခံမှုက အလွန် မြန်ဆန်ပြီး စက္ကန့်ပိုင်းလေးအတွင်းမှာပင် လဲ့ရှင်းဟန်၏ မျက်လုံးထဲ၌ တုန်လှုပ်အံ့အောသင့်နေသော အမူအရာများ ပေါ်လာသည်။

အနည်းငယ်သာ လေ့လာ ရသေးသော်လည်း ချင်ယန်၏ ကျင့်စဉ်က ကြံ့ရာကျပန်း ဖန်တီးထားခြင်း မဟုတ်သည်မှာ သေချာသွားခဲ့သည်။ ဒီကျင့်စဉ်က သူလေ့ကျင်နေသော ကျင့်စဉ် အများကြီး ပိုကောင်းနေသည်။

ကျင့်စဉ် နှစ်ခုကို နှိုင်းယှဉ်ကြည့်ပါက တစ်ခုက သံဆိုလျှင် နောက်တစ်ခုက အကြိမ်ပေါင်း ရာနှင့်ချီ သန့်စင်ထားသော သံမဏိ ဖြစ်နေသည်။ အကောင်းနှင့် အဆိုး ခွဲခြားရန် လွယ်ကူ လွန်းလှသည်။

ထို့အပြင် ဒီကျင့်စဉ်က သူနှင့် အမှန်တကယ် သင့်တော်သည်ဟု လဲ့ရှင်းဟန်က ခံစားနေရသည်.။

ငါးမိနစ် ကြာပြီးနောက် ချင်ယန်က လက်ကို ပြန်ရုတ် သိမ်းလိုက်သည်။

လွဲရှင်းဟန်က ကျင့်စဉ်ထဲတွင် နှစ်မြုပ်နေပြီး နောက်ထပ် ဆယ်မိနစ်ခန့်နေမှ ပြန်နိုးလာသည်။

“ဆေးဘုရင်ချင်.. ကျေးဇူး အများကြီး တင်ပါတယ်....”

လွဲရှင်းဟန်က မတ်တပ်ထရပ်ပြီး ချင်ယန်ကို လေးလေးနက်နက် ဂါဝရ ပြုလိုက်သည်။

ယခုလက်ရှိတွင် ချင်ယန် ပေးထားသော ကျင့်စဉ် ဓမ္မကလေးငယ် အဆင့် (၉) အထိသာ လေ့ကျင့် နိုင်သေးသော်လည်း ယခုလက်ရှိ

အဆင့်နှင့်ပင် အဆင့် (၈) ကျင့်စဉ်ထက် တန်ဖိုးမနည်းကြောင်း လဲ့ရှင်းဟန် သိနေသည်။

ဒီကျင့်ကြံခြင်း ကျင့်စဉ်အတိုင်း လေ့ကျင့်ပြီးသူ၏ ကျင့်ကြံခြင်း အဆင့်က ဓမ္မကလေးငယ် အဆင့် (၉) သို့ နောက်တစ်ကြိမ် ပြန်ရောက်သွားမည် ဆိုပါက သူ့ တိုက်ခိုက်ရေး အစွမ်းက ယခုလက်ရှိ တိုက်ခိုက်ရေး အစွမ်းထက် အနည်း (၃၀) ရာခိုင်နှုန်းထက် ပိုမို တိုးတက်သွားလိမ့်မည်။

ဒါက အပေးအယူ တစ်ခုသာ ဖြစ်သော်လည်း ချင်ယန်အနေနှင့် ဤကဲ့သို့ ကျင့်စဉ် တစ်ခုကို ထည့်သွင်း စဉ်းစားရန် လိုအပ်သေးသည်။ လဲ့ရှင်းဟန်၏ အမြင်အရ ချင်ယန်ကို ကျေးဇူး တင်ထိုက်သည်။

“မြို့သခင်လဲ... ဒီကျင့်ကြံခြင်း ကျင့်စဉ်က အဆင်ပြေလား...”

ချင်ယန်က တစ်ချက်ပြုံးပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

လွဲရှင်းဟန်က ခပ်သွက်သွက်လေး ခေါင်းညိတ်လိုက်ပြီး.....

“ဆေးဘုရင်ချင်..... ကမ္ဘာပေါ်မှာ ဒီကျင့်စဉ်လောက် ငါနဲ့ သင့်တော်တဲ့ ကျင့်စဉ် မရှိတော့ဘူး....”

“ဆေးဘုရင်ချင်ကို ရဲတင်းပြီး မေးပါရစေ... ဒီကျင့်စဉ် နာမည်က .....”

ချင်ယန်က ကြည်လင် ပြတ်သားသော လေသံနှင့်.....

"မြို့သခင်လဲ.... ဒီကျင့်စဉ်ရဲ့ နာမည်က မဟာနေမင်း ဇကရာဇ် သုတ္တန်.....။ ဒါက ပြိုင်ဘက်ကင်း ကျင့်စဉ် တစ်ခုပဲ.. မြို့သခင်လဲက ဒီကျင့်စဉ်ကို စိတ်မပျက်ပါဘူးနော်...."

လဲ့ရှင်းဟန်နှင့် လဲ့ကျန်တို့၏ စိတ်ထဲတွင် အံ့အော သင့်သွားကြသည်။

မဟာ နေမင်း ဇကရာဇ်... ဒီနာမည်က ကြီးစိုးလွန်းသည်။

"ဆေးဘုရင်ချင်... စိတ်မပူနဲ့... ချက်ချင်း စလေ့ကျင့်ပြီး အဆင့် (၈) ဓမ္မခန္ဓာ နယ်ပယ်

တတ်နိုင်သမျှ အမြန်ဆုံး ရောက်အောင် ကြိုးစားလိုက်ပါမယ်……”

လဲ့ရှင်းဟန်က ခါးကွေးၗ အရိုအသေ ပေးကာ ပြောလိုက်သည်။

လဲ့ကျန်က သူ့အဖေကို အူကြောင်ကြောင် မျက်လုံးများနှင့် စိုက်ကြည့်နေသည်။

‘အဖေက သဘောတူ လိုက်တာလား….”

“လဲ့ကျန်… မင်း အရင် ထွက်သွားတော့…..”

ချင်ယန်က ပြောလိုက်သည်။

လဲ့ရှင်းဟန်က လဲ့ကျန်ကို ထွက်သွားရန် လက်ခါပြလိုက်သည်။

လဲ့ကျန်က အနည်းငယ် စိတ်ဓါတ်ကျနေသော ခြေလှမ်းများနှင့် ထွက်ခွာသွားသည်။ ယခုအခါ ချင်ယန်က သူ့အဖေ လဲ့ရှင်းဟန်၏ သူဌေး ဖြစ်နေပြီး ဖြစ်သဖြင့် သူက မည်ကဲ့သို့ စုဆောင်းတော့မည်နည်း.....”

“ဆေးဘုရင်ချင်... ဘာအမိန့် ပေးချင်လို့လဲ....”

ချင်ယန် လက်ထဲတွင် အသေးစိတ် ရေးသွင်းထားသော စာရင်းတစ်ခု ပေါ်လာသည်။

"မြို့သခင်လဲ.... ဒီစာရင်းထဲက လူတွေကို အရှင်လတ်လတ် ဖမ်းပေးပါ..... ငါ သတ်ပစ်မယ်.... ပြဿနာ ရှိလား....."

လဲ့ရှင်းဟန်က စာရင်းကိုယူပြီး တစ်ချက် ကြည့်လိုက်သည်။

စာရင်းထဲမှ လူအချို့၏ နောက်ခံ အသိုင်းအဝိုင်းက အားကောင်းသော်လည်း လဲ့ရှင်းဟန်က သူ့ အစွမ်းအစကြောင့် မကြောက်ပေ။

“ဆေးဘုရင်ချင်... လုပ်ပေးမယ်... ဒါပေမဲ့ ဆေးဘုရင်ချင်က လူအများကြီး သတ်ချင်နေတယ် ဆိုတော့ အကြောင်းပြချက် ပေးလို့ ရမလား”

လွဲရှင်းဟန်က ခတ္တာမျှ စဉ်းစားပြီးနောက် ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“သူတို့က သေဖို့ ထိုက်တန်တယ်.....”

"မြို့သခင်လဲ... ဒီလူတွေကို ဖမ်းပြီးရင် သူတို့ ဘာလုပ်ခဲ့လဲ ဆိုတာ စိတ်ညှို့ပြီး မေးကြည့်လိုက်ပါ....."

"ဒါနဲ့ စကားမစပ်.. အသက်ရှင်ရက် လိုချင်တယ်.. အသေ မဟုတ်ဘူးနော်...."

လဲ့ရှင်းဟန်က ခေါင်းညိတ်လိုက်သည်။

ချင်ယန်၏ စာရင်းထဲတွင် လူအရေအတွက် ရာဂဏန်း အနည်းငယ်မျှသာ ဖြစ်သည်။ လူဦးရေ (၁.၅) ဘီလီယံ ရှိသော လီလျှု သန့်ရှင်းမြို့ အတွက်မူ သဲပုံထဲက သံတစ်ပွင့်စာမျှသာ ရှိသည်။

အကယ်၍ ဒီလူများက အမှန်တကယ် မကောင်းပါက သူက ဖမ်းပေးပြီး ချင်ယန်က သတ်ပစ်လည်း သူစိတ်ထဲ၌ ဝန်ထုပ်ဝန်ပိုး ကင်းသည်။

“မြို့သခင်လဲ.... ဘယ်လောက် ကြာမလဲ....”

“တစ်နာရီ.....”

လဲ့ရှင်းဟန် လက်အောက်တွင် တန်ခိုးရှင်များ အများကြီး ရှိသည်။ ထို့အပြင် ဖမ်းရမည့် လူတော်တော် များများကလည်း ယွမ်ဟူနယ်ပယ် သို့မဟုတ် မူလ အစစ်အမှန် နယ်ပယ်သာ ရှိသေးသည်။ စကားမကျွံချင်၍သာ ထိုကဲ့သို့

မဟုတ်ပါက လဲ့ရှင်းဟန်အတွက် ဒီလူများကို ဖမ်းဆီးရန် မိနစ်ပိုင်းသာ လိုအပ်သည်။

မမျှော်လင့်သော အဖြစ်အပျက်မျိုး ဖြစ်လာလျှင် ကြိုကာနိုင်ရန် လဲ့ရှင်းဟန်က တစ်နာရီဟု လိုလိုပိုပို ပြောလိုက်ခြင်း ဖြစ်သည်။

“ကောင်းပြီလေ..... တစ်နာရီကြာပြီးရင် ငါ့အိမ်ကို တိတ်တိတ်လေး ပို့ပေးပါ.....”

ချင်ယန်က ပြန် ထွက်သွားသည်။

မကြာခင် လဲ့ကျန်က သူ့အဖေထံ ပြန်ရောက်လာပြီး.....

“အဖေ.... သဘောတူ လိုက်တာလား....”

“ဒီကျင့်စဉ်က တကယ်ပဲ အစွမ်းထက်လို့လား....”

လဲ့ကျန်က အနည်းငယ် စဉ်းစားမရ ဖြစ်နေသည်။

ဒီနေရာတွင် ချင်ယန် ရှိနေစဉ်က လဲ့ရှင်းဟန်က သူ့မျက်နှာ အမူအရာကို ထိန်းသိမ်း ထားခဲ့သည်။ မည့်သို့ပင် ဆိုစေကာမူ သူက မြို့သခင်

တစ်ယောက် ဖြစ်နေသေးသည်။ သို့သော်လည်း ယခုလက်ရှိတွင် အလွန် စိတ်လှုပ်ရှားနေသော အမူအရာနှင့်.....

“ကျန်အာ... ဒီကျင့်စဉ်က အရမ်းကောင်းတယ်... ကောင်းတယ် ဆိုတာထက်တောင် ပိုသေးတယ်.....”

“အခု အဖေ့ကို ချင်ယန် ပေးထားခဲ့တဲ့ ကျင့်စဉ်နဲ့ ဆိုရင် ချင်ယန်စကားကို တစ်နှစ် နားထောင်တာက လုံးဝ တန်တယ်။ တစ်လကြာရင် အဖေရဲ့ ခွန်အားက ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၉) ကို

ပြန်ရောက်လိမ့်မယ်။ အဲ့ အချိန်ကျရင် အဖေ့ရဲ့ တိုက်ခိုက်ရေး အစွမ်းက ယခုလက်ရှိ တိုက်ခိုက်ရေး အစွမ်းထက် အနည်း (၃၀) ရာခိုင်နှုန်းလောက် ပိုးတိုးတက် လာမယ်လို့ ခန့်မှန်းရတယ်....”

သူ့အဖေက အလွန် တည်ငြိမ်သော လူတစ်ယောက် ဖြစ်ကြောင်း သိနေသဖြင့် လဲ့ကျန်က အံ့အော သင့်နေသည်။ ယခုလက်ရှိတွင် သူ့အဖေက အလွန် စိတ်လှုပ်ရှား နေသည်။

“ကျန်အာ... အဖေ ဒီကျင့်စဉ် ရထားတဲ့ အကြောင်းကို လုံးဝ ထုတ်ပြောလို့ မရဘူးနော်....”

“အချိန် တစ်ခုလောက်ထိ အဖေက အားနည်းနေလိမ့်မယ်.....”

လွဲရှင်းဟန်က သတိပေးလိုက်သည်။

“သားသိပါတယ်... အဖေ...”

လွဲကျန်က ခေါင်းညိတ်ပြီး ပြန်ပြောလိုက်သည်။

လွဲရှင်းဟန်က.....

“ပြီးတော့ လျှို့ဝှက် နယ်မြေထဲ ဝင်သွားတဲ့ အချိန်ကျရင် ချင်ယန်နဲ့ နီးနီးကပ်ကပ်နေ..... သူ့ဆီမှာ မင်းနဲ့သင့်တော်တဲ့ ကျင့်စဉ်တစ်ခု

ရှိလောက်တယ်။ မင်းရဲ့ အခုလက်ရှိ ကျင့်စဉ်က အဆင်ပြေတယ် ဆိုပေမဲ့ အဆင့် (၇) ကျင့်စဉ်တစ်ခုပဲ ဖြစ်နေသေးတယ်။ အများဆုံး အခုလက်ရှိ အဖေ ရောက်နေတဲ့ အဆင့်အထိပဲ လေ့ကျင့်လို့ ရမှာ....."

"မဟာနေမင်း ဧကရာဇ်ရဲ့ သုတ္တန်က မင်းနဲ့ မသင့်တော်ဘူး..."

"ဟုတ်ကဲ့...."

.....

တစ်နာရီ မပြည့်ခင် လဲ့ရှင်းဟန်၏ လူယုံ၊ အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် တစ်ယောက်က ချင်ယန်ထံ ရောက်ရှိလာသည်။

ထိုလူက မိုးပျံလှေကို ချင်ယန်၏ ခြံဝင်းထဲတွင် ဆင်းသက်လိုက်သည်။

မကြာခင် မိုးပျံလှေပေါ်မှ ကုန်သည်တွာတစ်လုံး ထမ်းချလာသည်။

“ဆေးဘုရင်ချင်... ဒီထဲမှာ လူတွေရှိတယ်... ရေတွက်ကြည့်လို့ ရပါတယ်....”

ထိုလူက အမှန်တကယ် လေးစားသော လေသံနှင့် ပြောလိုက်သည်။ လဲ့ရှင်းဟန်က သူ့ကို သတိပေးထားခြင်း ဖြစ်နိုင်သည်။ ထိုကဲ့သို့ မဟုတ်ပါက အဆင့် (၇) ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင် တစ်ယောက်က ဤမျှ နိမ့်ချရန် မဖြစ်နိုင်ပေ။

“အင်း...”

ချင်ယန်က အမြန် စစ်ဆေး ကြည့်လိုက်သည်။ သေတ္တာထဲတွင် စာရင်းထဲမှလူများ ရှိနေသည်။

လွဲရှင်းဟန်၏ အင်အားက အံ့အောစရာ ကောင်းလှသည်။

“ဆေးဘုရင်ချင်.... တခြား အမိန့် မရှိတော့ဘူးဆိုရင် ငါ သွားတော့မယ်...”

“မရှိတော့ဘူး.....”

ထိုလူက လျင်မြန်စွာ ထွက်ခွာသွားသည်။

ချင်ယန်က ဒီလူများကို စကားအပို တစ်ခွန်းမှ မပြောဘဲ လူလေးရာကျော် ငါးရာနီးပါး လူအကုန်လုံးကို တစ်ခါတည်း သတ်ပစ်လိုက်သည်။

အချို့လူများက ရာနှင့်ချီသည့် လူများကို သတ်ပစ်ခဲ့သည့်အခါ အနည်းငယ် တွန့်ဆုတ်နေအုံးမည်။

ချင်ယန်အတွက်မူ ကလေး ကစားစရာမျှသာ ရှိသေးသည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်က ရရှိခဲ့သည့် အသူရာ ဆေဘာနတ်ဆိုး နတ်ဘုရားဘွဲ့က အတုအယောင် မဟုတ်ပေ။

“လျှို့ဝှက်.... အလောင်းတွေကို ဝါးမြိုလိုက်....”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ ချင်ယန်က ကုသိုလ် စွမ်းအားများကို လျင်မြန်စွာ စုပ်ယူလိုက်သည်။ တစ်ချိန်တည်းမှာပင် လျှုဝမ်ထံသို့လည်း ကုသိုလ်စွမ်းအား အများကြီး ပေးပို့ ပေးနေသည်။

ချင်ယန်က လဲ့ရှင်းဟန်နှင့် အပေးအယူ လုပ်ထားပြီး လဲ့ရှင်းဟန်၏ ခွန်အားက အလွန် ကောင်းသော်လည်း ချင်ယန် အပြည့်အဝ ထိန်းချုပ်ထားသည့် အင်အားစု မဟုတ်ပေ။

ချင်ယန်အပြင် ကျင့်ကြံခြင်း အရှိန်ကို မြှင့်တင်နိုင်သည်က လျူဝမ်သာ ရှိသည်။

လျူဝမ်က ဓမ္မကလေးငယ် အဆင့် (၃) ရှိနေပြီး ယခုအခါ ကုသိုလ် စွမ်းအားများနှင့် အလောင်းများကို ရထားသောကြောင့် လျှို့ဝှက် နယ်မြေထဲမှ သူပြန်ထွက်လာသောအခါ လျူဝမ်၏ ကျင့်ကြံခြင်း အဆင့်က ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၅) သို့ ရောက်နေနိုင်သည်ဟု ချင်ယန်က ခန့်မှန်းထားသည်။

မကြာခင် မီးလျှံကြီးဂိုဏ်းက တန်ခိုးရှင်များ ရောက်လာတော့မည်။

"ကုသိုလ်စွမ်းအား မလုံလောက်တာ စိတ်မကောင်း စရာပဲ...."

"ပြီးတော့ လျှုဝမ်က ကုသိုလ် စွမ်းအားကို နှစ်ကြိမ်တိုင်တိုင် ဆက်တိုက် အသုံးပြုထားပြီးပြီ.. နောက်တစ်ကြိမ် ထပ်သုံးရင် အကျိုးသက်ရောက်မှု နည်းသွားတော့မှာ....။ ဒီလိုမှ မဟုတ်ဘဲ အဆင့် (၈) ဓမ္မခန္ဓာ နယ်ပယ်ကို တစ်ခါတည်း ရောက်သွားရင် အရမ်း ကောင်းမယ်...."

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြီး သက်ပြင်း ချလိုက်သည်။

တစ်နာရီ ကြာပြီးနောက် ချင်ယန် ခြံဝင်းထဲရှိ ဥယျာဉ်က ယခင် ပုံစံအတိုင်း ပြန်ဖြစ်သွားပြီး ရာနှင်ချီသော အလောင်းများက သဲလွန်စ မရှိအောင် ပျောက်ကွယ်သွားသည်။

အရိုးများပင် မကျန်ခဲ့ပေ။

အခန်း(၃၄၄) - ငါ့သမီးလေးအတွက် နေရာတစ်နေရာလောက် အဆင်ပြေမလား

"နောက်ဆုံးတော့ ရောက်လာပြီ..."

ကူချမ်ချင်း၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။ ယခုလက်ရှိတွင် သူက ယွမ်ဒန်နယ်ပယ် အဆင့် (၉) မိုးပုံ သားရဲပေါ်တွင် ရှိနေပြီး မိုးပုံသားရဲပေါ်တွင် အခြားလူ တစ်ယောက်လည်း ပါလာသေးသည်။ ကူချမ်ယင်ပင်.....

လွန်ခဲ့သော ရက်အနည်းငယ်က ကူချမ်ချင်းသည် လီလျှူ ကောင်းကင်ဘုံ နန်းတော်တွင် လူငယ်သိုင်းပညာ ညီလာခံ ကျင်းပနေကြောင်း သတင်းရခဲ့သည်။ ဒီတစ်ကြိမ် ကျင်းပသည့် လူငယ်သိုင်းပညာ ညီလာခံတွင် ဆုလဒ် အများကြီး ချီးမြင့်မည့် အကြောင်းကိုလည်း ကြားသိထားသည်။

မူလက ကူချမ်ချင်းတွက် ထွက်လာရန် စိတ်ကူးမရှိသလို ကူချမ်ယင်တွင်လည်း ထူးထူးခြားခြား စိတ်ကူး မရှိခဲ့ပေ။

ကူချမ်ချင်း အဆင့်တက်ပြီး ရက်ပိုင်းခန့် ကြာသောအခါ လူအများက ကူအိမ်တော်သို့ ရောက်လာပြီး လက်ထပ်ပွဲ ပြုလုပ်ရန် ပြောလာခဲ့ကြသည်။ ကူချမ်ချင်းက စိတ်မကြည်သလို ကူချမ်ယင်လည်း စိတ်ဆိုးသွားသည်။

အကယ်၍ မိသားစုဝင် တစ်ယောက်ယောက်ကို ကမ်းလှမ်းလာပါက အလွန် ကောင်းမွန်သေးသည်။ ကူချမ်ချင်းကလည်း ပျော်ရွှင် မိလိမ့်မည်။ သို့သော် ကူချမ်ယင်ကို လာရောက် တောင်းရမ်းကြသည့်

လူများက အသက် သုံးဆယ်ကျော် လေးဆယ် အရွယ်များ ဖြစ်နေကြသည်။

ထိုအချက်ကြောင့် ကူချမ်ချင်းက တော်တော်လေး ဒေါသ ထွက်သွားရခြင်းပင်။

အသက်အရွယ် အရ ကူချမ်ယင်က လေးဆယ်နား ကပ်နေပြီ.....

သို့သော် ကူချမ်ယင်က အသက် (၁၈) နှစ် အရွယ်ကတည်းက အိပ်ပျော်သွားခဲ့ခြင်း ဖြစ်သည်။ ယခုလက်ရှိတွင် သူမက အသက် (၁၈)နှစ်

ရုပ်ရည်မျိုး ရှိရုံသာမက စိတ်ကလည်း အသက် (၁၈) နှစ်စိတ်သာ ရှိသေးသည်။

ကူချမ်ချင်းကလည်း ကူချမ်ယင်ကို အလွန်ချစ်သဖြင့် ကူချမ်ယင်ကို အသက် သုံးဆယ်ကျော် လေးဆယ် အရွယ်များနှင့် မည်ကဲ့သို့ လက်ထပ်ပေးနိုင်မည်နည်း.....

ထို့အပြင် သူတို့ထဲမှ အချို့က ကလေးပင် ရှိနေကြသေးသည်။

ကူချမ်ချင်းက မကျေနပ်သလို ကူချမ်ယင်ကလည်း လုံးဝ မကျေနပ်ပေ။

ယခု လီလျှူ ကောင်းကင်ဘုံ နန်းတော်တွင် လူငယ် သိုင်းပညာ ညီလာခံ ကျင်းပနေကြောင်း သိထားသဖြင့် ကူချမ်ချင်းတို့ သမီးအဖက ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

ကူချမ်ချင်းသည် ထိုနည်းလမ်းက ကောင်းသည်ဟု ယူဆထားသည်။ လူငယ် သိုင်းပညာ ညီလာခံတွင် ငယ်ရွယ်ပြီး ထက်မြတ်သော လူငယ်များကို ကျိန်းသေပေါက် တွေ့နိုင်သည်။ ကူချမ်ယင်၏ ခွန်အားနှင့် ရုပ်ရည်ကြောင့် အချိန်တန်လျှင်

လူကောင်း တစ်ယောက် ရှာမတွေ့မည်ကို စိုးရိမ်စရာ မလိုပေ။

ထို့ကြောင့် ကူချမ်ချင်းက အချိန် မဆိုင်းတော့ဘဲ ကူချမ်ယင်ကို ခေါ်ပြီး ထွက်လာခဲ့ခြင်းပင်။ ခရီးလမ်းက ဝေးလွန်းသဖြင့် လမ်းတွင် အနည်းငယ် ကြန့်ကြာနေခဲ့သည်။ ကူချမ်ချင်းနှင့် ကူချမ်ယင်တို့ ဒီနေရာသို့ ရောက်လာသောအခါ လူရွေးချယ်ပွဲက ပြီးဆုံး သွားခဲ့ပြီ။ သို့သော် ထိပ်ဆုံး အယောက်တစ်ရာက လျှို့ဝှက် နယ်မြေထဲ မဝင်ရသေးပေ။

ထိပ်ဆုံး အယောက် တစ်ရာတည်း ပါဝင်သော လူများက အခြားလူများကို လျှို့ဝှက် နယ်မြေထဲ ခေါ်သွားနိုင်သည်။ ယခု လက်ရှိတွင် သူက အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင် တစ်ယောက် ဖြစ်နေသဖြင့် သူ့မျက်နှာနှင့် ဆိုလျှင် ကူချမ်ယင်အတွက် နေရာတစ်ခုတော့ ရနိုင်လမ့်မည်ဟု ကူချမ်ချင်းက တွေးထားခဲ့သည်။

“နန်းတော်မှူး ကူ... တောင်းပန်ပါတယ်... ငါ့ နေရာခွဲတမ်းက လူပြည့်နေပြီ....”

“နန်းတော်မှူး ကူ... တောင်းပန်ပါတယ်....”

ကူချမ်ချင်းက အမှန်တကယ် လက်တွေ့ လိုက်တွေ့ကြည့် လိုက်သောအခါ မှန်းချက်နှင့် နှမ်းထွက် တွက်ချေမကိုက် ဖြစ်သွားရသည်။

သူက လူအနည်းငယ်နှင့် ဆက်ဆံရေး ကောင်းခဲ့သဖြင့် ပြဿနာ မရှိနိုင်ဘူးဟု ယူဆခဲ့သော်လည်း အကြိမ်ကြိမ်သာ အငြင်း ခံခဲ့ရသည်။

ကူချမ်ချင်း၏ မျက်နှာ အမူအရာက အနည်းငယ် ရုပ်ဆိုးနေသည်။ ပထမ တစ်ယောက်နှင့် ဒုတိယ

တစ်ယောက်ကို သူက အဆင့် (၇) ဓမ္မကလေးငယ် နယ်ပယ် ရောက်နေပြီ ဖြစ်ကြောင်း မပြောခဲ့ပေ။

သို့သော် တတိယ တစ်ယောက်ကိုမူ သူက ဓမ္မကလေးငယ် နယ်ပယ် ရောက်နေပြီ ဖြစ်ကြောင်း ပြောခဲ့သည်။ သို့တိုင်အောင် အငြင်း ခံခဲ့ရသေးသည်။

“အစ်ကိုကူ... မင်းက အလာကောင်းပေမဲ့ အခါနှောင်း သွားပြီ.... ငါက တခြားသူကို နေရာပေးမယ်လို့ ကတိ ပေးပြီးသွားပြီ.....”

“ရပါတယ်...”

ကူချမ်ချင်းက နောက်ထပ် မိသားစု တစ်ခုကို သွားတွေ့ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ယခုလက်ရှိတွင် ကူချမ်ချင်း၏ ကျင့်ကြံခြင်း အဆင့်က ဓမ္မကလေးငယ် နယ်ပယ် အဆင့်တွင် ရှိနေသည်။ သူ့ ကျင့်ကြံခြင်း အဆင့်က အားမနည်းသော်လည်း ကူချမ်ချင်းက ပြင်ပ နယ်မြေမှ ဖြစ်နေသည်။ သူက ချမ်ကျူး အကယ်ဒမီ၏ နန်းတော်မှူး ဖြစ်နေလျှင်ပင် ဒီနေရာ၌ အလေးချိန် နည်းပါးလွန်းသည်။

ကူချမ်ချင်းက အခြားလူများ အတွက် အထောက်အပံ့ အများကြီး မဖြစ်ခဲ့ပေ။

အကယ်၍ ကူချမ်ချင်းတို့ စောစောစီးစီး ရောက်လာမည် ဆိုပါက နေရာတစ်ခု အရောင်းအဝယ် လုပ်နိုင်အုံးမည်။ သို့သော် ယခုအခါ အခါနှောင်း နေခဲ့ပြီ.....

“အဖေ.. ထားလိုက်ပါတော့.....”

ကူချမ်ယင်က ပြောလိုက်သည်။

ကူချမ်ချင်းက ခေါင်းခါလိုက်သည်။ သူက မည်ကဲ့သို့ ထားနိုင်မည်နည်း.....

ဒါသည် ကူချမ်ယင် နိုးလာပြီးနောက် ပထမဦးဆုံး အကြိမ် တောင်းဆိုခြင်း ဖြစ်နေသည်။ သူမ၏ ဆန္ဒကို မဖြည့်ဆည်းပေးနိုင်လျှင် စိတ်မကောင်း ဖြစ်ရမည်။

“အဖေ... ဘာဖြစ်လို့ ချင်ယန်ကို သွားမတွေ့တာလဲ.....”

စာရင်းထဲတွင် ချင်ယန်၏ နာမည် ရှိနေသည်။

ကူချမ်ချင်းက မျက်မှောင် ကြုတ်လိုက်ပြီး...

“စာရင်းထဲက ချင်ယန်က ငါတို့သိထားတဲ့ ချင်ယန် မဟုတ်နိုင်ဘူး.... အဆင့် (၁၂) ကို ငါတို့ သိထားတဲ့ ချင်ယန်က ဘယ်လိုလုပ်ပြီး ရနိုင်မှာလဲ...”

ချင်ယန်၏ စွမ်းအားက ချမ်ဂျူး ကျွန်းဆွယ်တွင် မဆိုးသော်လည်း ဒီနေရာတွင် တိုးမပေါက်နိုင်ဘူးဟု ကူချမ်ချင်းက ယူဆထားသည်။

လီလျှု ကောင်းကင်ဘုံ နန်းတော်၏ နေရာပိုင်နက်က ကြီးမားလွန်းပြီး

မရေမတွက်နိုင်သော အင်အားစုများ၊ မရေမတွက်နိုင်သော တန်ခိုးရှင်များ ရှိနေသည်။ ယခုတစ်ကြိမ် လူငယ် သိုင်းပညာ ညီလာခံကို အခြားနေရာမှ လူငယ် တန်ခိုးရှင်များလည်း ပါဝင်ကြသည်။

“အဖေ... မမေးကြည့်ရင် မသိနိုင်ဘူးလေ.....”

ကူချမ်ယင်က ပြောလိုက်သည်။

“မမေးတော့ပါဘူ..... တကယ်လို့ ငါတို့သိနေတဲ့ ချင်ယန်ဆိုရင် ဒီနေရာကိုရဖို့ လူတွေ အများကြီးကို စော်ကား ထားရလိမ့်မယ်။ ငါတို့

လိုက်မေးလိုက်ရင် သူ့ဇစ်မြစ် ပေါက်ကြားပြီး သူ့အတွက် အခက်အခဲ ဖြစ်သွားနိုင်တယ်။ သူ့ဆီပဲ တိုက်ရိုက် သွားကြည့် ကြတာပေါ့.....”

ဆယ်မိနစ်ခန့် ကြာပြီးနောက် ကူချမ်ချင်းနှင့် ကူချမ်ယင်တို့က ချင်ယန် အိမ်တော်၏ အပြင်ဘက်သို့ ရောက်လာကြသည်။

ချင်ယန်၏ အိမ်တော်နှင့် ခြံဝင်းက လုံးဝ တိတ်ဆိတ်နေသည်။

“ချင်ယန်.....”

ကူချမ်ချင်းက အသံပို့လွှတ်ပြီး စမ်းကြည့်လိုက်သည်။

အကယ်၍ ဒီချင်ယန်က သူတို့သိသော ချင်ယန် မဟုတ်ပါက အသံပို့လွှတ်မှု ကျရှုံး သွားလိမ့်မည်။

“အမ်.....”

အသံပို့လွှတ်မှု အောင်မြင်သွားသဖြင့် ကူချမ်ချင်း အံ့အော သင့်သွားသည်။

“နန်းတော်မှူး ကူလား....”

ချင်ယန်၏ အသံက ကူချမ်ချင်း၏ စိတ်ထဲတွင် လျင်မြန်စွာ ထွက်ပေါ်လာသည်။ မကြာခင် ချင်ယန်က အိမ်တံခါးအဝသို့ ရောက်လာပြီး ကူချမ်ချင်း၊ ကူချမ်ယင်တို့နှင့် တွေ့ဆုံလိုက်သည်။

"နန်းတော်မှူးကူ... မြန်မြန် ဝင်ခဲ့လေ....."

ချင်ယန်က ကူချမ်ချင်းနှင့် ကူချမ်ယင်တို့ကို မြန်မြန် နှုတ်ဆက်ပြီး အိမ်ထဲ ဖိတ်ခေါ်လိုက်သည်။

မကြာခင် ရှောင်ကျူယင်နှင့် ရှန်းယုလင်းတို့က သူမတို့၏ ကျင့်ကြံမှု ပြီးဆုံးနေပြီ ဖြစ်သဖြင့် လက်ဖက်ရည် လာချပေးသည်။

“နန်းတော်မှူးကူ... ကူချမ်ယင်ကူက တစ်ခုခု ဖြစ်နေလို့လား...”

ချင်ယန်က စကားပြောနေရင်း ကူချမ်ယင်ကို ကြည့်လိုက်သည်။ ကူချမ်ယင်၏ ကျင့်ကြံခြင်း အဆင့် ယွမ်ဒန်နယ်ပယ် အဆင့် (၅) ရောက်နေသည်။ ကျင်ကြံခြင်း အခြေခံ မတည်ငြိမ်သေးသည်မှ တပါး အခြား မည်သည့် ပြဿနာမှ မတွေ့ရပေ။ ကူချမ်ယင်က တော်တော်လေး ကျန်းမာရေး ကောင်းနေသည်။

ချင်ယန်နှင့် တွေ့သည့်အခါ ကူချမ်ယင်၏ မျက်နှာက အနည်းငယ် နီနေသည်။

“နန်းတော်မှူးကူ.... ကူချမ်ယင်ရဲ့ အခြေအနေက အရမ်း ကောင်းပါတယ်....”

ချင်ယန်က စိတ်ရှုပ်ထွေးစွာ ပြောလိုက်သည်။

ကူချမ်ချင်းက ပေါ့ပေါ့ပါးပါး ချောင်းတစ်ချက် ဆိုးလိုက်ပြီး.....

“ချင်ယန်.. စာရင်းထဲမှာ မင်းနာမည် ပါနေမယ်လို့ တကယ် မမျှော်လင့်ထားဘူး။ မင်းက

လီလျှ သန့်ရှင်းမြို့ကို ရောက်နေပြီး လူငယ် သိုင်းပညာ ညီလာခံမှာ အမှန်တကယ် အဆင့် (၁၂) ရထားတာ ဆိုတော့... အံ့အောစရာပဲ။ ချင်ယန်... အထဲကို မင်းနဲ့အတူ လူသုံးယောက် ခေါ်သွားနိုင်တယ် မဟုတ်လား.... နေရာ တစ်ခုလောက် ပိုနေသေးလား မသိဘူးနော်..."

"ရှောင်ယင်ရဲ့ အရိုးက အသက် (၃၀) မပြည့်သေးဘူး။ ပထမတုန်းက လူငယ် သိုင်းပညာ ညီလာခံမှာ ဝင်ပြိုင်ဖို့ စီစဉ်ထားပေမဲ့ မမှီလိုက်ဘူး"

"ကူချမ်ယင် ဝင်ဖို့လား.."

ချင်ယန်က အနည်းငယ် မျက်မှောင် ကြုတ်နေ၏။ သူ၊ လောင်လန်နာနှင့် ဟွာဝမ်ရိုတို့ ပေါင်းလိုက်ပါက (၁၀) နေရာ ရထားသော်လည်း သူတို့ အဖွဲ့နှင့်တင် (၈) နေရာ ပြည့်နေပြီး ကျန်နေရာ နှစ်ခုကိုလည်း အခြားလူ နှစ်ယောက်အား ပေးထားသေးသည်။

ချင်ယန်က ကျန်းစွန်းယုနှင့် ကျန်းရီတို့ကိုလည်း ပြောထားပြီးသား ဖြစ်နေသည်။ ဒီအချိန်မှ သူတို့ နာမည်ကို ပြန်ဖျက်လိုက်ရန် မကောင်းပေ။

သို့သော် ကူချမ်ချင်းက တောင်းဆိုနေခြင်း ဖြစ်သဖြင့်ရန် ငြင်းဆန်၍လည်း မကောင်းပေ။

ချင်ယန်က ကျေးဇူး သိတတ်သူဖြစ်ပြီး ကျေးဇူးအကြွေး ရှိပါကလည်း ပြန်ဆပ်တတ်သူ ဖြစ်သည်။ ယခင် ကူချမ်ချင်းက သူတို့ကို ကူညီခဲ့ဖူးသည်။ အဓိက အကြောင်းအရင်းက ကူချမ်ယင်ကြောင့် ဖြစ်သော်လည်း သူတို့ကို ကူညီပေးခဲ့သည်သာ.....

“နန်းတော်မှူးကူ... ပွင့်ပွင့်လင်းလင်း ပြောရရင် ငါ့မှာ နေရာခွဲတမ်း ထပ် မရှိတော့ဘူး... စုစုပေါင်း ဆယ်နေရာ ရခဲ့တယ်.... ခု အားလုံး ပြည့်နေပြီ....”

“နန်းတော်မှူးကူက ကူချမ်ယင်ရဲ့ နေရာခွဲတမ်းအတွက် ဒီကိုတောင် ရောက်နေတယ်ဆိုမှတော့ သူမအတွက် သေချာပေါက် စီစဉ်ပေးမယ်....”

ချင်ယန်က ပါးစပ်မှ ထုတ် ပြောလိုက်သည်။

ချင်ယန်နှင့် အခြားလူများက နေရာ ဆယ်နေရာ ရခဲ့သဖြင့် ကူချမ်ချင်း အံ့အောသင့် သွားသည်။

“ချင်ယန်... အရမ်း ခက်ခဲနေမယ်ဆိုရင် မလုပ်ပါနဲ့.....”

ကူချမ်ချင်းက ကမန်းကတန်း ပြောလိုက်သည်။

ဝင်ခွင့် တစ်နေရာက အလွန် တန်ဖိုးကြီးကြောင်း ကူချမ်ချင်းလည်း သိနေသည်။ ထိုကဲ့သို့ မဟုတ်ပါက လူအနည်းငယ်က မျက်နှာ အနာခံပြီး သူ့ကို ငြင်းခဲ့မည် မဟုတ်ပေ။

“နန်းတော်မှူးကူ... မင်းကို မှတ်စုတစ်ခု ရေးပေးလိုက်မယ်..... ဒီမှတ်စုကို ယူသွားပြီး မြို့သခင် လဲ့ရှင်းဟန်ကို သွားတွေ့လိုက်ပါ....”

"ကူချမ်ယင်ရဲ့ နေရာခွဲတမ်း အတွက် မြို့သခင်လဲ့က ကျိန်းသေပေါက် စီစဉ်ပေးလိမ့်မယ်..."

ချင်ယန်ပင် နေရာခွဲတမ်း ဆယ်ခု ရရှိထားသောကြောင့် လီလျှု သန့်ရှင်းမြို့၏ မြိုသခင်လဲ့ရှင်းဟန်က နောက်ထပ် နောက်ထပ် နေရာများ ရရှိထားလိမ့်မည်။ တစ်နေရာစာမျှ လျှော့နည်းသွား၍ ပြဿနာ ကြီးကြီးမားမား မဖြစ်နိုင်ပေ။

"မြို့သခင်လဲ့ ဟုတ်လား....."

ကူချမ်ချင်းက မမျှော်လင့်ထားသဖြင့် အံ့အောသင့်သွားသည်။

ကူချမ်ချင်းသည် ယခုလက်ရှိ သူ့ခွန်အားက တော်တော်လေး ကောင်းမွန် နေပြီဟု ခံစားရသော်လည်း လဲ့ရှင်းဟန်ထက် အများကြီး အာနည်း နေသေးသည်။

သူတို့ နှစ်ယောက်လုံးက ဓမ္မကလေးငယ် နယ်ပယ် တန်ခိုးရှင်များ ဖြစ်သော်လည်း လဲ့ရှင်းဟန်က ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၉) ဖြစ်နေသည်။

ကူချမ်ချင်း၏ တိုက်ခိုက်ရေး အစွမ်းက အလွန် အားကောင်းသော်လည်း အဆင့်တူလျှင်ပင် လဲ့ရှင်းဟန်က ပိုမို အားကောင်း နေသေးသည်။

တစ်ချိန်တုန်းက နတ်ဆိုး လမ်းစဉ် အင်အားစုများနှင့် လဲ့ရှင်းဟန် တိုက်ခိုက်နေသည်ကို ကူချမ်ချင်း မြင်ခဲ့ဖူးသည်။ လဲ့ရှင်းဟန်က လောင်ကျွမ်းနေသော နေမင်း သိုင်းဝိညာဉ်ကို ခဏသာ ထုတ်သုံးခဲ့သော်လည်း နတ်ဆိုးလမ်းစဉ် ကျင့်ကြံသူများက လောင်ကျွမ်း ပြာကျပြီး သေဆုံး

သွားခဲ့ရသည်။ စက္ကန့် အနည်းငယ် အတွင်းမှာပင် သူတို့ အားလုံးက ပြာပုံအတိ ဖြစ်သွားကြသည်။

"ဟုတ်တယ်. မြို့သခင်လဲ့ကို ပြောနေတာ..."

ချင်ယန်က မှတ်စုတစ်ခုကို အမြန်ရေးပြီး သူ့အင်္ဂေ့အသက် ထည့်သွင်းကာ လက်မှတ် ရေးထိုးလိုက်သည်။

"နန်းတော်မှူးကူ... ငါ့မှာ လုပ်လက်စ ကိစ္စလေးတွေ ရှိနေလို့ မင်းနဲ့အတူ မလိုက်တော့ဘူး..."

“ဒီ မှတ်စုကို မြို့သခင်လဲ့ဆီ ယူသွားလိုက်ပါ.... ပြဿနာ မရှိနိုင်ပါဘူး...”

ချင်ယန်က ကူချမ်ချင်းကို မှတ်စုပေးရင်း ပြောလိုက်သည်။

မိနစ်အနည်းငယ် ကြာပြီးနောက် ကူချမ်ချင်းနှင့် ကူချမ်ယင်တို့က ချင်ယန် အိမ်ထဲမှ ပြန်ထွက်လာကြပြီး သူတို့၏ မျက်နှာ အမူအရာက အနည်းငယ် ညှိုးငယ်နေသည်။ ချင်ယန်က မှတ်စုပေးပြီး မြို့သခင် လဲ့ရှင်းဟန်ကို သွားရှာရန် ပြောခဲ့သော်လည်း မျှော်လင့်ချက် လုံးဝ မထားခဲ့ပေ။

“အဖေ.. ငါတို့ ဒီနေမှာပဲ ဆက်နေအုံးမှာလား....”

“ဒါမှမဟုတ် ပြန်ကြမလား....”

ကူချမ်ယင်က အနည်းငယ် မသေချာ မရေရာ ခံစားနေရသည်။

နေရာ ခွဲတမ်း မရခြင်းကြောင့် မဟုတ်ပေ။ သူမ အပေါ် လျစ်လျူရှုထားသော ချင်ယန်၏ သဘောထားကြောင့် ဖြစ်သည်။

ကူချမ်ယင်ဝ်က ယခုလက်ရှိ သူမရုပ်ရည်နှင့် ပက်သက်၍ အလွန် ယုံကြည်မှု ရှိနေသော်လည်း

ချင်ယန်က အစကတည်းက သူမကို လုံးဝ မကြည့်ခဲ့ပေ။

နှစ် (၂၀) ကြာ အိပ်စက်ပြီး ပြန်လည် နိုးထလာသည့် အချိန်တွင် ချင်ယန်ကို မြင်ခဲ့ရသဖြင့် သူမ နှလုံးသားထဲ၌ ချင်ယန် ရှိနေခဲ့သည်။

“သွားကြည့်ရအောင်.....”

“ဒီလောက် အဝေးကြီးတောင် လာခဲ့ပြီးပြီပဲ.... မြို့သခင်လဲ့ဆီ သွားလည် ကြတာပေါ့....”

ကူချမ်ချင်းက တိတ်တိတ်လေး သက်ပြင်းချပြီး ပြောလိုက်သည်။

နောင်တစ်ချိန်တွင် လီလျူ သန့်ရှင်းမြို့ကို မကြာခဏ လာလည်ပြီး အင်အားစု တော်တော် များများဆီ သွားရောက် လည်ပတ်ရမည်။

ပြင်ပ နယ်မြေတွင်သာ အနေများသောကြောင့် ဒီနေရာတွင် သြဇာ လွှမ်းမိုးမှု အလွန် နည်းပါးနေသည်။

နာရီဝက်ခန့် ကြာပြီးနောက် ကူချမ်ချင်းနှင့် ကူရှောင်ယင်တို့က လဲ့ရှင်းဟန်နှင့် တွေ့ဆုံ နေကြသည်။

“နန်းတော်မှူးကူ.. ဂုဏ်ပြုပါတယ်...”

လဲ့ရှင်းဟန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သော်လည်း သူ့ သဘောထားက အလွန် နွေးထွေးခြင်း မရှိပေ။ အဆင့် (၇) ဓမ္မ ကလေးငယ် အဆင့် (၁) တန်ခိုးရှင်က အားကောင်းသော်လည်း သူ့ မျက်လုံးထဲတွင် ဘာမှ မဟုတ်သေးပေ။

“မြို့သခင်လဲ... ဒီကလေးမလေးက နှစ် (၂၀) လောက် အိမ်မောကျပြီးမှ ပြန်နိုးလာတာ။ မြို့သခင်လဲဆီမှာ လျှို့ဝှက်နယ်မြေထဲ ဝင်တဲ့ နေရာခွဲတမ်း တစ်ခုလောက် ကျန်အုံးမလား သိချင်လို့ပါ။ ဒီကလေးမလေး အတွက် နေရာ တစ်ခုလောက် စီစဉ်ပေးရင် ဒီကူက မြို့သခင်လဲကို အရမ်း ကျေးဇူး တင်နေမှာပါ.....”

ကူချမ်ချင်းက ချင်ယန် ပေးလိုက်သည့် စာရွက်ကို လုံးဝ မထုတ်ဘဲ တောင်းဆိုလိုက်သည်။

သူ့အမြင်အရ ချင်ယန်တွင် ဤမျှ ကြီးမားသော မျက်နှာမျိုး မရှိနိုင်ပေ။

ချင်ယန် မျက်နှာနှင့် နေရာခွဲတမ်း တစ်ခု ရနိုင်မည်လော.....

လွဲရှင်းဟန်က ခေါင်းခါလိုက်ပြီး.....

“နန်းတော်မှူးကူ.... တကယ် တောင်းပန်ပါတယ်။ မင်းက နည်းနည်းလေး နောက်ကျသွားပြီ..... နေရာခွဲတမ်းက လူပြည့်နေပြီ...”

“အဖေ....”

ကူချမ်ယင်က သူမအဖေကို လှမ်းကြည့်ပြီး ခေါ်လိုက်သည်။

ကူချမ်ချင်းက တစ်ချက် တုံ့ဆိုင်းသွားပြီးနောက် ချင်ယန် ပေးလိုက်သော မှတ်စာစာရွက်ကို ထုတ်ပေးကာ……

“မြို့သခင်လဲ… ဒါလေးကို တစ်ချက် ကြည့်ပေးပါအုံး….”

ကူချမ်ချင်းက မှတ်စုပေးနေရင်း အလွန် စိုးရိမ်နေသည်။

“အဟွတ်....”

“နန်းတော်မှူးကူ... အရင် ကတည်းက ဒီလို ပြောတာ မဟုတ်ဘူး..”

“ဆေးဘုရင်ချင်က ပြောနေပြီ ဆိုမှတော့ နေရာ မရှိလည်း နေရာတစ်ခုတော့ ရအောင် စီစဉ်ပေးရမှာပေါ့.....”

လွဲရှင်းဟန်က အမြန် ပြောလိုက်ပြီး သူ့ သဘောထာက ရုတ်တရုတ် တိုးတက်လာခဲ့သည်။

မှတ်စုက အမှန်တကယ် အလုပ်ဖြစ်နေသဖြင့် ကူချမ်ချင်းနှင့် ကူချမ်ယင်တို့က ကြက်သေ သေနေကြသည်။

အခန်း(၃၄၅) - ယောက်ခမ ဖြစ်ချင်နေပြီလား

“အဖေ.. ဘာဖြစ်လို့ ပုံမှန် မဟုတ်ဘူးလို့ ခံစားနေရတာလဲ...”

လွဲ စံအိမ်ထဲမှ ထွက်လာသောအခါ ကူချမ်ယင်က မယုံကြည်နိုင်စွာ ပြောလိုက်သည်။

ချင်ယန် ကိုယ်တိုင် မလိုက်လာသော်လည်း လွဲရှင်းဟန်က နေရာခွဲတမ်း တစ်ခု အမှန်တကယ် ပေးလိုက်သည်။

“ခွဲတမ်းက (၁၀၀) ရာခိုင်နှုန်း အစစ်ပဲ.....”

“ချင်ယန်နောက်မှာ ကြီးမားတဲ့ နောက်ခံ ရှိနိုင်တယ်....”

ကူချမ်ချင်းက ဖြစ်နိုင်ချေ တစ်ခုကို စဉ်းစားမိပြီး ပြောလိုက်သည်။

ကူချမ်ချင်းက ချင်ယန်၏ ဇစ်မြစ်ကို ရှင်းရှင်းလင်းလင်း သိသော်လည်း ချင်ယန်၏ ခွန်အားက လျင်လျင်မြန်မြန် တိုးတက် လာခဲ့သည်။ ဆေးသန့်စင်သည့် ဘက်တွင်လည်း လျင်မြန်စွာ တိုးတက် လာခဲ့သည်။ ထို့အပြင် စည်းသခင်

တစ်ယောက်လည်း ဖြစ်နေသေးသည်။ ထို့ကြောင့် ချင်ယန် နောက်တွင် အစွမ်းထက်သော ဆရာတစ်ယောက် ရှိကို ရှိရမည်။

"အင်း...."

ကူချမ်ယင်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ထိုသို့ဆိုလျှင် အဓိပ္ပါယ် ရှိသွားသည်။

လဲ့ရှင်းဟန်က ချင်ယန် နောက်ကွယ်မှ တန်ခိုးရှင်၏ အထောက်အထားကို

သိနေသောကြောင့် ချင်ယန်၏ ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ခြင်းသာ ဖြစ်လိမ့်မည်။

“အဖေ.... လီလျှု ကောင်းကင်ဘုံ နန်းတော်ရဲ့ နန်းတော်သခင်တောင် လွဲရှင်းဟန်အပေါ် ဒီလောက် လွှမ်းမိုးမှု မရှိဘူး မဟုတ်လား.....”

ကူချမ်ချင်းက ခေါင်းခါလိုက်သည်။

လီလျှု ကောင်းကင်ဘုံ နန်တော်၏ နန်းတော်သခင် မဖြစ်နိုင်ပေ။

လီလျှူ ကောင်ကင်ဘုံ နန်းတော်သခင်က လဲရှင်းဟန်ထံမှ နေရာတစ်ခု တောင်းမည်ဆိုလျှင် ပြဿနာ ကြီးကြီးမားမား မရှိသော်လည်း လူကိုယ်တိုင် မလာဘဲ စာရွက်တစ်ရွက်သာ ပေးပြီး ပြောခဲ့မည် ဆိုပါက လဲ့ရှင်းဟန်က နန်းတော်သခင်ကို တော်တော်လေး စိတ်ကွက်သွားလိမ့်မည်။ သူ့ခွန်အားက ကျန်ကျူပင်ထက် အများကြီး အားမနည်းပေ။

အဆင့် (၇) ဓမ္မကလေး နယ်ပယ် အထွတ်အထိပ် တန်ခိုးရှင် တစ်ယောက် ဖြစ်ပြီး အဆင့် (၈)

ဓမ္မခန္ဓာ နယ်ပယ် တန်ခိုးရှင်ဟု သတ်မှတ်၍ ရနေသူ ဖြစ်သည်။

ကူချမ်ချင်းနှင့် ကူချမ်ယင်တို့က သူတို့၏ စိတ်ထဲမှသာ သုံးသပ် ကြည့်နေကြသည်။

“အဖေ..... ချင်ယန်ဆီ နောက်တစ်ကြိမ် ထပ်သွားပြီး ကျေးဇူးတင် ရမယ်....”

ကူချမ်ချင်းက ခေါင်းညိတ်လိုက်သည်။ ထို့နောက် ခေါင်းခါလိုက်ပြီး....

“အခုတော့ ညနက်နေပြီး မနက်ဖြန်မှပဲ ကျေးဇူးတင်စကား သွားပြောကြတာပေါ့....”

သူတို့နှစ်ယောက်က တည်ခိုခန်းသို့ ရောက်ရှိ သွားကြသည်။

“ရှောင်ယင်.... ချင်ယန်ကို ဘယ်လိုမြင်လဲ...”

ကူချမ်ချင်းက ရုတ်တရုတ် မေးလိုက်သည်။

“အမ်....”

ကူချမ်ယင်၏ မျက်နှာက ရုတ်တရုတ် နီရဲ သွားသည်။

ကူချမ်ချင်းက.....

“ရှောင်ယင်... အခု သမီးရဲ့ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန်နယ်ပယ် အဆင့် (၅) ရောက်နေပြီး တိုးတက်မှု နှုန်းကလည်း အရမ်း မြန်တယ်။ ဘာပြဿနာမှ မရှိဘဲ အဆင့် (၈) ဓမ္မခန္ဓာ နယ်ပယ် ရောက်နိုင်တယ်လို့ ချင်ယန်က ပြောထားတယ်....”

“ချင်ယန်မှာ သမိုင်းကြောင်း အများကြီး ရှိတယ် ဆိုပေမဲ့ ချင်ယန်က သမီးအကြိုက်နဲ့ ကိုက်ရင် လိုက်ဖက်ပါတယ်.....”

“အဖေ... ဘာဖြစ်လို့ ဒီကြောင်းတွေ ပြောနေတာလဲ....”

ကူချမ်ယင်က ရှက်နေသည်။

“အဖေ... လောနေတာ မဟုတ်ဘူး....”

“သမီးကညာ အခါ မလင့်စေနဲ့ ဆိုတဲ့ စကားကလည်း ရှိသေးတယ်လေ.....”

ကူချမ်ချင်းက သမီးဖြစ်သူကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

ကူချမ်ချင်းက အလျင် လိုနေခြင်း မဟုတ်သော်လည်း စိုးရိမ်နေသည်။ သူက သမီးဆို၍ ကူချမ်ယင် တစ်ယောက်သာ ရှိသည်။ သူနှင့် သက်တူရွယ်တူ အခြားလူများ၏ မြေးများကပင် ကူချမ်ယင် အသက်လောက် ရှိနေကြပြီ.....

ထို့အပြင် ကူချမ်ယင်က နှစ် (၂၀) အိပ်ပျော်နေခဲ့သည်။ သူမ၏ စိတ်ပိုင်းဆိုင်ရာနှင့် အရိုးများက အသက်အတိုင်း (၁၈) နှစ်သာ ရှိသေးသော်လည်း အခြားလူများ၏ အမြင်တွင် သက်ရောက်မှု ရှိနေသည်။ ကြိုပြောထား၍သာ..

ထိုကဲ့သို့ မဟုတ်ပါက အသက် (၃၀) ကျော် အရွယ်များက လာရောက် တောင်းရမ်းကြ၍ ကူချမ်ချင်း သွေးအန် နေလိမ့်မည်။

“ရှောင်ယင်.... ချင်ယန်က သမီးနဲ့ သင့်တော်တယ် ထင်ရင် သမီးကြိုးစားလေ.....”

“တကယ်လို့ မသင့်တော်ဘူး ထင်ရင်လည်း အဖေ အခြားလူတွေ ရှာပေးမယ်.....”

ကူချမ်ချင်းက အမှန်တကယ် စိုးရိမ်နေသည်။ သူ့မိန်းမက စောစော သေသွားခဲ့သည်။ အချိန်တန်လျှင် ကူချမ်ယင်က အပျိုဟိုင်းကြီး

ဖြစ်ပြီး သူ သေသွားသည့် တိုင်အောင် လက်ထပ်မပေးနိုင်ခဲ့ပါက သူဇနီးနှင့် တွေ့သည့်အခါ ပြန်ပြောပြရန် ခက်လိမ့်မည်။

“အဖေ..... ချင်ယန်က တော်တော်လေး ကောင်းတယ်လို့ ထင်တယ်.....”

“တခြား မရှာပါနဲ့တော့...”

ကူရှောင်ယင်က ချင်ယန်နာမည်ကို ပြောရင်း ရှက်လာသည်။ သူမကို ဆေးကုသ ပေးခဲ့သည့် အချိန်တွင် ချင်ယန်က သူမ တစ်ကိုယ်လုံးကို မြင်ခဲ့ဖူးသည်။

"ဒါဆိုလည်း သမီး မြန်မြန်လုပ်လေ....."

"ချင်ယန် အနားမှာ ဝိုင်းနေတဲ့ မိန်းကလေးတွေကလည်း တော်တော်လေး ကောင်းတယ်...."

ကူချမ်ချင်းက ထိုကဲ့သို့ ပြောပြီး အခန်းထဲ ဝင်သွားသောအခါ ကူချမ်ယင်က ကြိတ်ပြီး မျက်စောင်း ထိုးလိုက်သည်။

ယခုလက်ရှိ ကူချမ်ချင်း ပုံစံကို မြင်ပါက ချမ်ဂျူး အကယ်ဒမီမှ လူတော်တော် များများက ယုံကြည်မည် မဟုတ်ပေ။

အကယ်၍ ချင်ယန်သာ ဒီနေရာတွင် ရှိနေမည် ဆိုလျှင် သူလည်း အံ့အောသင့် သွားလိမ့်မည်။

ကူချမ်ချင်းက အနေတည်သူ ဖြစ်သည်။ ယခုလက်ရှိတွင် ချမ်ဂျူး အကယ်ဒမီလည်း မဟုတ်သလို သူကလည်း ချမ်ဂျူး အကယ်ဒမီ၏ နန်းတော်မှူး မဟုတ်ပေ။ သမီးတစ်ယောက်၏ ဖခင် တစ်ယောက်သာ ဖြစ်သည်။

'ဒါက ငါ့သမီး ဘဝ တစ်ခုလုံးအတွက် အရေးကြီးတဲ့ ကိစ္စပဲ သေသေချာချာ အာရုံ စိုက်ထားရမယ်....'

ထိုညတွင် ကူချမ်ယင်င်လည်း အိပ် မပျော်ပေ။

လီလျှု သန့်ရှင်းမြို့ရှိ လူတော်တော်များများလည်း အိပ်မပျော်ကြပေ။ ချင်ယန်က လူရာပေါင်းများစွာ သတ်ဖြတ်ခဲ့သည်။ သူတို့ထဲမှ တော်တော်များများက လီလျှု သန့်ရှင်းမြို့၏ ဩဇာကြီးမားသော မိသားစုများမှ ဖြစ်နေကြသည်။

မိသားစုကြီးများနှင့် အင်အားစုများက ထိတ်လန့်တုန်လှုပ် နေကြသည်။

အကြိမ်ကြိမ် အခါခါ စုံစမ်း စစ်ဆေးသော်လည်း မည်သည့်အရာမှ ရှာမတွေ့ခဲ့ပေ။

လူများကို ဖမ်းဆီးရန် လဲ့ရှင်းဟန် အမိန့်ပေးခဲ့သည့် လူအားလုံးက သူစိတ်ချ ယုံကြည်ရသော သူရဲဘော်ရဲဘက်များ ဖြစ်ကြပြီး သူတို့ အားလုံးကလည်း အလွန် အစွမ်း ထက်ကြသည်။ ထိုလူများ လှုပ်ရှားသည်ကို သိသွားမှသာ ထူးဆန်း ပေးလိမ့်မည်။

ထို့အပြင် တစ်ခုခု တွေ့လျှင်ပင် မည်သည့်အရာ လုပ်နိုင်မည်နည်း.....

.....

နောက်တစ်နေ့ မနက်တွင် ကူချမ်ချင်းနှင့် ကူချမ်ယင်တို့က ချင်ယန်အိမ်သို့ ထပ် သွားကြသည်။

“ချင်ယန်.... မြို့သခင်လဲက ရှောင်ယင်ရဲ့ ခွဲတမ်း နေရာအတွက် သဘောတူခဲ့တယ်.....”

“ကျေးဇူး တင်ပါတယ်.....”

ကူချမ်ချင်းက လေးနက်စွာ ပြောလိုက်သည်။

“ချင်ယန်... ကျေးဇူး တင်ပါတယ်....”

ကူချမ်ယင်က အနည်းငယ် နီနေသော မျက်နှာနှင့် ပြောလိုက်သည်။ သူမက နဂိုကတည်းက လှပသူ

ဖြစ်သည်။ ကျင့်ကြံခြင်း အဆင့် မြင့်တက်လာပြီးနောက် ပိုမို လှပလာသည်။ ယခုအခါ လှပေသော မျက်နှာလေးက နီနေသဖြင့် ပိုမို ဆွဲဆောင်မှု ရှိနေသည်။

ချင်ယန်က သူတို့ကို အနည်းငယ် ကြည့်လိုက်သည်။

“ရပါတယ်... နန်းတော်မှူးကူ... “

“နန်းတော်မှူးကူလည်း ငါ့ကို အများကြီး ကူညီခဲ့တာပဲ...”

ချင်ယန်က တစ်ချက်ပြုံးပြီး ပြန်ပြောလိုက်သည်။

ကူချမ်ချင်းက ချောင်းတစ်ချက် ဆိုးလိုက်ပြီး.....

"ချင်ယန်.... ရှောင်ယင်က မင်း ကုသပေးလို့ ပြန်သက်သာ လာတာပါ။ အခု သူမရဲ့ ခွန်အားကလည်း မြန်မြန်ဆန်ဆန် တိုးတက်နေတယ်။ ပြဿနာ တစ်ခုခု ရှိ၊ မရှိ သိရအောင် ကူညီ ပေးပါအုံး...."

ချင်ယန် ပြုံးရင်း ခေါင်းခါလိုက်ပြီး.....

“နန်းတော်မှူးကူ..... စိတ်မပူပါနဲ့... ကူချမ်ယင်မှာ ဘာပြဿနာမှ မရှိပါဘူး.....”

“ကူချမ်ယင်ရဲ့ ကျင့်ကြံခြင်း အဆင့် တိုးတက်မှုက နည်းနည်းလေး မြန်နေတယ် ဒီလောက်ပါပဲ....”

ကူချမ်ချင်းက.....

“ချင်ယန်..... အချိန်တန်ရင် ရှောင်ယင်ရဲ့ ခွန်အားက ဘယ်လို အောင်မြင်မှုမျိုးတွေ ရမယ်လို့ ထင်လဲ.....”

ကူချမ်ယင်၏ ခွန်အားက နောင်တစ်ချိန်တွင် ကူချမ်ချင်းထက် သာလွန် သွားနိုင်သည်ဟု ချင်ယန်က ပြောခဲ့သော်လည်း ချင်ယန်က ထိုအကြောင်းနှင့် ပက်သက်၍ တိတိကျကျ မပြောခဲ့ပေ။

ချင်ယန်က ကူချမ်ယင်ကို ကြည့်လိုက်ပြီး.....

“ကူချမ်ယင်ရဲ့ ခန္ဓာကိုယ် ခန္ဓာကိုယ်ထဲမှာ အဆင့် (၈) ငရဲ ရေခဲပိုးကောင် အစွမ်းတွေ ကျန်နေတယ်။ အလုပ်ကြိုးစားသရွေ့ အဆင့် (၈) ရောက်ဖို့ ပြဿနာ မရှိဘူး။ အရင်းအမြစ်

လုံလောက်မယ်ဆိုရင် သုံးနှစ်အတွင်း အဆင့် (၈) ရောက်ဖို့ ဖြစ်နိုင်တယ်....”

“တကယ်လို့ အခွင့်အရေး တစ်ခုခု တွေ့ခဲ့ရင် အချိန် ပိုတို သွားလိမ့်မယ်.....’

ကူချမ်ချင်းနှင့် ကူချမ်ယင်တို့က အံ့အော သင့်နေကြသည်။ အကယ်၍ ချင်ယန်သာ ယခင်က ပြောခဲ့မည်ဆိုမည် ဆိုလျှင် ကူချမ်ချင်းနှင့် ကူချမ်ယင်တို့က ယုံကြည်ကြမည် မဟုတ်ပေ။ ယခုအခါ ချင်ယန်၏ စကားကို ယုံကြည် နေကြသည်။

ဓမ္မကလေးငယ် နယ်ပယ် အဆင့် (၉) ဖြစ်သလို လီလျှူ ကောင်းကင်ဘုံ နန်းတော်၏ လက်ထောက် နန်းတော်သခင် ဖြစ်သည့် လဲ့ရှင်းဟန်ကပင် ချင်ယန်၏ မှတ်စု စာရွက်တစ်ခုနှင့် မျက်နှာသာ ပေးရသောကြောင့် ချင်ယန်က သူတို့ကို လိမ်ညာနေစရာ မလိုပေ။

“ချင်ယန်.... ရှောင်ယင်ကို ဘယ်လိုမြင်လဲ....”

ကူချမ်ချင်းက ရုတ်တရုတ် ထမေးလိုက်သည်။

“အဖေ.. မင်း...”

ကူချမ်ယင်၏ မျက်နှာက ချက်ချင်း နီရဲသွားသည်။

ချင်ယန်လည်း ကြက်သေ သေနေသည်။

‘ဘာ အခြေအနေကြီးလဲ..... ကူချမ်ချင်းက သူ့သမီးအတွက် မားကတ်တင်း ဆင်းနေတာလား.....’

ကူချမ်ချင်း၏ ယခုလက်ရှိ ပုံစံက ချင်ယန် စိတ်ထဲမှ အေးတိအေးစက် ပုံစံနှင့် မကိုက်ညီပေ။

“ချင်ယန်... ရှောင်ယင်မှာ ဒီလို ပင်ကိုယ် ပါရမီမျိုး ရှိနေတယ်... မင်းမှာလည်း သန်မာတဲ့

နောက်ခံရှိတယ်။ ငါ့သမီးက မင်းနဲ့ လိုက်ဖက်ပါတယ်ကွာ....”

ကူချမ်ချင်းက ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

ကူချမ်ယင် မနိုးလာသည့် အချိန်က သူ့သမီး ပြန်မနိုးလာမည်ကို ကူချမ်ချင်း စိုးရိမ်ခဲ့ရသည်။ သူ့သမီး ပြန်နိုးလာသည့် အခါတွင်လည်း လင်ကောင်း၊ သားကောင်း မရမည်ကို ဖခင်တစ်ယောက် အနေနှင့် ကူချမ်ချင်း စိုးရိမ် နေရပြန်သည်။

“အဟွတ်...”

“နန်းတော်မှူးကူ... ကူချမ်ယင်င် က ထုံးစံအတိုင်း အရမ်း ပြည့်စုံပါတယ်။ ရုပ်ရည်၊ ပင်ကိုယ်ပါရမီ စတဲ့ အချက်တွေမှာ ဘာတစ်ခုမှ အပြစ်ပြောစရာ မရှိဘူး။ အကုန်လုံး ထိပ်တန်းပဲ..... ငါ့မှာကျတော့ ဘာမှ မရှိဘူး.... ဒီကိစ္စနဲ့ ပက်သက်ပြီး သေသေချာချာ စဉ်းစားရမယ်.....”

ချင်ယန်က လိမ္မာပါးနပ်စွာ ငြင်းလိုက်သည်။

ကူချမ်ယင်၏ မျက်လုံးကလည်း အနည်းငယ် ညှိုးကျသွားသည်။

ကူချမ်ချင်းက ပေါ်တင် ထုတ်ပြောနေသော်လည်း ချင်ယန်က လုံးဝ သဘော မတူခဲ့ပေ။

"ချင်ယန်.. ငါ့အဖေက ပေါက်ကရတွေ လျှောက်ပြောနေတာ.. ဘာတွေ စိတ်ရူးထနေလဲ မသိပါဘူး...."

"သွားတော့မယ်...."

ကူချမ်ယင်က သူမအဖေကို အတင်းဆွဲခေါ်ပြီး အမြန် ထွက်သွားသည်။

“ချင်ယန်... ကူချမ်ယင်က အရမ်းလှတယ်။ အချိန်တန်ရင် အဆင့် (၈)ကို သေချာပေါက် ရောက်မယ်လို့ မင်းပြောခဲ့တယ်... ဒါတောင် မင်းက ငြင်းနေသေးတာလား.....”

လောင်လန်နာက ပါးပါးလေး ပြုံးပြီး ပြောလိုက်သည်။

အခန်းထဲတွင် ပန်းကလေးများ (မိန်းကလေးများ) ပြည့်နေသည်။

ဟွာဝမ်ရိုက ချစ်စရာ ကောင်းအောင် ပြုံးလိုက်ပြီး....

“သူ့ဌေး.... တကယ်လို့ မင်း သဘောတူလိုက်ရင် လောင်လန်နာ အသည်းကွဲ နေမှာပေါ့... ဟုတ်တယ် မဟုတ်လား လန်နာ....”

ချင်ယန်လည်း တော်တော်လေး ဆွံ့အနေသည်။ ကူချမ်ချင်းက ဒီကိုလာပြီး ထိုကဲ့သို့ ပြောလိမ့်မည်ဟု မထင်မှတ်ထားခဲ့ပေ။

သူက အသက် (၁၆) နှစ် မပြည့်သေးဘဲ ကလေးသာ ရှိသေးသည်.။

ကူချမ်ချင်း ... ဒီအဘိုးကြီးက အမှန်တကယ် အရှက် မရှိပေ။ သူက ယောကျ္ဃထီး ဖြစ်ချင်သော်လည်း ထိုအရာက မဖြစ်နိုင်ပေ။

ချင်ယန်၏ စိတ်ထဲတွင် အတွင်း စိတ်လှုပ်ရှားမှု အများကြီး ရှိနေသည်။

တစ်ချိန်တုန်းက ခြေလှမ်းတစ်ဝက် အုပ်စိုးသူ ဖြစ်ပြီး အပေါ်စီးမှ ကြီးစိုးခဲ့သော်လည်း ပြန်လည် မွေးဖွားလာပြီး အချိန်အတော် ကြာလာသောအခါ ချင်ယန်တွင် လူငယ်လေး တစ်ယောက်၏ စိတ် အခြေအနေမျိုးလည်း ရှိနေသေးသည်။

အမှန်တကယ်ဆို ချင်ယန် ကိုယ်တိုင် လူငယ်လေး စိတ်အခြေအနေကို တမင်တကာ လုပ်ယူထားခြင်း ဖြစ်သည်။ ထိုကဲ့သို့ မဟုတ်ပါက ငယ်ငယ်ရွယ်ရွယ်နှင့် အဘိုးကြီး ပုံစံ ဖြစ်နေလိမ့်မည်။

ယခု လက်ရှိတွင် စုရှယုက အသက် (၁၃)နှစ်သာ ရှိသေးသည်။ သူ၏ စိတ် အခြေအနေကို လူငယ်တစ်ယောက် ဖြစ်အောင် မထိန်းညှိထားပါက အချိန်တန်၍ စုရှယုနှင့် တွေ့သောအခါ တော်တော်လေး ဂွကျ သွားလိမ့်မည်။

“ဟွာဝမ်ရို... နင်ရော ချင်ယန်က လက်ခံရင် ပျော်မှာလား... ဝမ်းနည်းမှာလား..”

လောင်လန်နာက ပြန်ချေပလိုက်သည်။

ချင်ယန် ဒေါသထွက်နေသော အမူအရာနှင့်.....

“မင်းတို့တွေ အရမ်း ပျင်းနေပြီလား.. အဆင့်သင့် လုပ်ထားကြ.... နာရီဝက်အတွင်း ထွက်မယ်.....”

“ကောင်းပြီ....”

လောင်လန်နာနှင့် ကျန်သည့်လူများက ခေါင်းညိတ် လိုက်ကြသည်။

“လူအိုကြီးရှန်း... ဒေါင်ဖန်ဟွမ်.. ငါတို့ ထွက်သွားတဲ့ အချိန်ကျရင် အိမ်မှာပဲ နေ..... ဘယ်မှ မသွားနဲ့..... မြို့သခင်လဲနဲ့လည်း သဘောတူညီမှု လုပ်ထားပြီးသား.... ဒီအချိန် အတွင်းမှာ လက်ထောက် မြို့သခင် လီဇီယန်ကလည်း နေလကျွန်းပေါ်မှာပဲ ရှိလိမ့်မယ်။ မီးလျှံကြီးဂိုဏ်းက တန်ခိုးရှင်တွေ လာရင်တောင် စိတ်ပူစရာ မလိုဘူး...”

ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့က ခေါင်းညိတ် လိုက်ကြသည်။

"ရှောင်ချင်... စိတ်မပူနဲ့.... ဒီနေရာမှာ ဘာပြဿနာမှ ဖြစ်လာမှာ မဟုတ်ဘူး...."

ကျန်းစွန်းရှန်းက ကတိပေးလိုက်သည်။

"အင်း....."

ချင်ယန်က ခေါင်းညိတ်လိုက်သည်။ ကျန်းစွန်းရှန်းနှင့် ဒေါင်ဖန်ဟွမ်တို့က အဆင့် (၇) တန်ခိုးရှင်များ ဖြစ်ကြပြီး လျူဝမ်ကလည်း ဆယ်ရက်အတွင်း ဓမ္မနယ်ပယ် အဆင့် (၅) သို့ ရောက်ရှိနိုင်သည်။ ထို့အပြင် လဲ့ရှင်းဟန်ဘက်မှ

အကူအညီများကြောင့် ဘာမှ မဖြစ်လာနိုင်ဘူးဟု ချင်ယန်က တွက်ဆထားသည်။